
နှင်းဦး
နေပူရှာလူသတ်မှု
ဝတ္ထုတိုများ

ရသခန်းသာ ရွှေသီရာ

# နေပူရှာလူသတ်မှု
## ဝတ္ထုတိုများ

နှင်းဦး

၂၀ ရာစုအလယ်တစ်ဝိုက် မြန်မာမဂ္ဂဇင်းများမှ
ထင်ရှားခဲ့သော မြန်မာဝတ္ထုတိုဆရာများ၏ လက်ရာမွန်များ
အမှတ်တရစုစည်းသည့် အစီအစဉ်။

ပထမအကြိမ်၊ ၂၀၁၉

နေပူရှာလူသတ်မှု ဝတ္ထုတိုများ။ နှင်းဦး
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၅၁+ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁ ၇ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

## မာတိကာ


| | | |
|---|---|---|
| – | နှင်းဦး၏ ကိုယ်ရေးအကျဉ်း | (က) |
| ၁။ | နေပူရှာ လူသတ်မှု | ၁ |
| ၂။ | ကလေးတို့အဖေ | ၅၄ |
| ၃။ | လာလော့ ရဲဘော် | ၇၉ |
| ၄။ | မုံ့မဟုတ်ပါ | ၁၀၂ |
| ၅။ | မနော်ယမံ လူသတ်မှု | ၁၁၉ |


❐



**နှင်းဦး**
**(၁၉၂၂-၁၉၈၁)**

တောင်ငူဇာတိ။ ၁၉၂၂ ဇူလိုင် ၁၆ ဖွား။ အဖ မန္တလေးစက်ရှင်ရုံး ရုံးအုပ် ဦးမောင်မောင်တင်၊ အမိ ဒေါ်မမလေး။ မွေးချင်းလေးယောက်တွင် အကြီးဆုံး။ အမည်ရင်း ဦးအေးမြင့်။

၁၉၃၀–၃၃ တွင် မေမြို့ စိန့်မိုက်ကယ် ကွန်ဗင့်၌ သူငယ်တန်းမှ သုံးတန်းအထိ၊ ၁၉၃၄–၃၆ တွင် မေမြို့အစိုးရအထက်တန်းကျောင်း၌ သုံးတန်းမှ ငါးတန်းအထိ၊ ၁၉၃၆–၃၇ တွင် မန္တလေး အမျိုးသားအထက်တန်းကျောင်း၌ငါးတန်းမှ ခုနစ်တန်းအထိ၊ ၁၉၃၈–၄၁ တွင် တောင်ငူအမျိုးသား အထက်တန်းကျောင်း၌ ခုနစ်တန်းမှ ဆယ်တန်းအထိ ပညာသင်ခဲ့၏။

ဒုတိယကမ္ဘာစစ်အတွင်းတွင် မီးရထားဌာန လက်မှတ်ရောင်း၊ ထို့နောက် သယ်ယူပို့ဆောင်ရေးအရာရှိအဖြစ် အမှုထမ်းခဲ့၏။

ဒုတိယကမ္ဘာစစ်အတွင်းတွင် အာရှလူငယ်အစည်းအရုံး၊ မန္တလေးအရှေ့နယ် အတွင်းရေးမှူး၊ တော်လှန်ရေးကာလတွင် ဗိုလ်မှူးဗထူးတပ်တွင် ပါဝင်၍ တော်လှန်ရေးလုပ်ငန်းများ ဆောင်ရွက်သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဖဆပလစည်းရုံးရေးမှူး၊ ထို့နောက် ကွန်မြူနစ်ပါတီဝင်၊ ကွန်မြူနစ် ပါတီကွဲသောအခါ ကွန်မြူ

နစ်ပါတီ(ဗမာပြည်)(အလံနီပါတီ) တွင် ပါဝင်ပြီး ၁၉၄၉ တွင် ပါတီမှ ထွက်သည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက **ဒဂုန်**မဂ္ဂဇင်းတွင် 'ရွှေးကောက်ပွဲ' ဝတ္ထုတို၊ **စနေနဂါးနီ** ဂျာနယ်တွင် 'သည်မောင့်လက်သံ'နှင့် **ဂျာနယ်ကျော်** တွင် 'အဝေးမြို့သူ' တို့ကို 'မင်းကေတု' ကလောင်အမည်ဖြင့် ရေး၍ စာပေလောကသို့ဝင်သည်။ ဒုတိယစစ်ပြီးစတွင် **ဝါးတားလူးနှင့် သူမ ဝတ္ထုများ** ထုတ်ဝေသောအခါ 'နှင်းဦး' ကလောင်အမည်စယူသည်။ ဂွဂျာနယ်အယ်ဒီတာ၊ **ပြည်ညွန့်** မဂ္ဂဇင်းဦးစီး၊ ၁၉၄၇–၄၈ တွင်မန္တလေးခရိုင် ပြည်သူ့ရဲဘော်များ ဦးစီးထုတ်ဝေသော **ဘဝသစ်** သတင်းစာအယ်ဒီတာ၊ ၁၉၅၅ တွင် **ဗဟိုရ်စည်** သတင်းစာသတင်းအယ်ဒီတာနှင့် **မြန်မာ့လမ်းစဉ်** သတင်းစာညအယ်ဒီတာ တာဝန်များကိုယူခဲ့၏။ မန္တလေးရုပ်ရှင်အတွက် 'မြတ်ပန်းဝတ်ရည်' နှင့် 'ကိုယ်ပိုင်မေတ္တာ' ဇာတ်ညွှန်းများကို ရေးခဲ့၏။ ၁၉၆၄ မှစ၍ ကာတွန်းများ ရေးသည်။ **ဟံသာဝတီ** သတင်းစာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည်။

**ပဲပြားရွှေကျူ၊ တာသက်တာ** ဝတ္ထုများကို ရေးခဲ့သည်။ ကြည်မြနှင့်တွဲ၍ **မုန်တိုင်းနှင့်ကမ်းသာယာ** ဝတ္ထုကို ထုတ်ခဲ့သည်။

၁၉၈၁၊ ဖေဖော်ဝါရီ ၁၆ တွင် ကွယ်လွန်ခဲ့သည်။ ။



# နေ့ပူရှာ လူသတ်မှု

**"အမှာစာ"**

ရာဇဝတ်မှုအမျိုးအစား များစွာရှိသည့်အနက် လူသတ်မှုသည် အရေးအကြီးဆုံး၊ တာဝန်အလေးဆုံးအမှုမျိုးဖြစ်၏။ ဖြစ်ပွားရန်လည်း ခဲယဉ်းလျက်၊ ဖြစ်ပွားလာခဲ့လျှင်လည်း သက်ဆိုင်ရာ တာဝန်ခံအရာရှိတို့မှာ ဦးနှောက်ခန်းမတတ် ဖြစ်သွားကြရတတ်ပေသည်။

အောက်ပါ အဖြစ်အပျက်ကို ပြန်လည်ရေးသားရာ၌ ကျွန်ုပ်သည် လူသတ်မှုတစ်ခု ပေါ်လာသည့်အခါတွင် အဘယ်မျှ ခေါင်းရှုပ်၍

အဘယ်မျှ သည်းခံရသည့်အပြင်၊ အဘယ်မျှ တာဝန်ကြီးသည်ကို တင်ပြခြင်းပင် ဖြစ်သည်။ အနောက်တိုင်း စုံထောက်ဝတ္ထုများကို ဖတ်၍သော်လည်းကောင်း၊ အနောက်တိုင်း စုံထောက်ဓာတ်ကားများကို ကြည့်၍သော် လည်းကောင်း၊ ထိုစုံထောက်များ တွက်ဆပုံ၊ ယူဆပုံ၊ တွေးခေါ်ပုံများကို အားကျလျက် စုံထောက်မှုများကို အထင်အမြင် သေးလာကြသည်ကို တွေ့ဖူးပေသည်။ ထိုသို့ အထင်အမြင်သေးခြင်း ခံရသည်မှာ အစိုးရသည် လည်းကောင်း၊ ရုပ်ရှင်ပညာသည်များသည် လည်းကောင်း၊ စုံထောက်ဝတ္ထုရေးဆရာများသည် လည်းကောင်း တိုင်းရင်းစုံထောက်မှုများကို လူသိအောင် ထုတ်ဖော်တင်ပြပေးခဲ့ကြခြင်း မရှိဘဲ 'အမေကျော် ဒွေးတော်လွမ်း' ကာ၊ ထိုအနောက်တိုင်း စုံထောက် ရုပ်ရှင်၊ ထိုစုံထောက်စာအုပ်များလောက်ကိုသာ အဟုတ်ကြီးထား၍ ထုတ်ဖော်နေကြသောကြောင့် အဖိုးတန်သော တိုင်းရင်းစုံထောက်မှုများမှာ တိမ်ကောပျောက်ကွယ်နေခဲ့ကြရပေသည်။

မြန်မာပြည်၌ ဖြစ်ပွားခဲ့သော လူသတ်မှု၊ ရာဇဝတ်မှုများသည် အနောက်တိုင်းတွင် ဖြစ်ပွားသော ရာဇဝတ်မှု၊ လူသတ်မှုများနှင့် လုံးဝ မတူဘဲ ကာလ ဒေသ လိုက်၍လည်းကောင်း၊ လူမျိုးလိုက်၍ လည်း ကောင်း၊ အခြေခံပညာနှင့် အသိတရားလိုက်၍ လည်းကောင်း၊ အုပ်ချုပ်ပုံ ဥပဒေလိုက်၍ လည်းကောင်း၊ဓလေ့ထုံးစံနှင့် ပတ်ဝန်းကျင်ကို လိုက်၍ လည်းကောင်း ကွဲပြားခြားနားသည်ကို တွေ့ရှိရပေသည်။

တကယ့်စုံထောက်မှုများကို ပြည်သူလူထုအား သိရှိခွင့်မပေးဘဲ စိတ်ကူးယဉ်စုံထောက်ဝတ္ထုနှင့် ရုပ်ရှင်ကားများဖြင့်သာ စိတ်ကူးယဉ်နေကြ သော ပုဂ္ဂိုလ်တို့သည် တကယ့် စုံထောက်မှုများ၏ အဖိုးတန်ပုံ၊ လေးနက်ခက်ခဲပုံကို မသိကြရဘဲ စိတ်ကူးယဉ် စုံထောက်မှုများနှင့် တစ်ဘာသာစီဖြစ်သည်ကိုလည်း မသိရှာကြပေ။

အောက်တွင် ဖော်ပြလတ္တံ့သော အဖြစ်အပျက်မှာ တကယ့်စုံထောက်မှုတစ်ခုပင်ဖြစ်၍၊ ဖြစ်ပွားသော အမှုအခြေခံအပေါ်တွင် ရဲအဖွဲ့ဝင်များ အဘယ်ကဲ့သို့ ဆောင်ရွက်ရသည်ကို ဖော်ပြထားပေသည်။ သို့သော် ဤဇာတ်လမ်းအတွင်း၌ ဆေးတံကို ခဲကာ ပခုံးကိုတွန့်၍ မျက်စကို ချီရင်း မှန်ဘီလူးနှင့် ကိုက်ကြည့်လိုက်ပြီးလျှင် မီးခိုးများ မှုတ်ထုတ်လိုက်သည့် စုံထောက်အရာရှိမျိုးကား တွေ့ရှိရမည် မဟုတ်ပေ။

အနောက်တိုင်း စုံထောက်ကျော်များကဲ့သို့ အသိုင်းအဝိုင်းတွေ၊ ပစ္စည်းကိရိယာတွေနှင့် စုံထောက်မှုမျိုးလည်း မဟုတ်ဘဲ၊ မြန်မာဆန်ဆန်ဖြစ်ခဲ့သော အမှုတစ်ခုကို မြန်မာဆန်ဆန် စုံထောက်ပုံ၊ အချိတ်အဆက်ကောက်ပုံ၊ တွေးခေါ်ယူဆပုံကလေးများကိုသာ တွေ့ရပေမည်။ သို့သော် စာဖတ်သူသည် အဓိပ္ပာယ်မရှိဟု ထင်ရသော ပုလိပ်အလုပ်၏ သဘောတရားကလေးများကို သိရလိမ့်မည်။ ထို့နောက် ထိုသဘောတရားကလေးများကပင် နောက်ဆုံး အမှုတစ်ခုလုံး၏ ရုပ်လုံးကို ဖော်ပေးခဲ့ပုံ၊ အဓိပ္ပာယ်မရှိဟု ထင်ရသည့် အတိုအထွာ သတင်းအစအနကလေးများမှာ ကောက်နုတ်၊ ဆက်စပ်၊ စုပေါင်း၍ အဖြေရှာယူရပုံများကို စိတ်ဝင်စားဖွယ် တွေ့ရှိရပေလိမ့်မည်။

ဤလူသတ်မှုကို ဖော်ပြရာ၌ ဤရဲအရာရှိ တစ်ယောက်၏ အယူအဆ အတွေးအခေါ်များကို ဖော်ပြခြင်းသာ ဖြစ်၏။ ဤလူသတ်မှုကို အခြားရဲအရာရှိတစ်ဦးက မည်ကဲ့သို့လိုက်မည်ကို မသိသေးပေ။ ရဲအရာရှိတစ်ဦးလျှင် အမှုလိုက်နည်းတစ်မျိုးစီ ရှိကြသည်။ လူသတ်မှုကို ဤအဖြစ်အပျက်၌ ဖော်ပြသကဲ့သို့ စုံထောက်ရသည် ဟူ၍ လေ့နံ့ဓားထစ် မယူဆထားသင့်ပေ။ ဤလူသတ်မှုကို ရေးသားရာ၌ ကျွန်ုပ်သည် မူလရဲအရာရှိ ပြောပြသည့်အတိုင်း မရေးမူဘဲ၊ ဝတ္ထုသဖွယ်၊ ဖတ်ချင့်စဖွယ်ကောင်းအောင် ကလောင်ဉာဏ်နှင့် ဆားဖြူးထားခဲ့သည်မှ

အပ ၎င်း၏ မူလအယူအဆ၊ အတွေးအခေါ်နှင့် အာဘော်များကိုမှ ကျွန်ုပ်က ဖြည့်စွက်ခြင်း၊ လျှော့ပေါ့ခြင်း၊ လုံးဝမပြုခဲ့ဘဲ မူလအတိုင်း ဖော်ပြလိုက်ပါသည်။

**စာရေးသူ**

* * *

## (၁)

### '၁၃ မှတ် ဂါတ်တဲ၊ သို့မဟုတ် 'စိန်ပန်းရဲဌာန'

မန္တလေးမြို့ရှိ ရဲဌာနများကို ရှေးအင်္ဂလိပ်များ အုပ်စိုးစဉ်အခါက ယခုကဲ့သို့ အမည်များမှည့်၍ ခေါ်ဝေါ်ခြင်း မရှိခဲ့ဘဲ နံပါတ်များပေး၍သာ ခေါ်ဝေါ်ခဲ့ကြပေသည်။ ၁၉၅၀ ပြည့်နှစ်လောက်တွင်မှ မန္တလေးသို့ ခရိုင်ရဲဝန်ကြီးအဖြစ် ပြောင်းရွှေ့လာသော ဦးခင်မောင် (ယခု မန္တလေး ရဲအတတ်သင် တက္ကသိုလ် ကျောင်းအုပ်ကြီး) က ရှေးအခေါ်အဝေါ် နံပါတ်များအစား ဌာနများကို အမည်များပေး၍ ခေါ်ဝေါ်စေခဲ့ပေသည်။ ထို့ကြောင့် ၎င်းလက်ထက်မှစ၍ ၁၃ မှတ်ဌာနသည် စိန်ပန်းရဲဌာနအဖြစ်သို့ ရောက်ရှိလာခဲ့ရပေသည်။

စိန်ပန်းရဲဌာနကား စိန်ပန်းအရပ်ကို အမှီပြုကာ မှည့်ခေါ်ထားသော အမည်ဖြစ်၍ မန္တလေးရှိ ရဲဌာနကြီးများအနက်တွင် အကြီးလေးဆုံးသော ရဲဌာနကြီး တစ်ခု အပါအဝင် ဖြစ်လေသည်။ စိန်ပန်းရဲဌာန အပိုင်နယ်မြေကား အခြားဌာနအပိုင်နယ်မြေ (Jurisdiction) ထက်များစွာ ကျယ်ပြန့်၊ ကြမ်းတမ်း၊ ရှုပ်ထွေး၍ တာဝန်ကြီးလှပေသည်။

အရက်ဆိုင်၊ အရက်ဖို၊ ဘိန်းခန်း၊ မိန်းမရှင်၊ နွားသတ်သမား အများဆုံးတည်ရှိရာ ကြက်ဝိုင်း ဖဲဝိုင်း ကစားဝိုင်း အများဆုံး ဖြစ်ပွားရာ နယ်မြေကြီး တစ်ခု ဖြစ်၏။ ၎င်းအပိုင်တွင် သစ်စက်ပိုင်၊ မြေပိုင်



သူဌေးသူကြွယ်၊ ကုန်သည်၊ အစိုးရမှစ၍ အောက်တန်းအလွှာ ကူလီ၊ လှည်းသမား၊ အလုပ်သမားအထိ ထိုလူတန်းစားမျိုးစုံ၊ လူမျိုးပေါင်းစုံ နေထိုင်ကြသည့်ပြင်၊ နိုင်ငံရေးသမား ရောင်စုံလည်း ထွက်ပေါ်လာရာ ဒေသကြီးဖြစ်ပေ၏။ မန္တလေးဝယ် ရဲဘော်ဖြူနှင့် အလံဖြူနိုင်ငံရေးသမား သုံးပုံနှစ်ပုံလောက်ကား အဆိုပါ စိန်ပန်းအပိုင်က မွေးဖွားခဲ့ပေသည်။

မန္တလေး ရေဝတီ 'ဂေါဝိန်ဆိပ်' ကမ်းကား အဆိုပါ ရဲဌာနအပိုင်တွင်ပင် ပါဝင်၍ ဌာနမှအနောက်သို့ တစ်ဖာလုံသာသာမျှ သွားလျှင် ရောက်ပေ၏။ အထက်အောက် သွားလာစုန်ဆန်သမျှ သင်္ဘောများ၊ ကုန်လှေများ၊ သမ္ဗန်များ၊ ငှက်များ ဆိုက်ကပ်ရာ၊ ရပ်နားရာ၊ ကုန်ဖလှယ်ရာ အချက်အချာ ဆိပ်ကမ်းကြီး တစ်ခုဖြစ်သည့်အတွက် အထက်မြန်မာပြည်၏ အရေးအကြီးဆုံး ဖြစ်ပေသည်။ ထို့ကြောင့်လည်း လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံကို တွေ့ရှိရပြီး လူဆိုးလူကောင်း ခွဲခြားရန် များစွာအရေးကြီးသော ဆိပ်ကမ်းကြီး

တစ်ခု ဖြစ်ခဲ့ရပေသည်။

အထက်အောက် စုန်ဆန်သွားလာသမျှသော သင်္ဘောများ၊ ကုန်လှေများ ရပ်နားဆိုက်ကပ်ရာ ဆိပ်ကမ်းကြီးတစ်ခု ဖြစ်သည့် အလျောက် ကုန်ကောင်း၊ ကုန်သန့်မဟုတ်သည့် ဘိန်း၊ လော်စာနှင့် အရက်သေစာ စသည့် ဥပဒေမဝင်သည့် ပစ္စည်းများ အဝင်အထွက် အများဆုံးလည်း ဖြစ်၏။ စစ်ကိုင်း၊ မုံရွာ၊ သပိတ်ကျင်း စသော ဒေသများမှ တောခိုအလံဖြူ၊ အလံနီ၊ ရဲဖြူတို့နှင့် ၎င်းတို့ဆက်သားအစ အဝယ်တော်အဆုံး ဝင်ထွက်သွားလာရာ အပေါက်ဝကြီး တစ်ခုလည်း ဖြစ်ခဲ့ပေသည်။

ဧရာဝတီကမ်းရိုး တစ်လျှောက်တွင်ကား ဧရာဝတီ သင်္ဘောကျင်း အလုပ်သမား စခန်းများ၊ ဘီအိုစီ အလုပ်သမားရုံများ၊ အစိုးရ စက်ရုံနှင့် ဂိုဒေါင်များ၊ သစ်စက်၊ သံရေကြိုစက် စသည်များ ရှိပေသေးရာ၊ အထက်ပါ ဌာနအပိုင်ကို တာဝန်ခံ စီမံအုပ်ချုပ်နေရသော ဌာနပိုင် တစ်ဦး၏ တာဝန်ကား အဘယ်မျှ ကြီးလေးလှမည်ကို စာဖတ်သူတို့ စဉ်းစားနိုင်ပေလိမ့်မည်။ ဆိပ်ကမ်းလုံခြုံမှု၊ သာယာမှု၊ ငြိမ်ဝပ်ပိပြားမှုကို မျက်ခြည်မပြတ် အကဲခတ်လျက် စောင့်ကြပ်နေရသည်အတွင်းက ရာဇဝတ်မှု ပပျောက်ရေး တာဝန်များကို မလစ်ဟင်းရအောင် ဆောင်ရွက်နေရပေသေးသည်။

ကျွန်ုပ်ကား အထက်စိန်ပန်းရဲဌာန၏ တာဝန်ခံပြီး အုပ်ချုပ်ခဲ့ရသော ဌာနာပိုင် တစ်ဦး ဖြစ်ခဲ့ပေသည်။ ဌာနသို့ရောက်ရှိ၍ တစ်လမျှအကြာတွင်ပင် ကျွန်ုပ်သည် အောက်ဖော်ပြပါ လူသတ်မှုကို စတင် ရင်ဆိုင်ရပေတော့သည်။ အသစ်စက်စက် ပူပူနွေးနွေး ဌာနာပိုင် တစ်ဦး ဖြစ်သောကြောင့် တုန်လှုပ်သွားစေခဲ့ပေသည်။

မနက်မိုးလင်းလာပြီဆိုလျှင် အမှုသည်ကို ဂါတ်တဲပေါ်၌

အမြဲတွေ့ရသော ဌာနတွင် မမျှော်လင့်သော ထိုလူသတ်မှု တိုင်ချက်ကို ပထမဆုံး ကြားလိုက်ရပေသည်။ လူသတ်မှုကား အမှုကြီးများ အပါ အဝင် ရာဇဝတ်မှုမျိုးဖြစ်၍ ပေါ်ခဲလေမျှသော အမှုမျိုးလည်း ဖြစ်သော ကြောင့် ရဲအရာရှိတစ်ဦးအနေဖြင့် ရင်လေးစရာပင် ဖြစ်သော်လည်း မိမိအရည်အချင်းကို ပြရန်အတွက်လည်း များစွာကောင်းသော အမှုမျိုး ဖြစ်ပေသည်။

လူသတ်မှုကား ကျွန်ုပ်မကျွမ်းကျင် မပိုင်နိုင်သော အမှု ဖြစ်၏။ ယခင်အခါများက သုံးလေးမှုကို ကိုင်ခဲ့ဖူးသော်လည်း ၎င်းအမှု များမှာ လူသတ်သမား၏ မပိရိမှုများကြောင့် ဦးနှောက်မသုံးလိုက်ရဘဲ အလွယ်တကူနှင့်ပင် ဖမ်းဆီးရမိခဲ့ပေ၏။ နက်နက်နဲနဲ မတွေးတောခဲ့ရဘဲ တောင်တစ်ခွန်း မြောက်တစ်ခွန်း မေးရုံဖြင့် ပေါ်ပေါက်ခဲ့သည်ချည်း ဖြစ်ပေသည်။

ယခုဖော်ပြလတ္တံ့သော လူသတ်မှုကား ကျွန်ုပ် တွေ့ခဲ့ဖူးသမျှ လူသတ်မှုများထဲတွင် အနက်နဲဆုံး အခက်ခဲဆုံးဖြစ်၍ စိတ်ဝင်စားဖွယ် ရာလည်း အများဆုံးပါရှိနေကာ ကျွန်ုပ်အားလည်း များစွာသော သင်ခန်း စာများ ပေးခဲ့ပေသည်။

ထိုနေ့က (၁၀) နာရီထိုးသည့်တိုင်အောင် နေမပွင့်ဘဲ လောက ဓာတ်တစ်ခုလုံးကို မြူနှင်းများက သိုင်းခြုံထားလေသည်။ သစ်ရိပ်၊ ဝါးရိပ် အလွန်ကောင်းသော ဌာနပတ်ဝန်းကျင်သည် ပိုမိုမှိုင်းမှုန်လျက် ရှိနေလေ၏။ အအေးဒဏ်မှာလည်း အခါတိုင်း နံနက်ခင်းများထက် အဆများစွာ ပို၍နေသည်ဟု ထင်ရ၏။ ကျွန်ုပ်လည်း အအေးဒဏ် ကြောင့် လည်းကောင်း၊ ညဦးက ဌာနရှေ့ရှိ ဘီအိုစီကုမ္ပဏီမှ ဓာတ်ဆီ ပုံးလွတ်များ ခိုးမှုကို လိုက်နေရသဖြင့်၊ ညဥ့်တစ်ချက်တီးကျော်လောက်မှ အိပ်ခဲ့ရသောကြောင့် လည်းကောင်း၊ အခါတိုင်းကဲ့သို့ ဌာနသို့ စောစော

ဆင်းမလာနိုင်ဘဲ အိမ်ပေါ်တွင် ခွေနေခိုက် ဖြစ်ပါသည်။

"ဖိုလ်ကြီး... ဗိုလ်ကြီး... ဗိုလ်ကြီး နိုးပြီလား"

ထိုအသံမှာ အိမ်အောက်မှအသံ ဖြစ်၏။ ကျွန်ုပ်သည် ထို အသံကို မှတ်မိ၏။ ကျွန်ုပ်ဌာနမှ လူဆိုးကြည့် ကိုစိန်ခိုအသံ ဖြစ်လေသည်။

"ဟေ... အေး စိန်ခိုလားဟေ့၊ ဘာတုံး"

ကျွန်ုပ်လည်း စောင်ကိုခွာ၍ ကမန်းကတန်း ထရင်းက ပြန်ထူးလိုက်၏။

"ဟုတ်ကဲ့ ကျွန်တော် စိန်ခိုပါ၊ နေပူရွာတောင်ဘက်မှာ လူသေ အလောင်းတစ်ခု တွေ့နေလို့ ဗိုလ်ကြီး"

ကျွန်တော် မျက်လုံးပြူးသွားလေ၏။ လုံချည်ကို ကပျာကယာ ပြင်ဝတ်ပြီး အပြင်သို့ ထွက်လာခဲ့၏။

"ဘာကွ အလောင်းတွေ့တယ် ဟုတ်လား၊ ဘယ်သူလဲ ဘယ်ကလဲ"

"နေပူရွာတောင်ဘက် အင်းထဲမှာ အရက်ချက်နေတဲ့ ချစ်ကြီး ဆိုတာပဲ"

"မင်း သွားကြည့်ပြီးပြီလား"

"မကြည့်ရသေးဘူး ခင်ဗျ၊ ခု တိုင်ချက်လာဖွင့်တာနဲ့ ဗိုလ်ကြီးကို လာပြောတာပဲ"

"ဘယ်လိုဖြစ်တာလဲ ဒဏ်ရာရှိသတဲ့လား"

"မပြောတတ်သေးဘူး ခင်ဗျ၊ တိုင်ချက်ပေးနေတုန်းပဲ"

"အေး...အေး၊ ငါ အခုလာခဲ့မယ်၊ မျက်နှာသစ်လိုက်ဦးမယ်။ လိုမယ် ထင်တဲ့ အချက်ကလေးတွေ မင်း မေးထားနှင့်"

ကျွန်ုပ်လည်း သွားပင်မတိုက်၊ မျက်နှာကို ခပ်မြန်မြန် သစ်ပြီး၊

ကုတ်အင်္ကျီကို ထပ်ဝတ်ကာ ဌာနပေါ်သို့ ပြေးတက်လာခဲ့ပါသည်။ ဌာနပေါ်တွင်ကား နေပူရွာသူကြီး ဦးကိုကြီးနှင့် မိန်းမ တစ်ယောက် တိုင်ချက်ပေးနေသည်ကို တွေ့ရလေ၏။

"အိပ်လှချည့်လား၊ ညက အတော် အိပ်ပျက်ပုံရတယ်" ဟု ဦးကိုကြီးက ဆီး၍ မေးလေ၏။

"ဟုတ်ကဲ့၊ ၁ နာရီမှ အိပ်ရတယ်။ ဆိုစမ်းပါဦး ဘယ်လို ဖြစ်တာတုံး"

"ဘယ်လိုဖြစ်တယ် ဆိုတာတော့ မသိဘူး၊ သေနေတာ တွေ့တာပဲတဲ့"

"သေတာတော့ ဟုတ်ပြီလေ၊ ဘယ်လိုသေနေတာလဲ၊ ကိုယ် ပေါ်မှာ ဒဏ်ရာရှိသလား"

"ဒါတော့ မသိသေးဘူး၊ ဟိုဟာ သူ့မိန်းမပဲ။ သူက လာပြော လို့ ကျွန်တော်လည်း လိုက်လာခဲ့တာပဲ။ သူ့အပြောကတော့ အရက်ချက် တဲ့ မီးဖိုထဲမှာ မှောက်ရက် သေနေတာပဲတဲ့။ အထက်ပိုင်း တစ်ပိုင်းလုံး တော့ မီးကျွမ်းနေပြီတဲ့"

ကျွန်ုပ်လည်း ထိုမိန်းမကို ကြည့်လိုက်၏။ အသက်ကား ၂၀ သာသာခန့် ထင်ရ၍ အလုံးအပေါက် ခပ်ကောင်းကောင်း ဖြစ်၏။ သူသည် ကျွန်ုပ်တို့အား မကြည့်ဘဲ မျက်နှာသုတ်ပဝါငယ်နှင့် မျက်နှာကို အုပ်ရင်း ငိုနေလေ၏။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"အေးစိန်ပါ"

"ဘယ်လို မြင်ခဲ့တယ်ဆိုတာ သိစမ်းပါရစေ"

"မီးဖိုထဲ အလျားမှောက်ရက် သေနေတာပဲရှင့်"

"ဘယ်အချိန်က တွေ့သလဲ"

"ကျွန်မ ထမင်းပို့သွားတဲ့အချိန်ကရှင့်"

"ဘယ်အချိန်လဲ"

"ခပ်စောစောပဲ၊ ကျွန်မ မပြောတတ်ဘူး"

"ဘယ်အချိန် ချစ်ကြီး အရက်ဖိုသွားသလဲ"

"ခါတိုင်းအချိန်ပဲရှင့်"

"ခါတိုင်းအချိန်မှ တို့မသိပဲ"

"လင်းလင်းချင်း သွားတာပဲရှင့်၊ တုံးခေါက်ပြီး ခဏနေ ထွက်တာပဲ"

တုံးခေါက်သောအချိန်ကား ၄ နာရီခွဲလောက် ဖြစ်၏။ ချစ်ကြီး ထွက်မည့်အချိန်သည် ၅ နာရီမထိုးမီလောက် ဖြစ်ရပေမည်။

"မင်း ထမင်းပို့သွားတဲ့အချိန် မမှတ်မိဘူးလား"

"မမှတ်မိဘူးရှင့်၊ ၈ နာရီ ၉ နာရီလောက်နေမှာပဲ"

"မင်းရောက်တော့ သေနေတာ တွေ့တာပဲလား"

"ဟုတ်ကဲ့"

"မီးဖိုထဲမှောက်ရက်ပေါ့"

"ဟုတ်ကဲ့..."

"မီးဖိုက ဘယ်လောက်ကြီးသလဲ"

"အရက်ဖိုပဲ အတော်ကြီးတယ်၊ ခေါက်ဆွဲဖိုပေါ့ လူတစ်ယောက် ကောင်းကောင်း ဆန့်တယ်" ဟု ဦးကိုကြီးက ဝင်ဖြေလိုက်၏။

"မင်း ဘယ်မှာနေသလဲ"

"နေပူရွာမှာ နေပါတယ်"

"အရက်ဖိုနဲ့ ဘယ်လောက်ဝေးသလဲ"

"အတော်ဝေးပါတယ်၊ ကျွန်မလည်း မပြောတတ်ဘူး"

"သုံးဖာလုံသာသာလောက် ဝေးပါတယ်" ဟု သူကြီးက

ဝင်ဖြေလိုက်၏။

"ကျုပ်ကလည်း နယ်ကောင်းကောင်း မကျေသေးဘူးဗျ သူကြီးရဲ့၊ ကိုင်းဗျာ အသေအချာ သိရအောင် သွားကြည့်ကြရအောင်။ ကိုင်း စာရေးကြီး၊ အမှုမဖွင့်နဲ့ဦး နေ့စဉ်သာမှတ်ထားဦး (General Diary)။ ကျုပ် ပြန်လာမှ အမှုဖွင့်ကြတာပေါ့ ဟုတ်လား။ ကိုင်းလာဟေ့ စိန်ခို တို့လိုက်ကြည့်ရအောင်၊ အမှုထမ်း နှစ်ယောက်လောက်လည်း ခေါ်ခဲ့"

ကျွန်ုပ်တို့လည်း အချင်းဖြစ်ပွားရာဒေသသို့ စက်ဘီးများနှင့် ထွက်လာခဲ့ကြပါ၏။ နေပူရွာကား ဌာနတောင်ဘက်သို့ ၁ မိုင်သာသာ နှစ်မိုင်နီးပါးမျှ သွားရ၏။ သွားလမ်းကား ကျောက်လမ်းမဟုတ်၊ ဖုန်ထူလှသော မြေလမ်း လှည်းလမ်းများ ဖြစ်၏။ အချို့နေရာများတွင် စက်ဘီးမစီးနိုင်သဖြင့် ဆင်း၍ တွန်းရပေသည်။ နေပူရွာသို့ ကျွန်ုပ်တို့ ရောက်သွားသောအချိန်၌ နေအတော်ကလေး ပွင့်လာပြီဖြစ်ပေသည်။

ထိုအချိန်ထိ ကျွန်ုပ်သည် ထိုအမှုကို လူသတ်မှုဟု မယူဆသေးပေ။ လူသတ်မှုအဖြစ်နှင့် တိုင်ချက်ဖွင့်လိုသူက ဖွင့်နေသော်လည်း အမှုလက်ခံရမည့် အရာရှိအနေဖြင့် လူသတ်မှုဟု လက်မခံနိုင်သေးပေ။ ဤအမှု၌ လူသေအလောင်းကို မမြင်တွေ့ မစစ်ဆေးရသေးဘဲ တစ်စုံတစ်ယောက်က သတ်သွားသည်ဟု မယူဆနိုင်သေး။ မီးဖိုထဲ မှောက်လျက်ကျ၍ သေနေသည်ဟုဆိုရကား သေသူသည် သူ့အလိုအလျောက်လဲကျလျှင်လည်း ဖြစ်နိုင်သည်။ အမူးလွန်၍လည်း ဖြစ်နိုင်သည်။ အိပ်ငိုက်၍လည်း ဖြစ်နိုင်သည်။

နေပူရွာကား မြို့နှင့်နီးသောရွာဖြစ်သဖြင့် အိမ်ခြေလေးရာခန့်ရှိလေ၏။ ရွာအရှေ့တောင် တစ်ခွင်တွင်ကား အိမ်ခြေယာခြေ ဟူ၍မရှိဘဲ ကျယ်ပြန့်လှသော ကွင်းပြင်ထီးထီးကို မြင်ရ၏။ ထိုကွင်းပြင်ကား

တောင်သူလုပ်သူများအဖို့ အဖိုးတန်လှသော မြေဩဇာနှင့် ပြည့်စုံလှပေသည်။ ထိုကွင်းပြင်တွင် အချို့ကား အုတ်ဖုတ်၏။ အချို့ကား ကြက်သွန်၊ ပဲ၊ နှမ်း စသည်များ စိုက်ပျိုးကြ၏။ အရက်ချက်၍ အသက်မွေးသူများသည် ယစ်မျိုးနှင့် ပုလိပ်ကို ကြောက်သဖြင့် မိမိရွာတွင် မိမိ မချက်ဘဲ အဆိုပါ ကွင်းပြင်တွင် ထွက်၍ သေားကင်းရန်ကင်း ချက်တက်ကြလေ၏။ နေပူရွာ၏ အရှေ့စူးစူးတွင်ကား တရုတ်သင်္ချိုင်းတစ်ခုရှိ၍ မကြာသေးမီကပင် ထိုသင်္ချိုင်းအတွင်း အုတ်ဂူများကို တူးဖော်၍ အရိုးအိုးများကို ထုတ်ကာ စိန်ရေအဖြစ် အသုံးပြုမှုဖြင့် နေပူရွာမှပင် အရက်ချက်သူ တစ်ဦးအား ဖမ်းဆီးခဲ့ရသေးပေသည်။

နေပူရွာမှ တောင်ဘက်သို့ ကြည့်လိုက်လျှင်ကား နတ်ရွာကုန်း၊ ထန်းတော၊ လက်ရွေး စသော ရွာများကို ခပ်ရေးရေး မြင်ရ၏။ ထိုရွာများသည် ဧရာဝတီ မြစ်ကမ်းရိုးတန်း တစ်လျှောက်တွင် တည်ထားသော ရွာများ ဖြစ်ကြ၏။ အဆိုပါ ရွာများသို့ သွားလမ်းကား နေပူရွာမှ တောင်သို့စူးစူး တာရိုးဘေးမှ ဖောက်ထားသော လှည်းလမ်းအတိုင်း သွားရပေသည်။

အသတ်ခံရသော ကိုချစ်ကြီးကဲ့သို့ပင် ထိုဒေသတစ်ဝိုက်တွင် အခြားအရက်ချက်သူ သုံးလေးဦးခန့် ရှိသေး၏။ သို့သော် တစ်ဖိုနှင့် တစ်ဖိုကား မနီးကပ်လှဘဲ သုံးလေးဖာလုံစီမျှ ဝေးကြလေ၏။ ထိုသုံးလေးဦးမှာလည်း နေပူရွာမှချည်းမဟုတ်ဘဲ ထိန်ပင်ကန်၊ နတ်ရွာကုန်း စသော ရွာများမှလည်း ပါဝင်ကြလေသည်။

နေပူရွာမှ အရှေ့တောင် သုံးဖာလုံမျှ သွားမိသောအခါ ချစ်ကြီး၏ တဲကို တွေ့ရလေ၏။ ချစ်ကြီး၏ တဲကို ရောက်ရန်ကား မလွယ်ကူ။ စက်ဘီးများနှင့်သွား၍ မဖြစ်။ လူတစ်ရပ်သာသာ မြင့်သော ကိုင်းတောများကို တစ်ခါတစ်ရံ ဖြတ်သွားရ၏။ လှည်းလမ်းမကြီးမှ ခွဲထွက်သွားသော လူသွားလမ်းကလေးအတိုင်း သွားရပေသည်။

ချစ်ကြီး၏ အရက်တဲကား လမ်းဘေး အကြော်ဆိုင်သာသာခန့် ရှိ၍ တောင်ဘက်နှင့် အနောက်ဖက်တွင်သာ အကာအရံရှိကာ အရှေ့ဘက်နှင့် မြောက်ဖက်တွင်ကား မရှိချေ။ ထိုတဲသို့ မရောက်ခင်ကပင် လူသေ မီးလောင်နံ့ကို ရှူရှိုက်ရလေ၏။ ကျွန်ုပ်သည် တဲမရောက်ခင်ကပင် လမ်းတစ်လျှောက်လုံး ပတ်ဝန်းကျင်ကို အကဲခတ်လာခဲ့၏။ တဲပတ်ဝန်းကျင်ကား လုံခြုံဆိတ်ငြိမ်လှ၏။ လူဝင်လမ်းကား ကျွန်ုပ်တို့ ဝင်လာသော လမ်းတစ်လမ်းသာရှိ၍ ထိုလမ်းသည် နတ်ရွာကုန်းနှင့် နေပူရွာသွားလှည်းလမ်းသို့ ပေါက်ပေသည်။ တဲပတ်ပတ်လည်တွင်ကား လူတစ်ရပ်သာသာ မြင့်သော ကိုင်းပင်များ ဝိုင်းရံလျက် ရှိလေသည်။ ကိုချစ်ကြီး အလောင်းကား မီးဖိုထဲတွင် မှောက်လျက်သား တွေ့ရလေ၏။ ခါးအထက်ပိုင်းကား မီးကျွမ်းနေလေပြီ။ အရက်ချက်သော ဖိုကား ခေါက်ဆွဲဆိုင်မီးဖိုများကဲ့သို့ မီးကြီးမီးအား ကောင်းရ၏။ ချစ်ကြီး ကျနေပုံမှာ အလိုအလျောက် အိပ်ငိုက်၍ မီးပုံထဲ ကျသွားဟန် ရှိလေ၏။ ဒဏ်ရာဒဏ်ချက်ကိုကား မမြင်ရတော့။ မီးဖိုဘေး တစ်ဝိုက်တွင်လည်း သွေးစ၊ သွေးန ဟူ၍ ဘာတစ်ခုမျှ မရှိ။ သို့သော် ပြာပုံနှင့် ပတ်ဝန်းကျင်တွင်ကား ခြေရာပေါင်းများစွာ ထပ်နေသည်ကို တွေ့ရလေ၏။ ချစ်ကြီးကား ခုံဖိနပ်စီးထား၍၊ တွေ့ရသော ခြေရာအချို့ကား ဖိနပ်မပါသော ခြေရာများ ဖြစ်ကြ၏။ ခြေရာ အချို့ကား သာမန်ခြေရာများထက် ကြီးလေသည်။

ကျွန်ုပ်သည် ထိုခြေရာမှအပ အခြား သဲလွန်စကို မတွေ့ရ၊ ခြေရာကိုသာ မတွေ့ရက သူ့အလိုအလျောက် မီးပုံထဲကျသည် ဟူ၍ သာလျှင် မှတ်ယူရတော့မည် ဖြစ်၏။ သို့သော် ထိုခြေရာများကို တွေ့ရှုံဖြင့် တစ်စုံတစ်ယောက်က သတ်သည်ဟု တထစ်ချ မယူနိုင်သေးပေ။ ထိုသို့တွေးနေစဉ် မနေ့ညက ခန္ဓဲကုန်းတွင် ပွဲရှိသည်ကို သွား၍

သတိရသဖြင့်…

"ဒါနဲ့… မင့်ယောက်ျား… မနေ့ညက ပွဲများသွားသေးသလား" ဟု အေးစိန်အား မေးလိုက်မိ၏။

"သွားတယ်ရှင့်၊ တစ်ချက်ခွဲလောက်မှ ပြန်လာတယ်"

"ပွဲကြည့်ပြီး အိပ်ငိုက်များ ကျသွားတာလားဟယ်"

"မပြောတတ်ဘူးရှင့်"

ထိုသို့ပြောနေစဉ် တဲအနောက်ဖက်ဆီမှ စိန်ခို ဝင်လာပြီး ကျွန်ုပ်အား မျက်ရိပ်ပြ၍ခေါ်သဖြင့် ကျွန်ုပ်လည်း သူ့ဆီသို့ ထွက်လာခဲ့ရာ စိန်ခိုက ထင်းပုံကို မေးငေါ့၍ပြလိုက်ပါ၏။

"ဟိုထင်းတစ်ချောင်းမြင်လား ဗိုလ်ကြီး၊ အဖျားမှာ သွေးပေ နေတယ်…"

"အေး… ဟုတ်သားပဲ…"

ကျွန်ုပ်လည်း ထိုထင်းချောင်းကို ကပျာကယာ ကောက်ယူလိုက်သည်။ ထင်းချောင်းမှာ နှစ်ပေသာသာမျှရှည်၍ တစ်ကျပ်လုံးခန့်ရှိ ထနောင်းသား ဖြစ်လေ၏။ အဖျားနားတွင်ကား သွေးများ စိုနေလေသည်။ သွေးမှာ ကောင်းစွာ မခြောက်သေးပေ။

"အေး… ဒီထင်းချောင်းကို သိမ်းခဲ့"

ကျွန်ုပ်လည်း လူသေ မီးလောင်နံ့ကို မခံနိုင်သဖြင့် တဲပြင်သို့ ထွက်လာခဲ့ရ၏။ ခပ်လှမ်းလှမ်းနေရာသို့ ရောက်သောအခါတွင်မှ မအေးစိန်ကို ခေါ်၍–

"ချစ်ကြီးဆီကို ဘယ်သူလာတတ်သလဲ…"

"ဒီနားတစ်ဝိုက်ကတော့ သူ့တဲ လာကြ သွားကြတာပဲ"

"ဒီနားတစ်ဝိုက်ကဆိုတာ ဘယ်သူတွေ ရှိသေးလို့လဲ"

"တောင်နားမှာ ဘခင်တို့၊ သန်းဖေတို့တဲတွေ ရှိပါသေးတယ်"

"သူတို့ အမြဲလာတတ်သလား"

"အမြဲမလာပါဘူး တစ်ခါတလေပါ။ ကိုချစ်ကြီးကလည်း သူတို့ဆီ သွားတတ် လာတတ်ပါတယ်"

"ဒီက ဘယ်လောက် ဝေးသလဲ"

"တစ်တိုင်ဝက် မရှိတရှိလောက် ဝေးပါတယ်"

ထိုအခိုက် စိန်ခို ရောက်လာလေ၏။

"ကိုင်း... စိန်ခို အလောင်းကို လှည်းနဲ့ ဆေးရုံပို့ကွာ ဟုတ်လား။ လာ သူကြီး ခင်ဗျားနဲ့ကျုပ် ရွာခဏ ပြန်လိုက်ကြဦးစို့"

သူကြီးနှင့် ထွက်အလာတွင် နောက်မှ အေးစိန်၏ အော်ဟစ်ငိုကြွေးသံကို ကြားလိုက်ရလေ၏။ ကျွန်ုပ်ကား စကားမပြောဘဲ လမ်းပေါ်တွင် ထင်နေသော ခြေရာများကိုသာ ဂရုစိုက်လာခဲ့မိ၏။ ခြေရာများသည် တစ်လှမ်းနှင့်တစ်လှမ်း အတော်ကျဲသည်ကို တွေ့ရ၏။

"ဗိုလ်ကြီး... ဘယ်လိုထင်သလဲ" ဟု ဦးကိုကြီးက မေးလိုက်၏။

"တပ်အပ်တော့ မထင်တတ်သေးဘူး၊ ဒါပေမဲ့ တစ်ယောက်ယောက် သတ်တာနဲ့တော့ တူတယ်၊ ဟိုမီးဖိုဘေးက ခြေရာတွေနဲ့ သွေးစွန်းနေရစ်တဲ့ ထင်းချောင်းကတော့ စဉ်းစားစရာပဲ။ အလောင်းနဲ့ ပတ်သက်ပြီး ဆေးရုံကပေးမယ့် ဆေးစာကို စောင့်ကြည့်ရသေးတာပေါ့။ ဟိုအုပ်ခွဲမှာ ဒဏ်ရာ တွေ့ချင်တွေ့မယ်၊ အဲဒီအုပ်ခွဲကို အသေအချာ ကြည့်ပေးဖို့ ဆရာဝန်ကြီးကို စာရေးရမှာပဲ... ဒါနဲ့ ဒီနယ်ထဲမှာ အရက်ချက်တဲ့လူ ဘယ်နှဦးရှိသလဲ"

"လေးဦးလောက်ရှိပါတယ်"

"ချစ်ကြီးတဲနဲ့ နီးတဲ့လူ ဘယ်နှဦးရှိမလဲ"

"သုံးဦးလောက် ရှိမယ် ထင်ပါတယ်။ ကျွန်တော်လည်း

အသေအချာ မသိဘူး"

"နေ့လယ်လောက်ကျတော့ အေးစိန်စောစောက ပြောတဲ့ နာမည်တွေခေါ်ပြီး ဂါတ်ကို လာခဲ့စမ်းပါဗျာ ဟုတ်လား၊ နည်းနည်း ပါးပါး တောက်စမ်းကြည့်ရအောင်"

"ညနေလောက် ကျွန်တော် ခေါ်လာခဲ့ပါမယ် နေ့လယ်ဆိုရင် ဒီကောင်တွေ ရှိမှာမဟုတ်ဘူး"

"ဟုတ်ကဲ့ ညနေအကောင်းသားပဲ... ဒါနဲ့ ချစ်ကြီးအကြောင်း ခင်ဗျား သိသလောက် ပြောစမ်းပါ"

"ဒီကောင်က လူဆိုးပဲ ဗိုလ်ကြီးရ၊ ထောင်က လွတ်လာတာမှ ဘာကြာသေးသလဲ၊ ၅ လလောက်ရှိဦးမှာ"

"ဘာမှုနဲ့ ကျတာလဲ"

"ရေဝတီဒေါက်ယဒ် (**Dock yard**) က ပစ္စည်းခိုးမှုနဲ့ ကျတာ၊ ပြီးတော့ ရှေးတုန်းကလည်း ကျဖူးသေးသလို ကြားဖူးတယ်"

"ခင်ဗျားရွာသားပဲ မသိဘူးလား"

"ကျွန်တော် ရွာရောက်တာ ၁ နှစ်လောက် ရှိသေးတယ်၊ အရင်က ဒေါနခြံဘက်မှာနေတာတဲ့"

"ဒီကောင့် အပေါင်းအသင်းတွေ မသိဘူးလား"

"အပေါင်းအသင်းကတော့ အတော်စုံတာပဲ၊ သူ့အကြောင်း ကိုစိန်ခို ကောင်းကောင်း သိပါတယ်"

"ဟုတ်တယ်၊ ဂါတ်ရောက်မှ မေးရဦးမယ်"

ကျွန်ုပ်လည်း သူကြီးအိမ်တွင် ၅ မိနစ်မျှ နားပြီး ဌာနသို့ ပြန်လာကာ အလောင်းနှင့် ပတ်သက်၍ သိချင်သော အချက်များကို ရေးသားကာ ဆေးရုံသို့ ပို့လိုက်ပါသည်။ ကျွန်ုပ်သည် သူကြီး မေးစဉ်က မတင်မကျ ဖြေခဲ့သော်လည်း လူသတ်မှု ဟူ၍ကား ဆုံးဖြတ် ထားလိုက်ပြီ ဖြစ်ပါသည်။ ကိုချစ်ကြီး မီးဖိုထဲကျနေပုံသည် မတော်တဆ

ကျပုံမျိုး မဟုတ်ဘဲ တစ်စုံတစ်ယောက်က အသေအချာ ထိုးထည့်ထားပုံမျိုး ဖြစ်သည်။ မီးထဲမပါသေးသည့် အောက်ပိုင်း အနေအထားများသည် မတော်တဆကျပုံမျိုးနှင့် မတူပေ၊ ခြေနှစ်ဖက်စလုံးသည် ဆန့်တန်းလျက် ရှိသည်။ ခြေရာများ အနေအထားမှာလည်း မူမမှန်ဘဲ ရှုပ်ယှက်ခတ်လျက် ရှိသည်။

ချစ်ကြီး ဘေးခပ်လှမ်းလှမ်းတွင် အရက်ပုလင်း ၅ လုံး တွေ့ရရာ၊ ၃ လုံးလဲလျက် အရက်များ ဖိတ်နေသည်။ ပတ်ဝန်းကျင် အနေအထားကား မူပျက်လျက် ရှိပေသည်။ ကျွန်ုပ်သည် ဂါတ်သို့ ပြန်ရောက်သောအချိန်တွင် လိုအပ်မည် ထင်သော အချက်များကို ရေးမှတ်၍ အခြား လုပ်စရာ အလုပ်များကို ပြီးအောင် လုပ်ထားနှင့်လေ၏ ။

ညနေ ၄ နာရီလောက်တွင် ကျွန်ုပ်မှာထားသည့်အတိုင်း သူကြီးနှင့်အတူ လူလေးယောက်ခေါ်၍ လာလေ၏။ လေးယောက် စလုံးကား အင်္ကျီမပါ၊ ပုဆိုးဒူးလောက်ဝတ်နှင့် ခပ်မည်းမည်း ခပ်ညိုညို ပိန်လှီလှီများ ဖြစ်ကြ၏။ လေးယောက်သားသည် ကျွန်ုပ်ရှေ့တွင် တန်းစီ၍ ဆောင့်ကြောင့် ထိုင်ကြလေ၏။ သူကြီးက မြောက်ဘက်ဆုံး လူမှစ၍ ဒါက သန်းဖေ၊ ဒါက ဘဖေ၊ ဒါက ဘခင်၊ ဒါက စံအေးဟု နာမည်များကို ခေါ်၍ပြလေ၏။

"အားလုံး ချစ်ကြီး တဲနားကပဲလား"

"ဟုတ်ကဲ့ တစ်တဲနဲ့တစ်တဲ နှစ်ဖာလုံ သုံးဖာလုံစီလောက် ဝေးပါတယ်"

"အရက်ချက်ကြတာချည်းပဲ ဆိုပါတော့"

"ဟုတ်ကဲ့"

ကျွန်ုပ်အလုပ်မှာ တစ်ယောက်စီ စစ်ဆေးရန် ဖြစ်၏။

"သန်းဖေဆိုတာက မင်းလား"

"ဟုတ်ကဲ့"

"မင်း ကနေ့မနက် ကိုချစ်ကြီးဆီ သွားသေးသလား"

"မသွားဘူး ခင်ဗျ၊ ကျွန်တော့်တဲမှာ ရှိပါတယ်"

"ဘခင်ကော သွားသေးသလား"

"သွားပါတယ်၊ ထန်းလျက် ကုန်လို့ နည်းနည်းမျှရအောင် သွားပါတယ်"

"ဘယ်အချိန်လောက် သွားသလဲ"

"မနက် ၉ နာရီလောက်က"

"ချစ်ကြီးကို တွေ့သလား"

"တွေ့ပါတယ်"

"ဘာလုပ်နေသလဲ"

"ချက်ပြီးသား အရက်တွေ ပုလင်းထဲ ထည့်နေပါတယ်"

"သူ့အပြင် ဘယ်သူရှိသေးသလဲ"

"ဘယ်သူမှ မရှိပါဘူး"

"မင်း ဘယ်လောက်ကြာကြာ နေသလဲ"

"မကြာပါဘူး၊ ချက်ချင်း ပြန်လာခဲ့တာပဲ"

"ထန်းလျက်ကော ရသလား"

"မရပါဘူး၊ သူ့မှာလည်း ကုန်နေတယ်တဲ့"

"အရင်တုန်းက ဒီလိုပဲ သူ့ဆီက ယူဖူးသလား"

"ယူဖူးပါတယ်၊ သူကလည်း မရှိရင် ကျွန်တော့်ဆီ ယူပါတယ်"

"သူ့ဆီကမရတော့ ဘယ်သူ့ဆီက ယူသလဲ"

"သန်းဖေဆီ သွားယူရပါတယ်"

"ရသလား"

"ငါးပိသာ ရခဲ့ပါတယ်"

ဘခင်သည် ၉ နာရီလောက် ချစ်ကြီးအား အသက်နှင့် တွေ့ရသေးသည်ဟု ဆိုလျှင် ချစ်ကြီးသည် အေးစိန်မလာမီအတွင်း၌ အသတ်ခံရပေမည်။

"ဘဖေကော ကနေ့ ရောက်သေးသလား"

"ကျွန်တော် မသွားတာ အတော်ကြာပါပြီ"

"စံအေးကော"

"ကျွန်တော်လည်း မရောက်တာ ၁ လလောက် ရှိပါပြီ"

"ဟော့... သန်းဖေ မင်းဆီ ဘခင် ဘယ်အချိန် ရောက်သလဲ"

"၉ နာရီသာသာလောက် ရောက်လာပါတယ်"

ကျွန်ုပ်အဖို့ကား ဘာမျှ ဆက်မေးစရာ မရှိတော့၊ ၎င်းတို့အားလည်း သင်္ကာမကင်း မဖြစ်မိသေး။ အားလုံးမှာလည်း သံသယကင်းစရာမျက်နှာများ ဖြစ်ကြ၏။ ၎င်းတို့ ပြောပုံဆိုပုံများမှာ ရိုးသားလှပေသည်။ ကျွန်ုပ်လည်း ၎င်းတို့ခြေများကို မေးရင်းက မသိမသာ အကဲခတ်လိုက်မိ၏။ အားလုံးလိုလို တစ်ရွယ်တည်းဖြစ်ကာ တစ်ခုမျှ ကျွန်ုပ်တွေ့ခဲ့သော ခြေရာများလောက် မကြီးကြပါပေ။ ဘခင် တစ်ယောက်၏ ခြေပဲ ထိုခြေရာများလောက် ရှိလေ၏။ ဘခင်က သူမသွားကြောင်း ပြောခဲ့လျှင်မူကား သူ့အပေါ် သံသယဖြစ်စရာရှိသော်လည်း ယခု သူက ထန်းလျက်တောင်းရန် သွားခဲ့ပါသည်ဟု ထွက်ဆိုပေရာ သူ့အား မထင်နိုင်တော့ပေ။ လေးယောက်စလုံး၏ အင်္ဂါရုပ်များကား လူဆိုးသူခိုးရုပ်များ မဟုတ် အကဲခတ်ရသည်မှာ ရိုးရိုးသားသား လူတွေနှင့် တူလှပေသည်။ သို့သော် ရဲအရာရှိတစ်ဦးအနေဖြင့်ကား လူသတ်မှု တစ်ခုကို ကျူးလွန်ဝံ့မဝံ့ကိုသာပဲ အာရုံစူးစိုက်ရပေလိမ့်မည်။

"လေးယောက်စလုံး နေပူရှာကချည်းပဲလား"

"မဟုတ်ပါဘူး"

"ဘခင်က နေပူရွာ၊ သန်းဖေက နတ်ရွာကုံး၊ စံအေးက ထိန်ပင်ကံကပါ" ဟု သူကြီးက ဝင်ဖြေလေ၏။

ကျွန်ုပ်အဖို့ အကောင်းဆုံးက တစ်ယောက်စီ၏ နောက်ကြောင်းရာဇဝင်နှင့် အကျင့်စာရိတ္တများကို လေ့လာစုံစမ်းရန် ဖြစ်တော့၏။ ထိုသို့ စုံစမ်းပြီးမှသာလျှင် ရှေ့ထက် ဆက်လက်ဆောင်ရွက်နိုင်တော့မည် ဖြစ်ပေ၏။ သို့နှင့် သန်းဖေ တစ်ယောက်တည်း နေရစ်စေခဲ့ပြီး ကျန်သုံးယောက်ကို ပြန်လွှတ်လိုက်ပါသည်။ အားလုံးပြန်သွားသော အခါမှ...

"ကိုင်း... သန်းဖေ မင်းကို ငါ ချန်ထားခဲ့တာကတော့ မင်းဆီက အကူအညီလိုချင်လို့ပဲ၊ ခုလာတဲ့ လေးယောက်ထဲမှာ မင်းကို ကြည့်ရတာ အားလုံးထက် လည်ပုံလည်းရတယ်၊ ဒီတော့ ငါ့ကို ကူညီရလိမ့်မယ်"

"စိတ်ချပါ ဗိုလ်ကြီး၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

ဥပဒေနှင့် ဆန့်ကျင်သည့် အသက်မွေးမှုနှင့် လုပ်ကိုင်စားသောက်တတ်သူတို့သည် အရေးယူပိုင်ခွင့်ရှိသူက မျက်နှာသာပေးလျှင် ပေးသလို အားတက်သရော ဖြစ်လာတတ်ပေသည်။ ထို့ကြောင့်လည်း ရဲအဖွဲ့ဝင်တို့သည် ထိုထိုသော ပုဂ္ဂိုလ်မျိုးများကို လက်သပ်မွေး၍ တစ်ခါတစ်ရံ ၎င်းတို့လုပ်သည့် အလုပ်ကို လျစ်လျူရှုတန် ရှုထားခဲ့ရပေသည်။

"ချစ်ကြီးအကြောင်း မင်း ဘာသိသလဲ"

"စိတ်ရင်းတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ဒီကောင်ကြီးက အင်မတန် ဒေါသကြီးတယ်၊ ပြီးတော့ သိပ်သောက်တယ်၊ မူးရင် လူတကာနဲ့ ရန်ဖြစ်ချင်တယ် ဘယ်သူနဲ့မှ ဖြစ်စရာမရှိရင် အိမ်က မယား ရန်ရှာ

တာပဲ"

"သူနဲ့ မတည့်တဲ့လူ ရှိသလား"

"မတည့်တဲ့လူရယ်လို့တော့ မရှိပါဘူး၊ ကြီးကြီးကျယ်ကျယ် ရန်ခိုက်ဒေါသလည်း မဖြစ်ဖူးပါဘူး၊ တစ်လောကတော့ ကြက်ပွဲမှာ ရန်တစ်ခါ ဖြစ်ဖူးတာ ရှိတာပဲ၊ ဒါပေမဲ့ အဲဒီတုန်းကလည်း သူရယ်လို့ မပြောနိုင်ပါဘူး၊ တစ်ဖွဲ့လုံးနဲ့ ဖြစ်ကြတဲ့ ကိစ္စပါပဲ..."

"ဘယ်လိုဖြစ်တာလဲ"

"တစ်လောက နွေကုံးအရှေ့ဘက်နားဆီမှာ ကြက်ပွဲဖြစ်တယ် ခင်ဗျ" စစ်ကိုင်းတို့ အမရပုရတို့ ဒေါနဲ့တို့က ကြက်သမားတွေ အားလုံးစုံတဲ့ပွဲပေါ့ လောင်းကြေး ၁၀၀၀ လောက် အထိရှိခဲ့တယ်။ အဲဒီနေ့က ချစ်ကြီးနဲ့ စပြီး ဟိုစိန်ပန်းက လာကစားတဲ့ ကိုသာဟန်တို့နဲ့ စကားများကြတယ်။ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ နောက်ဆုံးပွဲမှာ အရှေ့ဘက်ရွာက ငပွဆိုတာနဲ့ အပြန်အလှန် စကား များပြီး ရိုက်မောင်းကြိတ်မောင်း ဖြစ်ကြတယ်။ မနေသာတော့ ငပွဘက် က ဝင်ရိုက်တဲ့လူတွေ ပေါ်လာတာနဲ့ ကျွန်တော်တို့ကလည်း ချစ်ကြီး ဘက်က ဝင်တွယ်ကြရတာပေါ့။ အဲဒီနေ့က ဘခင်ထောင် ခေါင်းပေါက် သွားသေးတယ်..."

"ဂါတ်တိုင်သလား"

"ပုလိပ်မသိအောင် လုပ်တဲ့ ကြက်ဝိုင်းကဖြစ်နေလို့ ဘယ်သူမှ ဂါတ်မတိုင်ကြဘူး၊ ကျိတ်ကုကြတယ်"

"အဲဒါအတော်ကြာပလား"

"၁၀ ရက်လောက် ရှိပါပြီ"

"ငပွဆိုတာက ဘယ်လိုလူလဲ"

"ပုပုပြတ်ပြတ် မိုက်ကန်းကန်းပါပဲ၊ စကားပြောလည်း ထောင့်

မကျိုးဘူး၊ ကြွပ်ဆတ်ဆတ်နဲ့ ကောင်းတဲ့ကောင် မဟုတ်ဘူး၊ ပြီးတော့ ဒီကောင်က ဓားပြဗိုလ် ဓားပြ၊ ထောင်ကထွက်လာတာ ဘာမှမကြာသေးဘူး။ ခု ချစ်ကြီးလည်း သူ့လက်ချက်နေမှာပဲ"

သန်းဖေသည် ကျွန်ုပ် သိချင်သည်ထက် ပို၍ ပြောနေ၏။ ချစ်ကြီးနှင့် ငပွတို့ ရန်ဖြစ်စဉ်က ချစ်ကြီးတို့ဘက်မှ ဝင်ရိုက်ခဲ့သည်ဟု သူ့စကားမှ သိလိုက်ရပေရာ၊ အခွင့်အရေးရတုံး ငပွအပေါ် ပုံချသည့် သဘောမျိုးလည်း ဖြစ်နိုင်ပေသည်။ သူ့စကားအသွားအလာနှင့် မျက်နှာအမူအရာကား အဆင်းတွန်းသည့် အသွင်များ ပေါ်လျက်နေလေ၏။ သို့သော် ပုလိပ်အလုပ်ကား မှတ်သားထားရမည်ပင် ဖြစ်၏။ မေးလိုသောမေးခွန်းကို မေး၍ မှတ်သင့်သည်ကို မှတ်ပြီး သူ့အား ပြန်လွှတ်လိုက်ပါသည်။

သန်းဖေ ပြောသွားသော စကားများကား မှန်၏။ သူကြီးနှင့်တွေ့၍ မေးကြည့်သောအခါ သူ့အတိုင်း ထွက်ဆိုသွားလေ၏။ ဓားပြမှုနှင့် ထောင် ၁ နှစ်ကျဖူး၍ ထွက်လာသည်မှာ ၆ လမျှရှိသေးသည်ဟုလည်း သိရ၏။ သူလည်း အုတ်ကျင်းတွင် အရက်ချက်နေသည်ဟု သိရလေသည်။

ချစ်ကြီးအတွက် ရက်လည်ဆွမ်းကျွေးသောနေ့တွင် ကျွန်ုပ်လည်း ရောက်သွား၏။ အေးစိန်ကား မီးဖိုတစ်နေရာတွင် တရှုံ့ရှုံ့ငိုကြွေးနေ၏။ အေးစိန်၏ အစ်မဆိုသော အေးမယ်သည် သူ့ညီမကို အားပေးနေ၏။ မသာအိမ်တွင်ကား တစ်နေ့က သူကြီးခေါ်၍လာသော စံအေး၊ ဘခင်၊ သန်းဖေ၊ ဘဖေတို့အပြင် ငပွပါ ရောက်ရှိနေလေသည်။ ငပွကား သန်းဖေ ပြောသွားသလောက် ယုတ်မာပုံ၊ ဆိုးသွမ်းပုံမရ၊ ကျွန်ုပ်လည်း သူကြီးနှင့်အတူ လက်ဖက်ရည်သောက်နေစဉ် စကားစပ်မိဟပ်မိရာမှ မေးသကဲ့သို့ ငပွရောက်အလာတွင် "မင်း ထောင်က

လွှတ်လာတာ ဘယ်လောက်ရပလဲ" ဟု အလစ်ကောက်မေးလိုက်ပါ၏။

"၆ လကျော်ပြီ ခင်ဗျ..."

"ဟာ... ဒါဖြင့် ချစ်ကြီးအရင်ပေါ့..."

"ဟုတ်ကဲ့ ထောင်ထဲမှာ အတူတောင် နေခဲ့ရပါသေးတယ်"

"ဒါဖြင့် မင်းတို့ အတော်ခင်မှာပေါ့နော်"

"ခင်ဆို တစ်ရွာသားချင်းလည်းဖြစ်၊ တစ်ခန်းထဲလည်း အတူကျကြတော့ အတော်ခင်တာပေါ့ ဗိုလ်ကြီးရာ၊ ဒီကောင်ကြီးက တစ်ဖွတ်ထိုးကြီး ခင်ဗျ... ဒေါသသိပ်ကြီးတာ၊ စကားပြောလည်း မတတ်ဘူး"

"ခင်တယ်ဆိုပြီး မင်းတို့ကြက်ပွဲတုန်းက ရိုက်ကြ ဆိုပါလား"

"ရိုက်တာကလည်း ဗိုလ်ကြီးရာ ဘာမှအကြောင်းမကြီးပါဘူး၊ စကားပြော မိုက်ကန်းတာနဲ့ ထတွယ်မိကြတာပါ"

"အဲဒီလိုဖြစ်ပြီးမှ သူနဲ့ တွေ့သေးသလား..."

"မတွေ့ဘူး ခင်ဗျ"

ထိုအခိုက် ကျွန်ုပ်တို့ လက်ဖက်ရည်ဝိုင်းသို့ ဘခင်နှင့် သန်းဖေတို့ ရောက်လာကြ၏။ သူတို့သည် ငပွအား စကားမပြောကြ၊ လက်ဖက်ရည်ကို သောက်နေကြ၏။ ခဏမျှအကြာတွင် ငပွလည်း နောက်ဖေးတွင် ပန်းကန်များ ဆေးရဦးမည်ဟု ပြောကာ ထွက်သွားလေ၏။ ငပွ ထွက်သွားသောအခါ သန်းဖေလည်း ကျွန်ုပ်အနားသို့ တိုးပြီး။

"ဒီကောင် ဘာတွေ ဖြီးသွားသလဲ ဗိုလ်ကြီး" ဟု ခပ်ဖြည်းဖြည်း မေးလေ၏။

"ချစ်ကြီးအကြောင်းတွေပါကွာ"

"ဘာပြောသလဲ ဗိုလ်ကြီး..."

"သူနဲ့ သိပ်ခင်ခဲ့တဲ့အကြောင်း၊ ထောင်ထဲတုန်းက အတူနေ

ခဲ့တဲ့အကြောင်း ရန်ဖြစ်ခဲ့ပေမဲ့ အငြိုးမထားခဲ့တဲ့ အကြောင်းတွေပါပဲ"

"အဲဒါ ဗိုလ်ကြီးကို ဖြီးတာဗျ သိလား"

"ဟော့ကောင် ဒါ မင်း ပြောရမယ့်စကား မဟုတ်ဘူး" ဟု ဘခင်က သူ့ကိုဝင်၍ မာန်လိုက်၏။ ဘခင်မျက်နှာကား တည်တည်ပင် ဖြစ်၍ သူများကိစ္စတွင် ဝင်ရောက် စွက်ဖက်မှုကို မနှစ်သက်သည့် သဘောများ ရှိလေ၏။ ဘာကြောင့် သန်းဖေသည် ငပွအား ဤမျှ မျက်မုန်းကျိုးနေသည်ကိုကား မပြောတတ်ပေ။

ထိုအချိန်အထိ ကျွန်ုပ်တို့အလုပ်ကား အဓိပ္ပာယ် မရှိသေးပေ။ စမ်းတဝါးဝါးနှင့် မှောင်ထဲတွင် လမ်းလျှောက်နေရတုန်း ဖြစ်သည်။ သည်လိုစမ်းရင်း လှမ်းရင်းကပင် တစ်ခုတစ်ခုကို တိုက်မိချင် တိုက်မိ တတ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် သတိနှင့်ပင် လျှောက်ခဲ့ပေသည်။

မသာအိမ်မှအပြန်တွင် ကျွန်ုပ်လည်း ဘခင်အား လက်တို့၍ ခေါ်လာခဲ့သည်။ လမ်းပေါ်ရောက်သောအခါ...။

"ဒါနဲ့ မသိလို့ မေးစမ်းပရစေ...၊ ငပွကို သန်းဖေ ဘာကြောင့် ဒါလောက် တွန်းနေတာတုန်းကွ..."

"အလကားကောင်ပါ ဗိုလ်ကြီးရာ... အရှုံးပါ ဘာရယ်လို့ မဟုတ်ပါဘူး..."

"အကြောင်းတော့ ရှိရမယ်ကွ၊ အကြောင်းမဲ့တော့ ဒါလောက် မတွန်းဘူး"

"အလကားပါဗျာ...၊ ငပွဖောက်သည် အိမ်တွေကို လိုချင်လို့ ဟိုကောင်လဲအောင် ခြေထိုးနေတာပါ..."

"ဪ... ဒီလိုလား နေစမ်းပါဦး၊ ငပွဖောက်သည်အိမ် များသလား"

"များတယ် မြို့ထဲမှာ တစ်နေ့ အလုံး ၂၀ လောက် ဖြန့်ပေး

နေတဲ့ အိမ်လေးအိမ်လောက် ရှိတယ်။ ဒီနယ်မှာ သူ့ဖို အကြီးဆုံးပဲ၊ ချစ်ကြီးဖိုတောင် သူ့လောက် မကြီးဘူး"

"ချစ်ကြီးကကော တစ်နေ့ ဘယ်နှပေါင်းလောက် ကျသလဲ"

"ငါးပေါင်းလောက် ကျတယ်၊ ငပွကသူ့ထက် ပိုတယ်"

"ဒါနဲ့ ငပွနဲ့ ချစ်ကြီး တစ်လောက ကြက်ဝိုင်းမှာ ရိုက်ကြဆို"

"ဟုတ်ကဲ့"

"အဲဒီရန်ငြိုးများ ရှိသလားကွာ"

"မရှိနိုင်ပါဘူး၊ ငပွက ဒါမျိုးမဟုတ်ဘူး ဖြောင်သမား ပြီးပြီး တာပဲ အငြိုးမထားတတ်ဘူး၊ စကားပြောတော့ မတတ်ဘူး ဘောက် ဆန်တယ်..."

"ဒီကောင် ထောင်ကျဖူးတယ်ဆို"

"ဟုတ်ကဲ့... ဓားပြလက်ခံမှုနဲ့"

ဘခင်နဲ့ စကားအနည်းငယ်ပြောပြီးနောက် ကျွန်ုပ်လည်း စိန်ခိုနှင့်အတူ ဂါတ်သို့ ပြန်လာခဲ့၏။ ငပွနှင့် ချစ်ကြီးကား ဤနယ်တွင် ဖိုအကြီးဆုံး၊ အရက်အထွက်ဆုံးဟု သိခဲ့ရပေရာ၊ ချစ်ကြီးကို ရန်ရှာမည့်သူ ပေါ်များရပေသည်၊ အကြံတူရန်သူဟူ၍လည်း ရှိတတ်၏။ မနာလို ဝန်တို၍လည်း ဖြစ်တတ်၏။ ချစ်ကြီးကိုသတ်၍ သူ့စီးပွားကို အရချိုင် လိုသဖြင့်လည်း သူ့အသက်ကို ရန်ရှာခြင်း ဖြစ်နိုင်ပေရာ၊ ချစ်ကြီးကို သန်းဖေသော်လည်း သတ်နိုင်သည်၊ ငပွသော်လည်း သတ်နိုင်သည်။ တပ်အပ် သေချာကား မထင်တတ် မထင်နိုင်သေးပေ။

သန်းဖေသည် ချစ်ကြီးကို သတ်ကာ ထိုအမှုနှင့် ငပွကို ထင်အောင် ချောက်တွန်း၍ ငပွ စီးပွားရေးကိုပါ အရခွတတ်လိုသဖြင့် ကြံစည်ခြင်းလော၊ သို့တည်းမဟုတ်က ငပွကပင် လောဘတက်ကာ ချစ်ကြီး ဖောက်သည်များကို လိုချင်သဖြင့် ချစ်ကြီးကို သတ်ရှောသလား၊ အရက်တစ်လုံးအပေါ်တွင် အနည်းဆုံး တစ်မတ်သာသာ အမြတ်ပေါ်လေ

ရာ၊ အရက် အလုံးတစ်ရာကုန်လျှင် မတ်တစ်ရာ ကျပ်အစိတ်ဖြစ်၍ သွားရည်ယိုချင်စရာ၊ လောဘတက်ချင်စရာပင် ဖြစ်ပေသည်။

တစ်ခုတော့ ရှိသည် ၎င်းတို့အမြတ်သည် ၎င်းတို့လက်ထဲတွင် တည်မြဲခြင်းမရှိဘဲ ဖဲဝိုင်း၊ ကြက်ဝိုင်းများတွင်သာ ကုန်သွားကြသည်က များပေသည်။ တစ်ခါတစ်ရံလည်း အကြီးအကျယ် အဖမ်းခံလိုက်ကြရသဖြင့် ခါလီကျကာ လက်မှိုင်ချကြရသည်လည်း ရှိ၏။ အရက်ဖို တစ်ခုကို သက်ဆိုင်ရာက ဖမ်းလိုက်ပြီဟုဆိုလျှင် အနည်းဆုံး ၃၀၀ ဖိုးခန့် ပါသွားတတ်၏။ ချက်သော ကိရိယာ တန်ဆာပလာ၊ စိမ်ရည်အိုး၊ အရက်အိုး၊ အရက်ခွက်၊ အရက်ပုလင်းပါမကျန် ဆုံးရှုံးရသည်နှင့် မပြီးသေး။ ဂါတ်တဲတွင် ဂါတ်တဲအလိုက်၊ ရုံးတွင် ရုံးအလိုက် သူ့နေရာနှင့်သူ ကုန်ကျကြရပေသေးသည်။ အချို့ကား ကိုယ်တိုင် အဖမ်းမခံလိုကြသဖြင့် တရားခံအငှားများ ထည့်တတ်ကြပေရာ၊ ထိုတရားခံငှားအတွက် အနည်းဆုံး ၁၀၀၊ ၂၀၀ ကုန်ကျရပြန်ပေသည်။ ထို့ကြောင့် အရက်မှ မြတ်သောငွေသည် လျော်ဖို့ ဆောင်ဖို့ အသင့်ဆောင်ထားရသည့်အပြင် အဖမ်းခံရက အသစ်ပြန်လည် ထူထောင်ဖို့ အသင့်လျာထားကြရပေသည်။

အရက်ချက်၍ အသက်မွေးသူကား အရက်ကိုပဲ ချက်ချင်၏။ အခြားအလုပ်ကို မလုပ်ချင်ကြ၊ အရလွယ်သောလုပ်ငန်း ဖြစ်သည်ဟု အရက်သည်တစ်ဦးက ကျွန်ုပ်အား ပြောပြဖူးလေသည်။ ၎င်းတို့အား နှိမ်နင်းရသည်မှာ တီကောင်ကို ဓားနှင့် ပိုင်းရသကဲ့သို့ တစ်ကောင်ပိုင်း နှစ်ကောင် ဖြစ်လာ၏။ ၎င်းတို့ချက်ရာနေရာသို့လည်း ကျွန်ုပ်တို့က အခါမလပ်သွားရောက် စောင့်ကြည့်၍ မနေနိုင်၊ ပုလိပ်အလုပ်မှာ အရက်ဖမ်းသည့် အလုပ်တစ်ခုတည်း မဟုတ် ယစ်မျိုးများအဖို့၌လည်း ကျွန်ုပ်တို့ထက် ကျယ်ဝန်းသော နယ်ကြီးကို သုံးလေးယောက်တည်း

ကိုင်ရသောကြောင့် အမြစ်ပြတ်အောင် မနှိမ်နင်းနိုင်ဘဲ ခေါင်းကဖိ၊ ဖင်ကပေါ်၍သာနေခဲ့ပေသည်။ တစ်ခါတစ်ရံ ရဲအဖွဲ့နှင့် ယစ်မျိုး ပူးပေါင်း၍ တစ်ပြိုင်တည်း တစ်နယ်လုံးဝင်၍ ဖမ်းပစ်သည့်အခါ ဖမ်းသော်လည်း လေးငါးရက်မျှအကြာတွင်ပင် ဖိုသစ်များ ပေါ်နေပြန်လေသည်။ ပထမ အဖမ်းခံရသော အမှုကို ဒဏ်ဆောင်ရန်အတွက် ၎င်းတို့သည် ဖိုသစ်ထောင်၍ ငွေရှာကြပေသည်။ အရက်ချက်သော အလုပ်ကား ၎င်းတို့၏ ရိုးရာအလုပ်ကဲ့သို့ ဖြစ်နေတော့ပေသည်။

## (၂)

ဤသို့အားဖြင့် ကိုချစ်ကြီး သတ်မှုသည် တစ်လတာမျှ ကြာညောင်းလာခဲ့ပေသည်။ ဤသို့ကြာညောင်းလာခဲ့သည့်တိုင်အောင် အမှုနှင့် ပတ်သက်သည့် သဲလွန်စကား မရသေးပေ။ ကျွန်ုပ်သည် ဤအဖြစ်အပျက်တစ်ခုတည်းကိုသာ ရေးသားလျက်ရှိသော်လည်း အခြားတာဝန်များကိုလည်း မလစ်ဟင်းရအောင် တစ်ဖက်မှ ဆောင်ရွက်နေရသေးပေ၏။ သတင်းစာများက ကျွန်ုပ်နယ်အတွင်းတွင် အမဲများ ပေါ်နေပြန်ပြီဟု ရေးလိုက်သဖြင့် အမဲသတ်မှုများ ပပျောက်အောင် စောင့်ရှောက်နေရသည်ကတစ်ဖက်၊ ရေဝတီ **Dock Yard** အလုပ်သမားများက သပိတ်သံပေးနေသဖြင့် အကဲခတ်နေရသည်က တစ်မျိုး၊ သာယာကုန်း၊ ရေလယ်ဘုရား စသော ရွာများသို့ သူပုန်က ဆက်ကြေးလာတောင်းသည့် ကိစ္စက တစ်သွယ်ဖြင့် လူသတ်မှုအပြင် အခြားတာဝန်များကိုလည်း အချိန်မအားရအောင် ဆောင်ရွက်နေရပေသေးသည်။ထို့ကြောင့် ကျွန်ုပ်တို့သည် လူသတ်မှု တစ်ခုတည်းအပေါ်တွင် အာရုံစူးစိုက်ခွင့် မရခဲ့ပေ။

တစ်နံနက်ခင်းတွင်ကား ကျွန်ုပ်ထံသို့ သူကြီး ဦးကိုကြီး

ပေါက်လာပါသည်။ သူ့စက်ဘီးနောက်တွင် ဓားရှည်တစ်ချောင်း ချိလာသည်ကို တွေ့ရပါ၏။

"ဘယ့်နှယ် သူကြီး ဘာကိစ္စ"

"ဟောဒီဓားတစ်ချောင်း ကိုင်းတောထဲက တွေ့လို့ လာပို့တာပဲ" သူကြီးသည် စက်ဘီးနောက်မှ ဓားကို ဖြုတ်၍ ကျွန်ုပ်ထံ ယူလာပါသည်။ ဓားကား အတော်ကောင်း၏။ သံချေးများတက်နေပြီ ဖြစ်သော်လည်း ဓားသွားမှာ အတော် ထက်မြနေပေသေး၏။ ဓားဖျားနှင့် ဓားလယ်လောက်တွင် ခြောက်သွေ့နေသော သွေးကွက်များကို တွေ့ရ၏။

"ဘယ်နားကရသလဲ"

"ကျွန်တော် ရတာ မဟုတ်ဘူး နွားကျောင်းသား တစ်ယောက် ရလာတာပဲ။ ငှပွတဲ အနောက်ဘက်နားဆီကလို့ ပြောတယ်"

"ကိုင်းထဲက ဆိုပါတော့"

"ဟုတ်ကဲ့ ဒီဓားနဲ့များ ချစ်ကြီးကို ခုတ်ပြီး မီးထဲထိုးထားခဲ့ရော့သလား ဟင် ဗိုလ်ကြီး"

"ဖြစ်နိုင်တယ် ဆရာဝန် ဆေးစာအရ ခေါင်းမှာ ဓားခုတ်ရာ တွေ့သတဲ့။ ဒီနယ်မှာ ဒီဓားမျိုး အသုံးများသလား"

"သုံးတဲ့လူတော့ သုံးပါတယ်။ ဒါပေမဲ့ အဲဒီအရက်ချက်တဲ့ လူစုထဲကတော့ တစ်ယောက်တစ်ချောင်း ထားလေ့ ရှိပါတယ်"

"လာဗျာ ဓားတွေ့တဲ့နေရာ သွားကြည့်ကြရအောင်"

ကျွန်ုပ်လည်း သူကြီးနှင့်အတူ စက်ဘီးနှင့် လိုက်လာခဲ့ပြီး ဓားတွေ့သော နွားကျောင်းသားကလေးအား ရွာထဲတွင် ဝင်ခေါ်၍ တွေ့သောနေရာသို့ လာခဲ့ပါသည်။

ဓားတွေ့သောနေရာသို့ သွားရသောလမ်းသည် ငှပွတဲရှိရာသို့ ပေါက်၏။ ငှပွတဲကို လွန်သွားက သန်းဖေတို့ဘက်သို့ ရောက်၏။ လမ်းဆိုရသော်လည်း လယ်ကန်သင်းရိုး လူသွားလမ်းကလေးမျှဖြစ်ကာ

သားတွင် ကိုင်းတောများ ရှိလေ၏။ တချို့နေရာတွင် မိချောင်းပန်းများ ရှိကြ၏။ အရက်ဖိုများအတွက် များစွာလုံခြုံ၍ အဝေးမှ မမြင်နိုင်ပေ။ အရက်တဲအချင်းချင်း မမြင်ရသော်လည်း သွားလမ်းကား တစ်လမ်းတည်းပင်ဖြစ်၍ နတ်ရွာကုံးဘက်သို့လည်း သွားနိုင်လေ၏။ ထိုလမ်းကား အရက်ချက်သူများနှင့် တောင်သူများသာ သွားလာတတ်ပေသည်။

ဓားတွေ့သော နေရာကား ငပွတဲအနောက်ဘက် ပေ ၈၀ ခန့်အကွာတွင် ဖြစ်ပေသည်။ ထိုနေရာ အနောက် တစ်ဖာလုံခန့်အကွာတွင်ကား ချစ်ကြီး၏ တဲရှိ၍ တောင်ဘက် နှစ်ဖာလုံသာသာတွင်ကား ဘခင်နှင့် စံအေးတို့တဲများရှိရာ နတ်ရွာကုံးဘက်သို့ နီးသွားလေသည်။ ဓားတွေ့သောနေရာသည် ငပွတဲနှင့် အနီးကပ်ဆုံး ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ တာဝန်ကား ငပွတွင် ရှေးက ဓားရှိ မရှိ၊ ရှိလျှင် အဘယ်ကဲ့သို့သော ဓားမျိုးဖြစ်သည်ကို စုံစမ်းရန်ရှိတော့၏။ သို့သော် ငပွကို တိုက်ရိုက်ခေါ်၍ မမေးလို၊ သူ့အား ထိုလူသတ်မှုအတွက် ရဲအဖွဲ့က သင်္ကာမကင်းရှိသည်ကို အသိမပေးချင်သေး၊ မသင်္ကာလျှင် ၇ ရက် သို့မဟုတ် ၁၅ ရက်အထိ ဂါတ်တွင် ချုပ်ထားပိုင်ခွင့်ရှိသော်လည်း ထို ၁၅ ရက်အတွင်း ပြစ်မှုထင်ရှားကြောင်းကို တင်ပြနိုင်ရမည် ဖြစ်၏။ အခိုင်အမာ စွပ်စွဲချက်တင်နိုင်ရမည် ဖြစ်၏။ သို့သော် ယခု ငပွအား ဖမ်းရုံသာဖမ်းနိုင်မည် ဖြစ်ပြီး အခိုင်အမာ မစွပ်စွဲနိုင်သေးပေ။ လူတစ်ယောက်အား သတ်ထားသူသည် မေးရုံ၊ မြန်းရုံဖြင့် သတ်ပါသည်ဟု ဝေဖန်ချက်ပေးမည် မဟုတ်၊ သူသတ်ကြောင်းကို စစ်ဆေးသော အရာရှိက အကြောင်းခိုင်လုံစွာဖြင့် မယုံနိုင်မကွယ်နိုင်သော အထောက်အထားများ သက်သေခံများ တင်ပြနိုင်ရပေမည်။ ထို့ကြောင့် သူကြီးအကူအညီဖြင့် လည်ပတ်ပါးနပ်၍ ယုံကြည်မည့်အပြင် ငပွနှင့်လည်း ခင်မင်မည့် ရွာသား တစ်ဦးကို အရှာခိုင်းပြီး၊

ငပွထံတွင် ဓားရှိမရှိ ရှိက ငှားလာခဲ့ရန် လက်ဖက်ရည်ဖိုးပေး၍ ခိုင်းလိုက်ရပေသည်။

ညနေစောင်းလောက်၌ ထိုရွာသားလည်း ဓားတစ်ချောင်း ကိုင်၍ ဌာနသို့ ရောက်လာခဲ့ပါသည်။

"ခင်ဗျား ဘယ်လိုပြောငှားသလဲ"

"တောထဲ ဆင်းချင်လို့ စကားဆိုပြီး ငှားခဲ့ပါတယ်"

ဓားကား အသစ်စက်စက်ပင် ဖြစ်၏။ ဓားရိုးပင် ကိုင်သား မကျသေးသဖြင့် အရောင်မပျက်သေး။ ကြေးခွေများမှာလည်း အရောင် တောက်လျက် ရှိကြသေးပေသည်။

"ဒီဓားက အသစ်ပဲ"

"ဟုတ်ကဲ့ ဗိုလ်ကြီး သူဝယ်ထားတာ မကြာသေးဘူးတဲ့၊ မေ့မကျန်ရစ်ခဲ့ပါစေနဲ့လို့တောင် မှာလိုက်သေးတယ်"

"ဟုတ်လား... နို့ သူ့အရင် ဓားဟောင်းကကော"

"မပြောတတ်ဘူး ခင်ဗျ၊ ဒါတော့ မေးမကြည့်ဘူး"

"အရင်ဓားတော့ ခင်ဗျား ကိုင်ဖူးသလား"

"ကိုင်ဖူးပါတယ်၊ ကိုင်းထဲဆင်းရင် သူ့ဆီက ကျွန်တော် ငှားနေကျပဲ၊ ဟိုဓားက ရှမ်းဓားထိပ်ချွန်၊ ဒီဓားလို ထိပ်ချိုင့် မဟုတ်ဘူး"

ထိပ်ချွန်ကား ဂါတ်တဲပေါ်ရောက်နေသော ဓား ဖြစ်၏။

"အဲဒီဓားကို ခင်ဗျားမြင်ရင် မှတ်မိပါ့မလား"

"ဟာ... မှတ်မိတာပေါ့"

ကျွန်ုပ်လည်း အမှုထမ်း တစ်ဦးအား ဂါတ်ပေါ်မှ ဓားကို အယူခိုင်းပြီး သူ့အား ပြလိုက်သောအခါ...

"ဟာ... ဒီဓားအစစ်ပဲ... ကျွန်တော် ကိုင်နေကျ ဓားပဲ" ဟု ပြောလိုက်ပါသည်။

သက်သေခံ အထောက်အထားနှင့် ဓားအသွင်အပြင်ကား

ငပွအပေါ် သံသယဖြစ်စရာ ရှိလာပေတော့သည်။ ကြက်ပွဲတွင် ရန်ဖြစ်ခဲ့ပုံ၊ ရိုက်ကြပုံ၊ မတည့်သော ချစ်ကြီး မသာအိမ်သို့ လာပုံများကား စဉ်းစားစရာ ဖြစ်လာလေသည်။

"ဒါနဲ့ ချစ်ကြီး မယားကော အခု ဘယ်သူနဲ့ နေသလဲ"

"အရှေ့ဘက်ရွာက သူ့အစ်မဆီ လိုက်နေတယ် ပြောတာပဲ"

"ခင်ဗျား သန်းဖေ သိသလား"

"သိပါတယ်"

"ဒီလူက ဘယ်လိုလူလဲ"

"ဒီကောင်က ရှူးပေါ်ပေါ်"

"ငပွကတော့ကော"

"ဒီကောင်ကတော့ လူစွာပဲ၊ အရှေ့ဘက်ရွာမှာတော့ မိုလ်အကျဆုံးပဲ၊ ထောင်ကလည်း ထောင်ထွက်ကိုး မိုက်လာတာပေါ့"

"ထောင်ကထွက်ရင် လိမ္မာရမယ် မဟုတ်လား"

"ကျွန်တော် တွေ့ဖူးသလောက်ဖြင့် ထောင်က ထွက်လာရင် ပိုမိုက်လာတာချည်းပဲ"

ကျွန်ုပ်လည်း သူ့စကားကို ဘာမျှပြန်၍ မချေပနိုင်ပါ။ သူပြောသည့်အတိုင်း ဟုတ်သင့်သလောက် ဟုတ်နေပါသည်။ ထောင်ကား လူတစ်ယောက်၏ အကျင့်စာရိတ္တကို ပြုပြင်မပေးလိုက်ဘဲ အတတ်စုံသင်ပေးလိုက်သည့် လူဆိုးတက္ကသိုလ် ဖြစ်ခဲ့ပါသည်။ အပြင်ပြန်ရောက်လာလျှင် ထောင်ပြီးဆေး ထိုးပေးလိုက်သကဲ့သို့ဖြစ်ပြီး ပို၍ဆိုးလာတတ်သည်ကို တွေ့ရပြီး၊ ဥပဒေကို ရှောင်တတ် တိမ်းတတ်သောဗဟုသုတများ တိုးလာကြတတ်သည်။ ထောင်မှ လွတ်လာသူတို့သည် အရင့်စား သူခိုးလူဆိုး ဓားပြများနှင့် တွေ့ရှိကာ နည်းမျိုးစုံတတ်လာကြသည်။ တိုက်ပုံတိုက်နည်း၊ ခိုးပုံခိုးနည်းများ ရလာသည်။ ဥပဒေကို

ရှောင်နည်း၊ တိမ်းနည်း၊ လှည့်စားနည်းများ ရလာကြသည်။ ထို့ကြောင့် ထောင်သည် လူဆိုးသူမိုက်တို့၏ စာရိတ္တကို ပြုပြင်ပေးသော လူဆိုးတက္ကသိုလ်ဖြစ်သင့်၍ လူဆိုးလူမိုက်တို့အား တိုက်နည်းခိုက်နည်း သင်ကြားနာယူရမည့်နေရာ မဖြစ်သင့်ပေ။ အကျဉ်းထောင် စနစ်များကို အမြန်ဆုံးပြုပြင်ရန် ဆောင်ရွက်နေသော ပုဂ္ဂိုလ်များ သတိပြုရန် အချက်ပေပင်။

ထို့ကြောင့်လည်း ငပွအား ပို၍ ထင်စရာ ဖြစ်၏။ ငပွကား ထောင်ထဲမှရခဲ့သော အမွေအနှစ်ဖြင့် ပိုမိုရမ်းကား မိုက်မဲရဲတင်းလာဖွယ်ရာ အကြောင်းရှိ၏။ ထွက်လာတော့လည်း ကောင်းရှောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေခြင်း မပြုဘဲ အရက်ချက်၍ စားနေပေသေးသည်။ ရွာတွင် အစွာဆုံး အမိုက်ဆုံးဟုလည်း သိရပြန်လေပြီ...။

အထွေအထူးကား ဆက်လက်မေးရန် မရှိ၊ သွေးစွန်းသော ဓားကား ငပွဓား မှန်လေပြီ၊ ရွာသားအား ဓားသစ်ကို အခြေမပျက် ပြန်ပေး၍ တတ်နိုင်လျှင် ဓားဟောင်း ဘယ်ရောက်သွားသည်ကို စုံစမ်းလေ့လာရန် ပြောကြားပြီး ငွေ ၅ ကျပ် လက်ဖက်ရည်ဖိုး ထပ်၍ပေးပြီး ပြန်လွှတ်လိုက်ပါသည်။

နှစ်ရက်မျှ ကြာသောအခါ စိန်ခို ကျွန်ုပ်ထံ ရောက်လာလေ၏။

"ဘာထူးသလဲဟေ့ စိန်ခို"

"ထူးတယ် ဗိုလ်ကြီး၊ ကျွန်တော် ကနေ့ နေပူရွာဘက် ရောက်ခဲ့တယ်။ အေးစိန်နဲ့ ငပွ ယူကြတော့မလိုလို သတင်းသန့်သန့်ကြားခဲ့ရတယ်။ အကြော်ဆိုင်တစ်ဆိုင် ဝင်ထိုင်ရင်း "သောက်ရှက်နည်းတဲ့ကောင်မ၊ သေတဲ့လင်မှ အရိုးမဆွေးသေးဘူး၊ သူက နောက်လင်ယူတယ်" လို့ ကြားတာနဲ့ မေးကြည့်တော့ အေးစိန်နဲ့ ငပွ ယူကြတော့မလိုလို ဖြစ်နေပြီလို့ ပြောတယ်။

"အေး... စဉ်းစားစရာပဲ"

ဟုတ်ပါသည်၊ စဉ်းစားစရာပင် ဖြစ်ပါသည်။ ယခုမှပင် ကျွန်ုပ်လည်း အေးစိန် မျက်နှာကို ပြေး၍ မြင်ကြည့်မိပါသည်။ အေးစိန် အသက်ကား ၂၀ သာသာခန့်ရှိ၍ သူ့ဒေသ သူ့အလိုက်တော့ ကြည့်ကောင်း၏။

ဤတွင်မှပင် အေးစိန်နှင့် ငပွတို့ နောက်ကြောင်း ရာဇဝင်ကို လေ့လာရန် အကြောင်းပေါ်လာပါတော့သည်။ အေးစိန်က ဘယ်အရပ် သူနည်း၊ ချစ်ကြီးနှင့် ဘယ်တုန်းက အကြောင်းပါခဲ့သနည်း။ ငပွနှင့် ဘယ်တုန်းက သိသနည်း။ အေးစိန်၊ ချစ်ကြီးနှင့် ငပွတို့ နောက်ကြောင်း ရာဇဝင်ကား ဤအမှုတွင် များစွာ အသုံးဝင်လာနိုင်စရာ အကြောင်းများ ဖြစ်ကာ စိတ်ဝင်စားစရာ ဖြစ်လာနေပေသည်။

"ကိုင်း... စိန်ခို ပြေးလိုက်ဦးကွာ သူကြီးဆီ၊ ဌာနကို ခဏ လာခဲ့ပါဦးလို့"

"ဟုတ်ကဲ့ ဗိုလ်ကြီး ပြီးတော့ ချစ်ကြီး အသတ်ခံရတဲ့ မနက်က ငပွကို လှည်းလမ်းဆုံမှာ ၉ နာရီလောက် တွေ့တဲ့ သက်သေ တစ်ယောက်လည်း တွေ့ထားတယ် ခင်ဗျ"

"ဘယ်သူလဲ"

"ထင်းဝင်းက အရက်သည် ကိုလှ"

"သူက ဘယ်သွားတာလဲ"

"ဘခင်ဆီ အရက်သွားယူတာတဲ့"

ထင်းဝင်းကား အတော်လှမ်း၏။ ဌာနမြောက်ဘက် တစ်မိုင် သာသာမျှ ဝေး၏။ အရက်ရောင်းစားသူတို့သည် မနက်တိုင်း အရက်ဖို များသို့ အရက်လာယူကြရတတ်ပေသည်။

"အေး... ဒါလည်း အဖိုးတန်တာပဲ၊ သူကြီးသာ အရင်ခေါ်

ချည်..."

စိန်ခိုထွက်သွားသောအခါ ကျွန်ုပ်လည်း ရရှိထားပြီးဖြစ်သော သက်သေခံ အထောက်အထားများကို ပြန်လည်စိစစ်ရလေ၏။ ငပွ၊ ချစ်ကြီးနှင့် အေးစိန်တို့၏ ဆက်ဆံပေါင်းသင်းခဲ့ပုံသည် ကျွန်ုပ်တို့အား အကူအညီပေးလိမ့်မည်ဟု ကျွန်ုပ်က ယူဆ၏။ မကြာမီပင် စိန်ခိုနှင့် အတူ ဦးကိုကြီးလည်း ရောက်လာပါသည်။

"ကိုင်း ကြွ ဦးကိုကြီး အလုပ်တွေကတော့ များလာပြန်ပြီဗျာ့။ ကိုင်း... စိန်ခိုရေ သာဒွန်းကိုရှာပြီး အရက်သည် ကိုလှကို အခေါ်ခိုင်းစမ်း ပါဦး၊ မင်းတော့ မသွားပါနဲ့တော့၊ ပြီးတော့ ဆာသင်မောင်ကို့ကို အေးစိန်ဆီ လွှတ်ပြီး အခေါ်ခိုင်းလိုက်" ဟု မှာကြားပြီး သူကြီးဘေးတွင် ဝင်ထိုင်လိုက်ပါသည်။

"ဆိုစမ်းပါဦး ဘာများ အရေးကြီးလို့ အခေါ်ခိုင်းတာလဲ"

"အရေးကြီးဆို ဒီလိုလေ ငပွနဲ့အေးစိန်နဲ့ ဘာလိုလိုကြားလို့ ဟုတ်သလား"

"အသေအချာတော့ မကြားသေးပါဘူး၊ ကျောက်တော်ကြီး ပွဲနေ့ညက နှစ်ယောက်အတူ သွားကြတယ်လို့တော့ ကျွန်တော့်တူမ လေးက ပြောတာပဲ၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့..."

"အေးစိန်က ဘယ်လိုလဲ သူ့နောက်ကြောင်းကလေး သိစမ်း ပါရစေ..."

"ဒီကောင်မကလေးက အရှုပ်ကလေးပါ၊ ချစ်ကြီးနဲ့မရခင် ကတည်းက မြစ်ဆိပ်ဘက်က ရှမ်းစစ်သား တစ်ယောက်နဲ့ တစ်လ လောက်တောင် ရဖူးသေးတယ်။ နောက် ချစ်ကြီးနဲ့ ရတာပဲ၊ ခပ်ပျံ့ပျံ့ ခပ်ထထလေးပါ"

"ချစ်ကြီးနဲ့ရတာ အတော်ကြာပလား"

"တစ်နှစ်ကျော်လောက်ရှိဦးမယ် ထင်တယ်"

"ဒီရွာ ဇာတိပဲလား"

"ဟုတ်ပါတယ်"

"ငပွကကော"

"ဒီရွာကပါပဲ"

"ငပွနဲ့ အေးစိန်နဲ့ အရင်က အဆက်အသွယ် ရှိဖူးသလား"

"မဆိုနိုင်ဘူး ခင်ဗျ"

"ချစ်ကြီးနဲ့ ရပြီးတော့ကော ငပွနဲ့ ချစ်ကြီးတို့ လင်မယား အဆက်အသွယ် ရှိသလား"

"ဒါတော့ တစ်ရွာထဲလိုနေတော့ အသွားအလာ အဝင်အထွက်တော့ ရှိတာပေါ့"

စဉ်းစားစရာ အချက်များကား တိုးလာ၏။ ငပွနှင့် အေးစိန်မှာ ရှေးကအဆက် ဖြစ်ချင်ဖြစ်ဖူးမည်။ ချစ်ကြီးနှင့်ရမှ ဖြစ်ချင်လည်း ဖြစ်မည်။ ချစ်ကြီး အသတ်ခံရပြီးမှ ဖြစ်ချင်လည်း ဖြစ်မည်။ ချစ်ကြီးကို ငပွသည် သူ့မယား လိုချင်၍ သတ်ချင်လည်း သတ်မည်။ အတပ် မပြောနိုင်။ အသတ်ခံရသော နံနက်က အေးစိန် ထမင်းပို့သွားရာ သေနေသော လင်ကို တွေ့ရသည်ဟု ပြောခြင်းသည် လိမ်သော စကား ဖြစ်နိုင်သည်။ သူပင် သူ့လင်ကို ဓားနှင့်ခုတ်၍ သို့မဟုတ် နောက်မှ ခုတ်၍၊ ရိုက်၍ မီးပုံထဲ ဆွဲချခဲ့နိုင်သည်။ သို့သော် ဓား ကား ငပွဓား ဖြစ်နေပြန်ရာ၊ ထိုဓားကို ဘယ်က ဘယ်လိုရခဲ့သနည်း၊ နှစ်ယောက်အတူ ခုတ်သလော၊ ငပွပင် ခုတ်သလော အေးစိန်ပင် ဓားပေး၍ အခုတ်ခိုင်းသလော။

ထိုအခိုက် အရက်သည် မောင်လှ ရောက်လာသဖြင့် ကျွန်ုပ်က နေရာပေးပြီး အထိုင်ခိုင်းလေ၏။

"ဒါနဲ့ ကိုလှ… ချစ်ကြီး အသတ်ခံရတဲ့နေ့ မှတ်မိသလား"

"အင်္ဂလိပ်လဆန်း ၆ ရက်နေ့က ဗိုလ်ကြီး ကျွန်တော် အရက်ယူတဲ့ စာရင်းထဲမှာ မှတ်ထားတယ်"

"အဲဒီနေ့မနက်က နတ်ရွာကုံးလမ်းဆုံမှာ ငပွကို ခင်ဗျား တွေ့သေးသလား"

"တွေ့ပါတယ်"

"ဘယ်အချိန်လောက်လဲ"

"မနက် ၉ နာရီလောက်"

"ငပွလက်ထဲမှာ ဘာပါသလဲ"

"ဘာမှမပါဘူး ခင်ဗျ"

"သူ ဘယ်သွားမယ် ပြောသလဲ"

"နေပူရွာလို့ ပြောတယ်"

"သွားသလား"

"သွားမသွားတော့ မသိဘူး။ မြောက်တဲသွားတာတော့ မြင် တာပဲ"

"ခင်ဗျားတွေ့တော့ သူ့မျက်နှာ ဘယ်လိုဖြစ်နေသလဲ"

"ပြုံးပြုံး ရွှင်ရွှင်ပါပဲ"

ထိုအခိုက် မအေးစိန် ရောက်လာပြန်ပါ၏။ သူကား လင်သေ ဆုံးစကကဲ့သို့ ညှိုးညှိုးငယ်ငယ် မဟုတ်တော့ဘဲ ခြေဆုံးခေါင်းဆုံး သနပ်ခါးများ လိမ်းလျက် ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသည်ကို မြင်ရပါသည်။ သူ့လင် ဆုံးသည်မှာ တစ်လသာသာမျှ ရှိပေသေးသည်။ ကျွန်ုပ်လည်း သူ့အား ကျောပေးပြီး သာဒွန်းအား လက်တို့၍ သန်းဖေအား အခေါ် ခိုင်းလိုက်ရပြန်၏။

"ကိုင်း... အေးစိန် နင့် မေးစရာလေးတွေရှိလို့ ခေါ်တာပဲ"

"မေးပါ ဗိုလ်ကြီး မေးပါ" ဟု အေးစိန်က ပြုံးစိစိ ဖြေလေ၏။

"ကိုချစ်ကြီး အရက်ဖိုသွားတဲ့အချိန် နင် မမှတ်မိဘူးလား"

"အသတ်ခံရတဲ့နေ့ရာကလား ဗိုလ်ကြီး"

"အေး ဟုတ်တယ်"

"အသေအချာတော့ မမှတ်မိဘူး၊ တုံးခေါက်ပြီး ခဏနေတော့ သွားတာပဲ"

"မင်း ထမင်းပို့သွားတဲ့အချိန်ကော"

"၈ နာရီ ၉ နာရီလောက် ထင်တာပဲ"

"မင်းရောက်တော့ သေနေပြီနော်"

"ဟုတ်ကဲ့ရှင့် သေနေပြီ"

"အဲဒီမနက်က လမ်းမှာ ဘယ်သူတွေ့သေးသလဲ"

"ကိုဘခင်နဲ့ တွေ့ပါတယ်"

"ငပွနဲ့ကော"

"မတွေ့ဘူးရှင့်"

ငပွကို အရက်သည် ကိုလှ တွေ့သည်မှာ ၉ နာရီလောက်၊ ဘခင်ကို အေးစိန်တွေ့သည်မှာ ၉ နာရီလောက်၊ ဘခင် ချစ်ကြီးတဲသို့ ထန်းလျက် တောင်းသွားသည်မှာလည်း ၉ နာရီလောက်ဖြစ်ရာ၊ ကိုချစ်ကြီးသည် ၉ နာရီမထိုးမီ သို့မဟုတ် ထိုးပြီးနောက်၌ အသတ်ခံရသည်မှာ သေချာနေပေသည်။

ထိုအခိုက် သန်းဖေ ရောက်လာပါသည်။

"ဟေ့ သန်းဖေ မင်းဆီကို ကိုချစ်ကြီး သေတဲ့နေ့က ဘခင် ဘယ်အချိန်လာသလဲ"

"၉ နာရီသာသာလောက်ပဲ ခင်ဗျ"

"၉ နာရီသာသာလောက်"

ကျွန်ုပ်သည် သူ့ကို ပြန်မေးခြင်း မဟုတ်၊ ကျွန်ုပ်ဘာသာ ကျွန်ုပ် ရေရွတ်မိခြင်း ဖြစ်ပါ၏။ တောသူတောင်သားများကား အချိန်နာရီ

ကို အတိအကျ မှတ်သားကြခြင်း မရှိကြပေ။ ဤသူများကား မြို့နှင့် နီးစပ်သဖြင့် တော်ပေသေးသည်။ မြို့နှင့် အလှမ်းဝေးသူတို့သာဆိုလျှင် ဆွမ်းခံပြန်ချိန်၊ နေထန်းတစ်ဖျား စသောအားဖြင့် မှန်းဆမလွယ်သော စကားများကို ပြောကြမည် ဖြစ်ပေမည်။ ကျွန်ုပ်ခေါင်းကား ရှုပ်ထွေး သွား၏။ ဘခင်အား အခေါ်ခိုင်းလိုက်ရပြန်၏။ နာရီဝက်ခန့်အကြာတွင် ဘခင်လည်း ရောက်လာပါသည်။

"ချစ်ကြီး အသတ်ခံရတဲ့နေ့က မင်း ထန်းလျက်သွားတောင်း တော့ ဘယ်အချိန်ရှိပလဲ"

"၉ နာရီလောက် ရှိပြီ ခင်ဗျာ့"

"နောက် ဘယ်သွားသလဲ"

"သန်းဖေဆီ သွားပါတယ်"

"လမ်းမှာ ဘယ်သူနဲ့ တွေ့သေးသလဲ"

"အေးစိန်နဲ့ တွေ့လို့ မီးတောင် တောင်းတို့ပါသေးတယ်"

"အချိန်မှတ်မိသလား"

"၉ နာရီသာသာလောက်ပဲ မမှတ်မိဘူး"

"သန်းဖေဆီ ရောက်တော့ကော"

"အဲဒါလောက်ပဲ"

"သန်းဖေဆီက ဘယ်အချိန်လောက် ပြန်သလဲ"

"၁၀ နာရီလောက် ပြန်ပါတယ်"

"ဘယ်လမ်းက ပြန်သလဲ"

"လာလမ်းအတိုင်းပါပဲ"

"လမ်းမှာ ဘယ်သူ့တွေ့သေးသလဲ"

"ဘယ်သူမှ မတွေ့ဘူး"

"ဘယ်ဝင်သေးသလဲ"

"ငပွတဲ ခဏဝင်ပါတယ်"

"ဘာလုပ်သလဲ"

"ဆေးလိပ်မီး ဝင်တို့တာပါ"

"ငပွကို တွေ့သလား"

"မတွေ့ပါဘူး"

"ချစ်ကြီးတဲမှာ ဘယ်လောက်ကြာကြာနေသလဲ"

"ကွမ်းတစ်ယာညက်လောက် နေပါတယ်"

ဘခင်အား မေးစရာမရှိတော့။ သူ အသွားအလာ အစီအစဉ်ကား ရှင်းလျက်ရှိ၏။ ဘခင်သည် ချစ်ကြီးကို အသက်နှင့်တွေ့ရ၍ အေးစိန်က အသေတွေ့ရ၏။ ချစ်ကြီးကို သတ်သူသည် ဘခင် သို့မဟုတ် ကြားလူ တစ်ယောက်ယောက် ဖြစ်ရပေလိမ့်မည်။

သို့သော် ဘခင်အား မထင်နိုင်ပါ၊ သတ်သူမှန်က ချစ်ကြီးကို တွေ့သည်။ ချစ်ကြီးထံ ရောက်သည်ဟု ကျွန်ုပ်တို့အား ထွက်ဆိုမည် မဟုတ်၊ ငြင်းကွယ်မည်သာ ဖြစ်၏။ သတ်ခဲ့လျှင်လည်း ဘခင်သည် သန်းဖေထံ သွားဖို့လည်း မရှိ၊ ပြီးတော့ လူသွားလူလာများသည့် လှည်းလမ်းဘက်သို့ လာမည့်အစား ကိုင်းတောလမ်းအတိုင်း သူ့တဲသို့ သူ ပြန်သွားရမည်ပင် ဖြစ်သည်။ သတ်သူကား အေးစိန် သို့မဟုတ် တစ်ယောက်ယောက် ဖြစ်ရပေမည်။

ထိုတစ်ယောက်ကား မည်သူဖြစ်နိုင်သနည်း၊ ငပွ ဖြစ်နိုင်၏။ ငပွကို လှည်းလမ်းထိပ်၌ ကိုလှက တွေ့သည်ဆိုရာ ချစ်ကြီးကို ဘခင်တွေ့ပြီးခဏ၌ သူရောက်လာကာ သတ်နိုင်သည်။ ဘခင် စောစောက အသက်နှင့် တွေ့သော ချစ်ကြီးကို အေးစိန် တွေ့သောအခါ အသေ ဖြစ်နေသည်ဟု ဆိုပေရာ၊ ဘခင်နှင့်အေးစိန် လမ်းတွင် တွေ့သောအချိန်လောက်က သတ်နိုင်သည်။ ထိုအချိန်ကား ၉ နာရီ

ပတ်လည်တွင် ဖြစ်ရမည်။ ၉ နာရီပတ်လည်က ငပွ ဘယ်မှာရှိသနည်း၊ ဘယ်သွားနေသနည်း။

ထိုအကြောင်းများကို စဉ်းစားနေစဉ် ကျွန်ုပ်လည်း ငပွနှင့် အေးစိန်တို့ ကိစ္စကို သွား၍ သတိရလိုက်သဖြင့်…

"ဩော်… ဒါနဲ့ အေးစိန်၊ နင်တို့မင်္ဂလာဆောင်ကျ ငါ့ကို ဖိတ်ဦးနော်" ဟု ကျွန်ုပ်က စလိုက်၏။

"ကျွန်မ ဘယ်သူနဲ့ မင်္ဂလာဆောင်မှာမို့လဲ"

"အံမာ ငါကြားပါတယ်ဟာ"

"ဟဲ…ဟဲ… ဖိတ်မှာပေါ့ရှင့်၊ ဘယ်မေ့ထားပါ့မလဲ"

"ဘယ်လလောက် စိတ်ကူးထားကြတုံး"

"တပို့တွဲလကုန်လောက်ရှင့်…"

ကျွန်ုပ်သည် အလွယ်နှင့်ပင် လိုချင်သော အချက်ကို ရလိုက်၏။ အေးစိန်ကား မလည်ရှာပါ၊ ချစ်ကြီး သေသည်မှာ တစ်လသာသာမျှ ရှိသေးသော်လည်း သူ့စိတ်၌ အတော်ကြာခဲ့ပြီဟု အောက်မေ့ဟန် ရှိပါသည်။ သူ့ရုပ်ကား ပူရုပ် မဟုတ်တော့ပေ၊ ထိုအချိန်၌ အကင်းပါးသော စိန်ခိုက….

"နေပါဦး ဗိုလ်ကြီးရဲ့၊ အေးစိန်က ဘယ်သူနဲ့ လက်ထပ်မှာတုံး" ဟု ဝင်ထောက်လိုက်ရာ ကျွန်ုပ်က၊

"ဟကောင် မင်း နယ်ထိန်းလိုက်နေပြီး မသိဘူးလား၊ ဟေ့ အေးစိန် ပြောလိုက်စမ်း၊ ဘယ်သူနဲ့ဆိုတာ…"

"ကိုပွနဲ့…" ဟု အေးစိန်က ရှက်ကိုးရှက်ကန်း အမူအရာနှင့် စိန်ခိုအား ပြောလိုက်လေ၏။

"ဟင် ဟုတ်လား ကောင်းတာပေါ့ဟာ၊ တို့ဖြင့် ခုမှသိတယ်" ဟု စိန်ခိုက လက်ခုပ်လက်ဝါး တီး၍ ရယ်ပစ်လိုက်ရင်း ပြောလိုက်လေ၏။ သူကြီး ဦးကိုကြီးက ရဲအဖွဲ့ဝင် ဆရာတပည့်နှစ်ဦး အတိုင်အဖောက်

ညီညီနှင့် အေးစိန် အတွင်းစိတ်ကို ညှစ်ထုတ်လိုက်ပုံကို ကျိတ်၍ ချီးကျူးလိုက်မိလေသည်။

အားလုံး ပြန်လွှတ်လိုက်ပြီးနောက် ကျွန်ုပ်လည်း စိန်ခိုအား ခေါ်ယူ၍ "ကိုင်း စိန်ခိုရေ ငပွသာ ဖမ်းချည်တော့ကွာ" ဟု အမိန့်ပေးလိုက်ပါတော့သည်။

"သေချာပြီလား ဗိုလ်ကြီး"

"ဟာ... မသေချာဘဲ ငါ ဘာလုပ်လို့လဲ"

"ဘယ်လိုလဲ ဗိုလ်ကြီး ကျွန်တော့်လည်း ပြောဦးမှပေါ့"

"နားထောင် ငါ ပြောမယ်၊ ချစ်ကြီးနဲ့သူနဲ့ ကြက်ပွဲမှာ ရန်ဖြစ်တယ်။ ပြီးတော့ ဆာသင်ကိုမောင်ကို အစီရင်ခံစာအရ ချစ်ကြီးသေတော့ ချစ်ကြီးရဲ့ ဖောက်သည် ၅ ဦးရှိတဲ့အနက် သူ သုံးဦးရတယ်။ ပြီးတော့ အေးစိန်ကိုလည်း သူ ကြိုက်ပြီး ချစ်ကြီးလက်ထဲကတည်းက ကြာခိုနေတယ်လို့ မသိန်းရင် အရက်ဆိုင်က တစ်ဆင့် ကြားရတယ်၊ ပြီးတော့ သက်သေခံပစ္စည်းဖြစ်တဲ့ ဟိုဓားကလည်း သူ့ဓားအစစ်ပဲ၊ သူ့ဓားဆိုတာလည်း သက်သေရှိတယ်။ ပြီးတော့ အဲဒီနေ့မနက်က သူ့အရက်တဲမှာ မရှိဘူးလို့ သိရတယ် မဟုတ်လား၊ ပြီးတော့ ၉ နာရီလောက်မှာ သူ့ကို ချစ်ကြီးအနောက်နားက လှည်းလမ်းဆုံမှာ ကိုလှက တွေ့တယ်ဆိုတော့ မင်းပဲ စဉ်းစားလေ၊ ဆက်စပ်တဲ့ အခြင်းအရာရော သက်သေခံပစ္စည်းရော ရှိနေပြီ မဟုတ်လား၊ ဒီတော့ တို့အခု သူ့ကိုခေါ်ပြီး ဒီအချက်တွေ မေးကြစို့"

စိန်ခိုကား ဘာတစ်ခွန်းမျှ ပြန်မပြောတော့ဘဲ ဂါတ်တဲမှ အမှုထမ်း တစ်ယောက်ကိုခေါ်ပြီး ဝမ်းသာအားရ ဆင်းသွားတော့လေသည်။ ကျွန်ုပ်လည်း ငပွအား မေးခွန်းထုတ်ရန်အတွက် အစီအစဉ်များ ပြုလုပ်ရတော့၏။ မေးခွန်းဆိုသည်မှာ စွဲချက်ပင် ဖြစ်သောကြောင့် ခိုင်မာသေချာရမည် ဖြစ်၏။ မိမိတရားခံအား မလွှပ်သာအောင် တုတ်

နှောင်သောကြိုးပင် ဖြစ်၏။ ရေပက်မဝင် လေမဝင်နိုင်သော မေးခွန်း မျိုးများသာ ဖြစ်ရပေမည်၊ ကျွန်ုပ်လည်း အောက်ပါ အစီအစဉ်များကို ကျွန်ုပ် နေ့စဉ်မှတ်တမ်းအတွင်းမှ ကောက်နှုတ်လိုက်ပါသည်။

၁။ ငပွသည် ဓားပြလက်ခံမှုနှင့် ထောင်မှထွက်လာသော လူဆိုး စာရင်းဝင်တစ်ယောက်ဖြစ်၍၊ ရာဇဝတ်မှုတစ်ခုကို ကျူးလွန် ဝံ့သည်။

၂။ လက်ရှိအလုပ်အကိုင် အရက်ချက်သည်။

၃။ အရက်ချက်လုပ်ငန်းတွင် အသတ်ခံရသူ ချစ်ကြီးနှင့် စီးပွားပြိုင် ဖြစ်သည်။

၄။ ချစ်ကြီးနှင့် ခန္ဓကုံးကြက်ပွဲတွင် ရိုက်သည်။

၅။ ချစ်ကြီး သေသောအခါ ချစ်ကြီး ဖောက်သည်သုံးဦးအား သူ ရသည်။ တစ်နေ့လုံးရေ ၁၀၀ မျှ ပိုထွက်သည်။

၆။ အရက်သည် မသိန်းရင် ထွက်ချက်အရ ချစ်ကြီး မသေမီက တည်းက အေးစိန်ကို ကြာခိုနေသည်။

၇။ အေးစိန်နှင့် မကြာမီ လက်ထပ်မည်။

၈။ ကိုင်းတောမှတွေ့သော ဓား။

၉။ အသတ်ခံရသောနေ့က ငပွ ဘယ်သွားသလဲ။

၁၀။ ကိုလှနှင့် လှည်းလမ်းဆုံတွင်တွေ့။ ဘယ်က ပြန်လာသလဲ။

အချက် ၇ နှင့် ၁၀ အထိကား ငပွ ဖြေရမည့် မေးခွန်းများ ဖြစ်၏။ သူသည် သက်သေ အခိုင်အမာပြရမည်။ သူ့ဓား ဟုတ် မဟုတ်၊ မဟုတ်လျှင် မဟုတ်ကြောင်း ဟုတ်လျှင် ဟုတ်ကြောင်း၊ ဘာ့ကြောင့် ထိုချုံထဲရောက်ရသည်၊ ဘယ်က သွေးစွန်းရသည်၊ ချစ်ကြီး သေရသည့် နံနက်ခင်းက သူ အသွားအလာများကို ပြောရမည်၊ ဘယ်အချိန်က ဘယ်သွား၍ ဘယ်အချိန်ရောက်ကာ၊ ဘယ်သူနှင့်

တွေ့သည်၊ ဘယ်အချိန်ပြန်ရောက်သည်များကို သူ အခိုင်အမာ ဖြေရ ပေတော့မည်။

## (၃)

ထိုအချက်များ ရေးဆွဲအပြီးမှာပင် ငပွနှင့် စိန်ခိုလည်း ရောက် လာကြပါတော့သည်။ ငပွသည် မျက်နှာမပျက်၊ ထောင်ထွက်ပီပီ မျက်နှာထားတင်းတင်းနှင့် ရပ်နေ၏။ စိန်ခိုက ကြမ်းပေါ် အထိုင်ခိုင်းမှ ပုံစံထိုင်ထိုင်လိုက်လေသည်။ ထိုသို့ထိုင်လိုက်စဉ် သူက...

"ကျွန်တော့်ကို ဘာမှုနဲ့ ဖမ်းတာလဲ ဗိုလ်ကြီး" ဟု မေးလိုက် ၏။

"အော... မောင်စိန်ခိုတို့က မပြောဘူးလား လူသတ်မှုနဲ့ လကွာ၊ ကိုချစ်ကြီး သတ်မှုပေါ့..."

ကျွန်ုပ်သည် အခါတိုင်းကဲ့သို့ ၎င်းအား ခပ်ပျော့ပျော့ မပြော တော့ဘဲ၊ ခပ်မာမာပင် စတင်လိုက်သည်။ ၎င်းကဲ့သို့သော ထောင် ထွက် တစ်ယောက်ကို လေပျော့ပျော့နှင့် မေးနေ၍ မဖြစ်တော့ပေ။

"ဗျာ... လူသတ်မှု" သူသည် မျက်လုံးပြူးနှင့် လွှတ်ခနဲ မေးလိုက်သည်။

"အေး ဟုတ်တယ်... အဲဒါအတွက် မင်းကို ငါ အဖမ်းခိုင်း လိုက်တာပဲ... ဒီတော့ တို့မေးတာကို မင်း မှန်မှန်ပြော ဟုတ်လား၊ မင်းလည်း သက်သာ ငါတို့လည်း မပင်ပန်းရအောင် ဟုတ်လား"

"မေးချင်တာ မေးပါ ဗိုလ်ကြီးရယ်... ကျွန်တော် မှန်တဲ့ အတိုင်း ပြောပါ့မယ်"

"ဒီလိုကွာ... ချစ်ကြီးအသတ်ခံရတဲ့ကိစ္စမှာ မင်းကို တို့ မသင်္ကာဘူး... မသင်္ကာစရာ အကြောင်းတွေကလည်း ရှိလာတယ်ဆို ပါတော့"

ကျွန်ုပ်သည် အထက်ပါ စကားများကို ပြေပြေပြစ်ပြစ် မေး လိုက်သည်။

"ကျွန်တော့်ကို ဘာများ မသင်္ကာစရာရှိလို့လဲဗျာ"

တရားခံကို ဘာမသင်္ကာနေသည်ကို အသိပေးရန် တာဝန် မရှိသော်လည်း ငပွကိုတော့မူ ပရိယာယ်တစ်မျိုးဆင်၍ မေးလိုက်ခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ဆက်မမေးဘဲ ဗီရိုထဲမှ ဓားရှည်ကို ထုတ် လာကာ ၎င်းအားပြ၍…

"ဒီဓား ဘယ်လောက်ပေးရသလဲ" ဟု မေးလိုက်ပါသည်။

ငပွသည် ဓားကို အသေအချာကြည့်၍ မျက်လုံးပြူးသွားလေ ၏။ ဓားမှာ သူ့ဓားဟောင်း ဖြစ်သည်။

"ပြောလကွာ… ဘယ်လောက်ပေးရသလဲ"

"ဝယ်ထားတာ ကြာပါပြီ၊ ၈ ကျပ် ပေးရပါတယ်"

သူ့ဓားဖြစ်ကြောင်း သူ ဝန်ခံပြီ ဖြစ်၏။

"အေး… ဒီဓားကို မင်း အရက်တဲအနောက်နားက တို့ တွေ့တာပဲ၊ ဒါလောက်ကောင်းတဲ့ ဓားတစ်ချောင်းကို မင်းဘာကြောင့်များ လွှင့်ပစ်ထားရတာလဲကွာ"

"ကျွန်တော် လွှင့်ပစ်ထားတာ မဟုတ်ပါဘူး"

"ဒို့ ဘယ်သူ လွှင့်ပစ်ထားတာလဲ"

"ကျွန်တော့်ခေါင်မိုးမှာ ထိုးထားတာ၊ ပျောက်သွားတာ ကြာပါပြီ"

"ဟုတ်မှလည်း လိမ်ပါလေ"

"တကယ်ပါ ဗိုလ်ကြီး ပျောက်သွားတာ အမှန်ပါ"

"ချစ်ကြီး အသတ်ခံရပြီးပြီးချင်း ပျောက်သွားတာ ဆိုပါတော့"

"ဒါတော့ ကျွန်တော် မမှတ်မိတော့ဘူး ခင်ဗျာ"

"အေး မမှတ်မိတာပဲ ကောင်းတယ်၊ ဒါ ထားလိုက်ပါတော့ မင်းနဲ့အေးစိန် ဘယ်တော့ လက်ထပ်မှာလဲ"

"မသေချာသေးဘူး ခင်ဗျ"

"ဘယ့်နှယ် မသေချာရမှာလဲ တပို့တွဲလဆို"

"စိတ်ကူးတာ ရှိပါသေးတယ်"

"မင်းနဲ့ ချစ်ကြီး ထောင်က ဘယ်သူ အရင်လွတ်သလဲ"

"ကျွန်တော်က အရင်လွတ်ပါတယ်"

"လွတ်လာမှ မင်းနဲ့ အေးစိန် ငြိကြရောဆိုပါတော့"

"ချစ်ကြီး သေပြီးမှပါ ခင်ဗျ"

"မင်း အခု အရက်ဘယ်နှလုံး ကုန်သလဲ"

"တစ်နေ့ ၂၀၀ ကျော်လောက် ကုန်ပါတယ်"

"ချစ်ကြီး မသေခင်ကကော"

"ဒါလောက်ပါပဲ"

"ဟုတ်ကဲ့လား ငါ ကြားတော့ တစ်မျိုးပါ"

"ဟုတ်ပါတယ် ဗိုလ်ကြီး"

"ဒါဖြင့် နေစမ်းပါဦး ချစ်ကြီး အသတ်ခံရတဲ့ မနက်က မင်း ဘယ်မှာနေသလဲ"

"တစ်မနက်လုံး အရက်တဲမှာ ရှိပါတယ်"

"ဟုတ်ကဲ့လား စဉ်းစားစမ်းပါဦး"

"ရွာထဲ ခဏသွားပါတယ်"

"ဘယ်သူနဲ့ တွေ့သလဲ"

"ဒါတော့ ကျွန်တော် မပြောတတ်တော့ဘူး၊ ကျွန်တော့် အိမ်ပြန်၊ လုံချည်လဲပြီး အရက်ဖို ပြန်ခဲ့တာပဲ"

"လမ်းမှာ ဘယ်သူနဲ့များ တွေ့သေးသလဲ"

"မတွေ့ပါဘူး"

"ဘယ်အချိန် အရက်ဖို ပြန်ရောက်သလဲ"

"ဆယ်နာရီလောက်"

"မင်း ဘယ်လမ်းက ရွာထဲသွားသလဲ"

"လှည်းလမ်းက သွားပါတယ်"

"ကိုင်းတောဘက်က ဖြတ်ရင် ရွာဘက် နီးရက်သားနဲ့ ဘာကြောင့် ဝေးအောင် လှည်းလမ်းက သွားရတာလဲ"

"အစက နတ်ရွာကုံးဘက် ထန်းလျက်ဝယ်သွားမလို့ ထွက်လာခဲ့တာပါ၊ လှည်းလမ်းကျမှ စိတ်ကူးတစ်မျိုး ပြောင်းသွားပြီး ရွာဘက်လာခဲ့ပါတယ်"

ပွဲကား ချွေးပြန်နေ၏။ ကျွန်ုပ် မေးသော မေးခွန်းများမှာ ဆက်နေပြီး မြန်လည်း မြန်ကာ အဖြေတစ်ခုနှင့်တစ်ခုကြား ပွဲတွင် စဉ်းစားချိန် လုံးဝမပေးဘဲ ဆက်တိုက်ကြီး ဖြစ်သောကြောင့် သူ့ခမျာမှာ ဖြေရင်းက ဇောချွေးများ ပြန်လာလေ၏။ သို့သော် ကျွန်ုပ် မေးခွန်းများမှာ ရိုးရိုးကလေးများသာ ဖြစ်ပါ၏။ အခါတိုင်းကဲ့သို့ အစ်ခြင်းအောက်ခြင်း မများလှသေးပါ။

"လှည်းလမ်းမှာကော ဘယ်သူနဲ့ တွေ့သလဲ"

"ဘယ်သူနဲ့မှ မတွေ့ဘူး ခင်ဗျ၊ ဩ... ကိုလှနဲ့ တွေ့ပါတယ် ကိုလှ"

"အေးစိန်နဲ့ကော"

"မတွေ့မိပါဘူး ခင်ဗျ"

"ချစ်ကြီးနဲ့ကော"

"မတွေ့ဘူး ခင်ဗျ"

"ဘခင်နဲ့ကော"

“မတွေ့ဘူး ခင်ဗျ”

“ဘခင်တဲနားက ဖြတ်လာတာ မဟုတ်ဘူးလား... မတွေ့ဘူးလား”

“မတွေ့ဘူး ခင်ဗျ”

“ဘယ်သူ့ကို တွေ့သေးသလဲ”

“ဘယ်သူ့မှ မတွေ့ဘူး ခင်ဗျ”

“မင်း ဓားပေါက သွေးတွေက ဘယ်ကသွေးလဲ”

“မသိဘူး ခင်ဗျ”

“ကျောက်တော်ကြီးဘုရားပွဲနေ့က အေးစိန် ပါသေးသလား”

“ပါပါတယ်”

“ဘယ်အချိန်ပြန်သလဲ”

“လင်းမှ ပြန်ပါတယ်”

“ကြက်ပွဲတုန်းက ဘယ်သူ ခေါင်းကွဲသေးသလဲ”

“မပြောတတ်ဘူး ခင်ဗျ”

“မင်းရှိရက်နဲ့ မသိဘူးလား”

“မမှတ်မိတော့ဘူး ခင်ဗျ”

အဆက်မပြတ် မေးသောကြောင့် လည်းကောင်း၊ အစီအစဉ်မကျဘဲ တွေ့ကရာ လျှောက်မေးသောကြောင့် လည်းကောင်း၊ ငပွမှာ ချာချာလည်နေ၏။ အနားမရှိ ဆက်တိုက်ကြီး စဉ်းစားခွင့်မပေးသဖြင့် သူ့ခမျာ မောနေ၏။ မျက်လုံးများလည်း ဣန္ဒြေမရတော့ဘဲ ဖြစ်ကာ လှုပ်ရှားနေ၏။ ကျွန်ုပ်တို့ အလုပ်ကား တရားခံ၏ ခေါင်းကို ရှုပ်အောင် စိတ်ကိုလှုပ်ရှားအောင် ပထမ လုပ်ရမည် ဖြစ်၏။ တစ်ခါတစ်ရံ ဒေါသ ဖြစ်အောင်၊ တစ်ခါတစ်ရံလည်း ဝမ်းနည်းလာအောင်၊ စိတ်အားငယ်လာအောင် ကြောက်လန့်လာအောင်၊ ချောက်ချားလာအောင် စရ

ဆွဲရပေသည်။ ထိုအထဲကပင် ကျွန်ုပ်တို့ လိုချင်သော အချက်ကလေးများကို ရွေးနုတ်ယူကြရပေသည်။

ယခု ကျွန်ုပ်သည် ငပွစိတ်ကို ချောက်ချားလာအောင်၊ လိပ်ပြာမလုံဖြစ်လာအောင် ဆွဲ၍ ပြီးလေပြီ၊ ငပွမှာ ရောက်ခါစကကဲ့သို့ တင်းတင်းမာမာ မဟုတ်တော့ဘဲ ညှိုးငယ်သော မျက်နှာကလေး ဖြစ်လာကာ မျက်လုံးကလေးတွေ ကလယ်ကလယ် ဖြစ်လာရှာပေပြီ။ ထိုအချိန်မျိုးတွင် ကျွန်ုပ်က ဆက်လိုက်ပြန်သည်။

"ဒီကိစ္စ မင်း အေးစိန်ကို မတိုင်ပင်ဘူးလား"

"မတိုင်ပင်ဘူး ခင်ဗျ"

"ဘာမတိုင်ပင်တာလဲ"

"ဗျာ… ဗိုလ်ကြီး ဘာမေးတာလဲ"

သူသည် လန့်သွား၏။ မျက်လုံးများပြူးကာ ပါးစပ်အဟောင်းသား ဖြစ်သွားရှာ၏။ မတွေ့ဘူး၊ မပြောဘူး၊ မမြင်ဘူး၊ မသွားဘူး၊ မလုပ်ဘူး စသော 'ဘူး' ပေါင်းများစွာရအောင် မေးလာခဲ့ပြီးမှ အလစ်ကောက်၍ ကျွန်ုပ်က လိုချင်သော အချက်ကို မေးလိုက်သည်တွင် ငပွခမျာမှာ ယောင်ယမ်းကာ 'မတိုင်ပင်ဘူး ခင်ဗျ' ဟု ဖြေလိုက်မိတော့သည်။ ပြီးမှ သတိရကာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခြင်း ဖြစ်ပေသည်။

"ငါ ဘာမေးတယ်ဆိုတာ မင်း မသိချင်ယောင်ဆောင်တာလား"

"ကျွန်တော် ဘာမေးမှန်း မသိတာ အမှန်ပါ ခင်ဗျာ"

"နို့ ဘာလို့ မတိုင်ပင်ဘူးလို့ ဖြေရသလဲ"

"ယောင်သွားလို့ပါ"

"လူသတ်တဲ့ ကိစ္စကို မင်းမို့ ယောင်သွားရပလေကွာ"

"ကျွန်တော် မသတ်ရပါဘူး ခင်ဗျာ"

"နို့ ဘယ်သူသတ်သလဲ... အေးစိန် သတ်သလား"

"ကျွန်တော် မသိပါဘူး ခင်ဗျား"

"မင်းစီစဉ်တဲ့ ကိစ္စကို မင်း မသိဘူးလား"

"ကျွန်တော် ဘာမှမစီစဉ်ရပါဘူး ခင်ဗျား"

"ဒါဖြင့် မင်းဓားက သူ့ဟာသူ သွားခုတ်တာပေါ့"

"ကျွန်တော့်ဓားက ပျောက်နေတာ ကြာပါပြီ ခင်ဗျ"

ကျွန်ုပ်လည်း ခေတ္တမျှအနားပေးလိုက်ပြီးမှ တစ်ဖန် မျက်နှာထား ကို တင်းမာနိုင်သမျှ တင်းမာလိုက်ကာ...

"ငပွ" ဟု သံဖြတ်နှင့် ငေါက်၍ ခေါ်လိုက်သည်။

"ဗျာ"

"မင်းငါ့ကို ဘယ်အထိ ညာဦးမလို့လဲ"

"ကျွန်တော် မညာပါဘူး ခင်ဗျာ"

"မင့်မယားက ဖြောင့်ချက်ပေးပြီးမှ မင်းက ငါ့ကို ကွယ်ဦးမလို့ လား"

ငပွ မျက်လုံးများလည်း ပြူးသွားလေ၏။

"သူ ဘာပြောပြော ကျွန်တော် မဟုတ်ရပါဘူး"

"ကိုင်း... ဒါဖြင့် စိန်ခို သွား၊ အေးစိန်ကို ခေါ်ချည်စမ်း"

"ဒီကောင်မ သက်သက် ချောက်တွန်းတာပါ"

"အေးလေ... ချောက်တွန်းသလား မတွန်းသလား သိရတာ ပေါ့၊ ဒီမှာဟေ့ ငပွ မင်းဖြောင့်ချက်မပေးပေမဲ့ မင်းလွတ်မယ် ထင်နေ သလား၊ မင်းကို ရုံးတင်ဖို့ ခုဖမ်းတာ နားလည်လား၊ ပုလိပ်ကွ နား လည်လား၊ မပိုင်ဘဲ မဖမ်းဘူး၊ မင်းလည်ပင်း ကြိုးစော်မနံဘူးလား"

ငပွကား ကျီးကန်းတောင်းမှောက်ခံရသကဲ့သို့ မျက်လုံးပြူးကာ ဓာချွေးများ အပေါက်လိုက်ကျလျက် အသားများ တုန်လာပါတော့ သည်။ ကျွန်ုပ်လည်း ဘာမျှဆက်မမေးတော့ဘဲ၊ အချုပ်ခန်းထဲ သွင်း

ထားလိုက်၏။ ဤကား တရားခံစိတ်ကို ချောက်ချားသွားစေကာ၊ တစ်ယောက်တည်း အတွေးအမျိုးမျိုးနှင့် အားငယ်သွားစေသော နည်းတစ်နည်းပင် ဖြစ်ပေ၏။ ရောက်စကတည်းက သူ့စိတ်ကို ချောက်ချားသွားစေအောင် အမျိုးမျိုး မေးမြန်းစစ်ဆေးပြီးနောက်၊ ယခုကဲ့သို့ တစ်ယောက်တည်း စဉ်းစားခွင့်ပြုလိုက်သောကြောင့် သူသည် အလိုလို ကြက်သီးထကာ လန့်လာရပေမည်။

ကျွန်ုပ်သည် အေးစိန်လာလျှင် ဂါတ်တဲပေါ်တွင် စစ်၍မဖြစ်၊ ထို့ကြောင့် ကျွန်ုပ်အိမ်သို့ ပြန်ကာ စောင့်နေခဲ့၏။ အနေးနှင့်အမြန် ငပွ ဖြောင့်ချက်ပေးရမည်ကို ကျွန်ုပ်ကတော့ အတပ်တွေးထားပြီဖြစ်၏။ ငပွကား ကျွန်ုပ် ထင်သလောက် ခေါင်းမမာလှပေ။ နာရီဝက်ခန့် အကြာတွင်ပင် အေးစိန် ရောက်လာလေသည်။

"ကိုင်း မရွှေအေး ဒီကြွပါဦး" ကျွန်ုပ် မျက်နှာသည် စောစောကကဲ့သို့ ချိုချိုအေးအေး မဟုတ်တော့ အေးစိန်သည် ကျွန်ုပ်အသံနှင့် မျက်နှာထားကို လန့်သွားပြီး မျက်နှာပျက်ကျသွား၏။

"ဘာများလဲ ဗိုလ်ကြီး"

"နင့်လင်ကိစ္စပေါ့"

"ကိုချစ်ကြီး ကိစ္စလား"

"မဟုတ်ဘူး၊ နင် နောက်ယူမယ့်လင်"

"ကိုပွလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲရှင်"

"ဘာဖြစ်တယ်ဆိုတာ နင် အသိဆုံးနေမှာပေါ့ အခု ဖမ်းထားပြီ"

"ရှင် ဖမ်းထားပြီ ဟုတ်လား"

"အေး ဖမ်းထားပြီ"

"ဘာပြုလို့လဲရှင်"

"ချစ်ကြီးကို သတ်မှုမှာပါလို့၊ ကိုင်း မချွေအေး နင့်လင်က တော့ တို့ကို ဖြောင့်ချက်ပေးပြီးပြီ၊ နင်ကကော ပေးမှာလား မပေးဘူး လား"

"သူက ဘာပြောသလဲ ဗိုလ်ကြီးရယ်"

"ဘာများ ပြောစရာရှိသေးသလဲ၊ နင်တို့ စီစဉ်တာတွေ ပြော တာပေါ့"

အေးစိန်သည် ကျွန်ုပ်အား ပါးစပ်ကြီး အဟောင်းသားနှင့် အံ့အားသင့်စွာ စိုက်ကြည့်နေရာက ဘာမျှမပြောတော့ဘဲ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုချလိုက်ပါတော့သည်။

"ဟဲ့... ဒီနေရာမှာ ငိုနေဖို့ မလိုဘူး၊ ငါ မေးတာသာဖြေ၊ ပြောစမ်း... နင်တို့ ဘာလို့ ဒီလိုလုပ်တာလဲ"

ကျွန်ုပ်သည် ထိုစကားကို ရဲဝံ့စွာပင် မေးရဲပေပြီ။

"ကျွန်မ မပြောပရစေနဲ့တော့ ဗိုလ်ကြီးရယ်"

"မပြောလို့ ဘယ်ဖြစ်မလဲဟ ပြောစမ်း နင်တို့ ဘယ်လိုသတ် တယ်ဆိုတာ"

"ကိုပွပြောပြီးလည်း ပြီးရောပေါ့ ဗိုလ်ကြီးရယ်" ဟု မျက်နှာ ကို မဖော်ဘဲ ရှိုက်သံနှင့် ပြန်ပြောလျက် ရှိသည်။

"နင့်လင်ပြောတာနဲ့ နင်ပြောတာ တခြားစီပဲ"

အေးစိန်သည် မျက်နှာကိုဖော်၍ ကုလားထိုင်ပေါ်မှ ဆင်းလိုက် ကာ ကျွန်ုပ် ခြေရင်းကို ဝင်ဖက်လိုက်ပြီးလျှင်–

"ချမ်းသာပေးပါ ဗိုလ်ကြီးရယ်၊ ကျွန်မတို့ကို ချမ်းသာပေး နိုင်ရင် ပေးပါဦး၊ ဗိုလ်ကြီး ကျေးဇူးကို တစ်သက်လုံး မမေ့ပါဘူး" ဟု သူ့ခေါင်းနှင့် ကျွန်ုပ်ခြေကို ပွတ်ကာ ရှိုက်ကြီးတငင် ငိုကြွေး၍

အသနားခံပါတော့သည်။

"အေးလေ ငါ သက်သာအောင်တော့ ကြည့်လုပ်ပေးမှာပေါ့ ဟာ။ ကိုင်း... ထ ထ နင်တို့လုပ်ပုံ ပြောစမ်းပါဦး"

"ကိုပွ အပြစ်မဟုတ်ပါဘူးရှင် ကျွန်မ သတ်တာပါ"

"ဟုတ်ကဲ့လား အေးစိန်၊ နင် ငပွအစား ဝင်ခံနေတာလား"

"မဟုတ်ပါဘူးရှင် ကျွန်မ သတ်တာပါ"

"ဘယ်လိုသတ်တာလဲ"

"ထိုင်နေတုန်း နောက်ကနေ ခေါင်းကို ထင်းချောင်းနဲ့ ရိုက်ချလိုက်တာပါ"

"ဓားနဲ့ ခုတ်တာဆို"

အမှန် ထိုမေးခွန်းမှာ အစ်လုံးမျှသာ ဖြစ်၏။ ဆရာဝန်ဆေးစာအရ အုပ်ခွဲတွင် ဓားခုတ်ရာရှိသည်ဟု ပါရှိသည် မဟုတ်ပါလား။

"မညာပါဘူးရှင်"

"မလိမ်နဲ့လေ ငပွက တစ်မျိုး၊ နင်က တစ်မျိုးပြောနေရင် နှစ်ယောက်စလုံး အကျနာလိမ့်မယ်၊ ငါလည်း မတတ်နိုင်ဘူး"

ထိုစကားကြောင့် အေးစိန်လည်း တွေသွားပြီးမှ သက်မ တစ်ချက်ချလိုက်ပြီးလျှင် ကျွန်ုပ်အား မော်ကြည့်လိုက်ပါသည်။

"ဟုတ်ပါတယ် ဓားနဲ့ ခုတ်ပါတယ်"

"အစက ပြောပြီးရော၊ နင်က တုတ်နဲ့ရိုက်၊ ငပွက ဓားနဲ့ ဝင်ခုတ် ဟုတ်လား၊ မိုက်ပါဘိ အေးစိန်ရာ နင် ဘာလို့ ဒါလောက် မိုက်ရသတုန်း"

"ကျွန်မ နည်းနည်းမှ မလုပ်ချင်ပါဘူး ဗိုလ်ကြီးရယ်၊ ကိုပွက တိုက်တွန်းလွန်းလို့ လုပ်ရတာပါ"

အဖြေကား ရှင်းသွားလေပြီ၊ ကျွန်ုပ်တို့တာဝန်မှာ အေးစိန်

အား မိန်းမအချုပ်ခန်းရှိသော ဌာနသို့ပို့၍ ချုပ်ပြီး ငွေအား ဆက်လက်စစ်ဆေးရန်ပင် ဖြစ်ကာ အခြားအရေးပါမည့် သက်သေများကို စစ်ချက်ယူရန်သာ ကျန်တော့လေသည်။ တုတ်နှင့်ဓားကား အရေးကြီးသည့် သက်သေခံပစ္စည်းများ ဖြစ်လာရ၏။

ဤကား ကျွန်ုပ်တို့ ရဲအဖွဲ့၏ လုပ်ငန်းပင် ဖြစ်ပါသည်။ စိတ်ကူးယဉ် စုံထောက်ဝတ္ထုများတွင် စုံထောက်ကျော်တို့ ဉာဏ်ကစား ထားပုံမျိုး လုံးဝမပါပေ။ ဤဝတ္ထုသည် ထိုစိတ်ကူးယဉ် စုံထောက်ဝတ္ထုများနှင့် လားလားမျှမတူဘဲ၊ လက်တွေ့ပုလိပ်သဘောကို တင်ပြခြင်းသာလျှင် ဖြစ်ပါသည်။ ခြေရာပုံသွင်း၊ ပလတ်စတာနှင့် လက်မပုံစံရှာသော ပေါင်ဒါ၊ မှန်ဘီလူး စသည့် ပစ္စည်းများနှင့် ဟိတ်ကြီးဟန်ကြီးတွေ ရေးထားသော စိတ်ကူးယဉ် စုံထောက်မှုမျိုးနှင့်ကား တခြားစီ တစ်ဘာသာစီ ဖြစ်ပေလိမ့်မည်။

လူသတ်မှုတစ်ခု ဖြစ်ပွားလိုက်သည်ဆိုလျှင် တာဝန်ခံပုဂ္ဂိုလ်တို့မှာ အဘယ်မျှ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း စဉ်းစားစုံစမ်းရသည်၊ အဘယ်မျှ စိတ်ရှည်လက်ရှည်ရှိရသည်၊ အဘယ်မျှ ခေါင်းအေးအေးနှင့် တွေးခေါ်ရသည်များကို တင်ပြရခြင်းလည်း ဖြစ်ပါသည်။

ရဲအလုပ်ကို အပြင်ပန်းအားဖြင့် ခပ်ပေါ့ပေါ့ ဝေဖန်ရှုတ်ချတတ်ကြသော မိတ်ဆွေများအတွက်လည်း ပုလိပ်အလုပ်သည် အဘယ်မျှ ခက်ခဲနက်နဲပုံနှင့် အမှုအခင်း ဖြစ်ပေါ်ပုံခြင်း မတူပုံကို ဖော်ရှင်းပြခြင်းလည်း ဖြစ်ပါသည်။ ဤအဖြစ်အပျက်၌ ပုလိပ်အတွေးအခေါ် မှန်ကန်သည်၊ မှားယွင်းသည် စသည်များကို အဓိကမထားဘဲ စာရေးသူသည် ပုလိပ်အလုပ်သဘောကို ပြည်သူလူထု နားလည်စိမ့်သောငှာ ရေးသားတင်ပြလိုက်ခြင်းသာ ဖြစ်ပါသတည်း။

မြဝတီမဂ္ဂဇင်း၊ မေ၊ ၁၉၅၃။



## ကလေးတို့အဖေ

အခါတိုင်း အင်မတန် စကားများသော မောင်နှမနှစ်ယောက်သည် ယနေ့တော့ စကားတစ်ခွန်းမျှမပြောဘဲ သူတို့ရှေ့တွင်ရောက်နေသော ထမင်းပန်းကန်များကို ဆွဲယူ၍ ငြိမ်သက်တိတ်ဆိတ်စွာ စားနေကြလေသည်။ ယနေ့ချက်သည့် ငါးခြောက်ဟင်းကို သူတို့ မကြိုက်ကြသော်လည်း တစ်ခွန်းမျှ ကြေးမများဘဲ ခေါင်းတွေသာ ငုံ့၍ စားနေကြသည်ကို မြင်ရလေ၏။ သူတို့နှင့်အတူ မဝင်းမေလည်း အတူဝင်၍ စားသည်။ စားရင်းကလည်း အမူအရာ ထူးခြားနေသည့် ကလေးနှစ်ယောက်ကို အကဲခတ်နေမိလေ၏။ ယခုကဲ့သို့ အမူအရာတွေ ပြောင်းလဲလာခဲ့သည်မှာ ယနေ့နံနက်မှစ၍မဟုတ်၊ လွန်ခဲ့သော နှစ်ပတ်ခန့်ကတည်းက ဖြစ်ပေသည်။

မောင်နှမ နှစ်ယောက်၏ အနေအထိုင်သည် သိသိသာသာကြီး ထူးခြားပြောင်းလဲလာခဲ့၏။ ၎င်းတို့သည် ယခင်ကလိုလည်း တွက်ခြင်း၊ ကပ်ခြင်း၊ ရန်ဖြစ်ခြင်း မရှိကြတော့။ ဟင်းမကောင်းသဖြင့် ကြေးများလားကြေးတူလားလည်း မရှိကြတော့။ သူတို့အမူအရာကလေးများသည် ကလေးများနှင့် မတူကြတော့ဘဲ လူကြီးများလို တည်တည်ကြည်ကြည်

ကလေးတွေ ဖြစ်နေကြ၏။ သူတို့မျက်နှာကလေးများသည် ပြဿနာ တစ်ရပ်ကို လေးလေးနက်နက်စဉ်းစား အဖြေရှာနေကြသည်နှင့်လည်း တူနေ၏။ ပြီးတော့ အရင်ကလို တကွဲတပြားစီ မတွေ့ကြရတော့ဘဲ မောင်နှမနှစ်ယောက် ရင်းရင်းနှီးနှီး ဆက်ဆံကာ ရင်းရင်းနှီးနှီး ပြောဆို တိုင်ပင်နေကြသည်ကိုလည်း ရံဖန်ရံခါ တွေ့နေရလေသည်။

မဝင်းမေသည် ကလေးများ အမူအရာ ပြောင်းလဲနေသည်ကို ကြည့်ရင်းက သက်မအကြိမ်ကြိမ်ချကာ စိတ်မကောင်း ဖြစ်နေလေ၏။ သူ့ကိုယ်သူလည်း လိပ်ပြာမလုံဖြစ်ကာ မိမိမွေးသည့် သမီးနှင့် သားကိုပင် အလိုလို မျက်နှာမထားဝံ့အောင် ဖြစ်လာခဲ့ရပေသည်။

ထမင်းစားသောက်ပြီး မီးဖိုထဲမှ ထွက်သွားကြသောအခါ မဝင်းမေသည် သက်မကလေး တစ်ချက်ချလိုက်ပြီး စားလက်စ ထမင်း ကို ဆက်၍ စားလေ၏။ သို့သော် ထမင်းကို စား၍သာ စားနေရသည် အရသာကား မရှိချေ။ သို့နှင့် သူသည် သမီးနှင့်သား စားပြီး၍ ထားခဲ့သော ပန်းကန်များကိုဆင့်၍ ဆေးကြောရန် ထလာခဲ့လေသည်။

ပန်းကန်များကို ဆေးရင်းလည်း ကလေးများအကြောင်းကို စဉ်းစားနေမိ၏။ ကလေးများ အမူအရာ ပြောင်းလဲနေပုံ၊ စကားနည်း နေကြပုံ၊ သူ့အား ခပ်စိမ်းစိမ်း ဖြစ်လာပုံများကို စဉ်းစား၍ စိတ် မကောင်းနိုင်အောင် ရှိနေတော့လေ၏။ ဘာကြောင့် ဤမျှဖြစ်သွားကြရ သည်ကိုလည်း မဝင်းမေ အံ့ဩနေမိ၏။ ထိုကဲ့သို့ ပြောင်းလဲသွားကြ လိမ့်မည်ဟု သူ လုံးဝ မထင်ခဲ့။ ထိုကဲ့သို့ ပြောင်းလဲသွားကြမည့် အသိတရားလည်း ရှိကြလိမ့်ဦးမည်ဟု မထင်ခဲ့။ ယခုတော့ သူ့အထင်နှင့် အမြင်မှာ အကွာကြီးကွာကာ သူ ထင်သည်ထက် သူ့သမီးနှင့်သားများက လေးလေးနက်နက် ဖြစ်နေကြသည်ကို တွေ့ရသဖြင့် များစွာ အံ့ဩလျက် နေမိတော့လေသည်။

ကလေးများ အမူအရာ ပြောင်းလဲသွားခဲ့ကြသည်မှာ လွန်ခဲ့သော နှစ်ပတ်ခန့်က ဖြစ်၏။ အိမ်သို့လာလာနေသော စုံထောက်ရာဇဝတ်အုပ် ကိုခင်မောင်သောင်းကို သူ ယူတော့မည်ဟု ပြောပြလိုက်သည့် ညကတည်းက ဖြစ်၏။ ထိုညက အိပ်ရာအဝင်တွင် ခုတင်ဆောင်တွင် ဒူးထောက်လျက် လက်ကလေးများယှက်ကာ ဆုတောင်းရင်း "ဖေဖေ့ကို ဘုရားမပါ" ဟု ရေရွတ်သံများကို သူ ကြားရသေး၏။ ထိုဆုတောင်းသံကိုကြားရသည်မှာ နေ့တိုင်း ညတိုင်းဖြစ်၏။ ၎င်းတို့မှာ ထိုဆုတောင်းကို မသင်ရ မကြားရဘဲ အလိုလိုတတ်ကာ အကျင့်ပါနေကြ၏။ မဝင်းမေသည် ထိုအချိန်က ၎င်းတို့နှင့် ခပ်လှမ်းလှမ်းတွင်ရှိရာ ကလေးများ ဆုတောင်းသံကို ကြားနေရလေသည်။ ထိုနေ့ညတွင်ပင် မဝင်းမေသည် ကိုခင်မောင်သောင်းအား ယူတော့မည့် အကြောင်းကို သားနှင့် သမီးတို့အား ဖွင့်ဟအသိပေးလိုက်ပေသည်။

သူက ထင်၏။ ထိုသတင်းကို ကြားရလျှင် အားရဝမ်းသာဖြင့် အိပ်ရာမှ လူးလဲထကာ သူ့ရင်ခွင်သို့ ပြေးဝင်လာကြပြီး မေးခွန်းပေါင်းများစွာ မေးလိမ့်မည်ဟု ထင်၏။ ဘယ်တော့ ယူမည်၊ ယူပြီး ဘယ်မှာနေကြမည်၊ သူတို့က ကိုခင်မောင်သောင်းကို ဘယ်လိုခေါ်ကြရမည် စသည်များကို အလုအယက် မေးကြပြီး ဇွေဇွေ့ခုန် ဝမ်းသာနေကြလိမ့်မည်ဟု သူ ထင်ခဲ့ပေသည်။ ယခုတော့ ထိုလှုပ်ရှားမှုမျိုးကို မမြင်ရဘဲ အံ့အားသင့်သော မျက်လုံးများနှင့် သူ့ကိုပြူး၍ စိုက်ကြည့်နေကြသည်ကို တွေ့လိုက်ရပြီး တစ်ခွန်းမျှပြန်၍ မေးခြင်း၊ ပြောခြင်း မပြုဘဲ ငြိမ်သက်သွားကြလေလည်း။ သမီး အမာသည် သူ့ အမေကို တွေတွေကြီးကြည့်လျက် သား အပါကား လုံးဝ မကြည့်ဘဲ မျက်နှာလွှဲပစ်လိုက်သည်။ ခေါင်းအုံးအောက်မှ သူ ကစားနေကျ ခြောက်လုံးပြူး အတုကလေးကို ဆွဲထုတ်ကာ တစ်ခါမျှ မမြင်ဖူးသည့် ပစ္စည်းတစ်ခုကို ကြည့်နေသလို ကြည့်နေသည်ကို မဝင်းမေ မြင်ခဲ့ရပေသည်။

မဝင်းမေသည် အလိုလို လိပ်ပြာရှက်လာသည်။ ဤ ၁၀ နှစ်အရွယ်၊ ၁၃ နှစ်အရွယ် ကလေးများက သူ့ကို ဤမျှထိခိုက်စေလိမ့်မည်ဟု သူ မထင်ခဲ့ပေ။ သို့နှင့် သူသည် အနီးရှိ ရယ်ရွှင်ဖွယ် စာအုပ်ကလေးကို ကောက်ယူပြီး ပြတင်းပေါက်ရှိရာသို့ ထွက်လာခဲ့ရလေသည်။ ကလေးများက ဘယ်သို့မျှ ပြန်၍ ထင်မြင်ချက်မပေးသည်ကိုကပင်လျှင် သူ့အဖို့ စကားဆက်ရန် ခက်လာရသည်။ သို့သော် ဤအတိုင်း စကားဖြတ်ပစ်ရန်ကလည်း မဖြစ်နိုင်သဖြင့် ကလေးများကို ကျောပေးထားရာက ပြန်လှည့်လိုက်ပြီး...

"မေမေ့အစီအစဉ်ကတော့ အားလုံးကောင်းဖို့ပဲ၊ ကိုခင်မောင်သောင်းကို မေမေ ယူလိုက်တဲ့အတွက် သမီးတို့ သားတို့မှာ အကျိုးမယုတ်ပါဘူး။ မေမေတို့အားလုံး ချောင်ချောင်လည်လည် ဖြစ်လာမယ်၊ သမီးတို့ သားတို့လည်း ကျောင်းဆက်နေနိုင်မယ်။ မေမေလည်း အခုလောက် ပင်ပန်းတော့မှာ မဟုတ်ဘူး။ ကိုခင်မောင်သောင်းကို ယူရင် မေမေတို့ သူ့အိမ်ကို ပြောင်းနေရမယ်၊ အဲဒီလိုနေရတယ်ဆိုရင် ခုထက် ကျယ်ကျယ်ဝန်းဝန်းလည်း ရှိမယ်၊ ပျော်စရာလည်း ကောင်းမယ်၊ သားတို့သမီးတို့ ဘဝလည်း ခုထက် တောက်ပြောင်လာမယ်လို့ မေမေထင်တာပဲ။ မေမေဟာလည်း သားတို့သမီးတို့ကို အချိန်ပြည့် စောင့်ရှောက်နိုင်တဲ့ အမေတစ်ယောက် ဖြစ်လာမယ် မဟုတ်လား..."

ပြောရင်းကပင် မဝင်းမေအသံသည် တဖြည်းဖြည်း ပျော့လာလေ၏။ ဆက်ပြောရန်လည်း စကားရှာမရ ဖြစ်လာ၏။ ဤတွင် သားဖြစ်သူ အပါက သူ့ခြောက်လုံးပြူးကို ပွတ်နေရာက မိခင်ဘက်သို့ လှည့်လိုက်ကာ...

"ဒို... ဖေဖေကိုတော့ ဘယ့်နှယ်လုပ်မလဲ၊ ဖေဖေက ဘာပြောမလဲ" ဟု မေးလိုက်လေသည်။

ထိုအမေးကို မဝင်းမေသည် တော်တော်နှင့် မဖြေနိုင်။ သူ့လျှာများသည် အာစေးမိသူကဲ့သို့ လေးသွားလေ၏။ သူတို့အဖေကို မမျှော်လင့်သင့်တော့ကြောင်း မဝင်းမေ ပြောပြချင်သည်။ ၉ နှစ်လုံးလုံး ပေါ်မလာတော့သော သူတို့အဖေကို မျှော်လင့်ရန် အကြောင်းမရှိတော့သည်ကို လည်းကောင်း၊ ကွာခဲ့ရှင်းခဲ့ကြပြီ ဖြစ်သည်ကို လည်းကောင်း၊ အတိတ်ကို ဆောင်ပြချင်သည်။ သို့သော် ထိုကိစ္စများကို ဘယ်တော့မျှ မပြောဟု ဆုံးဖြတ်ထားခဲ့သောကြောင့် အပါက မေးသော မေးခွန်းကိုလည်း သူ ရုတ်တရက် မဖြေပေးတတ်နိုင်ခဲ့ပေ။

"သမီးတို့ ဦးလေးသောင်းကိုတော့ ချစ်ပါတယ်"

သမီး အမာက ဝင်ထောက်လိုက်သည်။ သို့သော် သူ့စကားသည် မပြတ်သားဘဲ အဖျားတွင် တစ်စုံတစ်ခု ဆက်ရန် ရှိသေးသည့်အသံမျိုး ဖြစ်နေသဖြင့် မဝင်းမေက "ဘာဖြစ်သလဲ" ဟု မေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ ဖေဖေ ပြန်လာခဲ့ရင် ဘယ့်နှယ်လုပ်မလဲ"

မဝင်းမေသည် ဘာမျှဆက်မပြောချင်တော့အောင် ဖြစ်သွားသည်။ နောက်ဆုံးတွင်မှ....

"မင်းတို့ ဖေဖေလည်း မလာတော့ပါကူးကွယ်" ဟု ဖြေလိုက်ပြီး အခန်းပြင်သို့ လေးလံသော ခြေလှမ်းများနှင့် ထွက်လာခဲ့ရတော့လေသည်။

ထိုသို့ထွက်အလာ၌ သူ့နောက်မှ "ဟုတ်တယ်... ဖေဖေ တကယ်လို့ ပြန်လာမယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ... ဖေဖေဟာ တို့အတွက် ပိုက်ဆံတွေရှာနေတာ ဖြစ်ချင်ဖြစ်မှာ" ဟူသော အသံကို ကြားလိုက်ရလေသည်။

မဝင်းမေစိတ်သည် ချာချာလည်သွားခဲ့၏။ သူ့လင် ညွန့်တင်ကား သူ့ကလေးများ ထင်သကဲ့သို့ လောဘသမား တစ်ယောက်

မဟုတ်ပေ။ ရှိကလည်း သူ့ဟာသူသာ ချစ်ခဲ့ပေသည်။ သူတို့အဖေကို သူတို့ မှတ်မိလောက်အောင်မျှ မမြင်ဖူးလိုက်ကြပါပဲလျက် ယခုလောက် သူတို့က အဖေ ခင်နေကြသည်ကို အံ့သြလျက် ရှိလေ၏။

အမှန်ကတော့ ယခုကဲ့သို့ အဖေကို သူတို့တစ်တွေ မျှော်လင့်နေကြသည်မှာ သူ့ကြောင့်ပဲ ဖြစ်၏။ သူ့အပြစ် ဖြစ်၏။ ဤကလေးတွေကို ယနေ့အထိ အဖေရှိကြောင်း အသိပေး၍ ထိုအဖေကို မျှော်လင့်နေချင်အောင် သူကလည်း ပြုလုပ်ပေးခဲ့၏။ မဝင်းမေသည် မကြာသေးမီကမှ သားနှင့် သမီးများအတွက် ပို့လိုက်သော နံရံတွင် ချိတ်ထားသည့် ကိုညွန့်တင် ဓာတ်ပုံကို တွေတွေကြီး စိုက်ကြည့်လိုက်မိ၏။ ကလေးများသည် ထိုပုံကို တစိမ့်စိမ့်ကြည့်၍ သူတို့အဖေ ရှိသေးသည်ကို အားကိုးလျက် ရှိ၏။ ဂုဏ်ယူလျက် ရှိ၏။ ကိုညွန့်တင်က သူ့ထံသို့ တစ်ခါမျှ စာမရေးခဲ့၊ သူ့ကလေးတွေအတွက်တော့ မကြာမကြာ စာအုပ်တွေ၊ အရုပ်ကားကလေးတွေ၊ ဓာတ်ပုံကလေးတွေ ပို့ခဲ့သည်။ သည်တော့ သည်အဖေကို သည်ကလေးတွေ မမေ့နိုင်သည်မှာ မဆန်းတော့ မဆန်းပါပေ။

ကလေးတွေ မမေ့သလို၊ ကလေးတွေ အားကိုးသလို၊ သူလည်း မမေ့ခဲ့ပါ၊ အားလည်း ကိုးခဲ့ပါသည်။ သို့သော် အားကိုးရာ မရောက်ခဲ့ပါ။ ကွာရှင်းပြီး မိမိမိခင်အိမ်သို့ မိမိဆင်းလာခဲ့ရပြီးကတည်းက သူ့ထံမှ မည်သည့်အထောက်အပံ့မျှ မရခဲ့တော့ပေ။ သူ့ခမျာမှာ ဤရဲ့အတတ်သင်ကျောင်းတွင် ကုန်စုံဆိုင်ကလေး ဖွင့်၍ ဤကလေးနှစ်ယောက် တာဝန်ကြီးကို တစ်ယောက်တည်း ထမ်းဆောင်လာခဲ့ရပေသည်။ တစ်ခါတစ်ရံ ကလေးများထံ ရောက်လာတတ်သည့် စာများ အရသာလျှင် သူ ဘယ်တိုင်းပြည်ရောက်နေသည်ကို သိရသည်။ သူ့နေရပ်အမှန်ကို အတိအကျ မသိရပေ။ နောက်ဆုံးရသော စာအရ သူ ထိုင်းနိုင်ငံတွင် ရောက်နေသည် ဆိုတာကိုတော့ သိရပေသည်။

သားဖြစ်သူ အပါက...

"မေမေ... ဖေဖေ့ကို ပြန်လာပါလို့ တစ်ခါမှ မခေါ်ဘူးလား" ဟု မေးသည့်အခါ မဝင်းမေသည် မျက်နှာလွှဲ၍ ပစ်ခဲ့ရသည်။ မေးလွန်းမက မေးသည့်အခါ "နင်တို့ နောက်ကို ဒီကိစ္စ ဘယ်တော့မှ မမေးနဲ့" ဟု အပိုင်ပြောပစ်ခဲ့သည်။

သူတို့အဖေနှင့် ကွဲခဲ့ကြပုံမှာလည်း အရေးတကြီး အကြောင်းမရှိ၊ စိတ်သဘောထားချင်း မတိုက်ဆိုင် ဟူသော အကြောင်းတစ်ခုသာပဲ ရှိသည်။ သည်အကြောင်းကိုလည်း ကလေးများကို ပြောပြ၍ နားလည်နိုင်မည် မဟုတ်ပေ။ မေးခွန်းများသာလျှင် အထပ်ထပ်ပေါ်လာမည်ဖြစ်သည်။ အပြောကျယ်လှသည့် အိမ်တွင်းရေးပဋိပက္ခကို ကလေးများ နားလည်အောင် ရှင်းပြဖို့က မလွယ်ပါပေ။

အပြင်ခန်းတွင်ပါလာသော စာအုပ်ကို စိတ်မပါဘဲ လှန်နေစဉ် မဝင်းမေ့စိတ်သည် ကိုညွန့်တင်၏ထံ ရောက်နေသည်။ လင်တစ်ယောက်အနေဖြင့် အဘယ်အကျိုးကျေးဇူးမျှ မခံယူခဲ့ရသော လင်ဆိုး တစ်ယောက်အသွင်ကိုသာ သူမြင်သည်။

တစ်ဖက်မှ ကိုခင်မောင်သောင်းကား သူတို့ဘဝကို အမှောင်ထဲမှ ဆွဲတင်မည့်သူဟု သူက ယူဆသည်။

ထိုယူဆချက်ကြောင့်လည်း ကိုခင်မောင်သောင်းကို သူယူပါမည်ဟု ကတိပေးခဲ့ခြင်း ဖြစ်သည်။ သို့ကတိပေးခဲ့ရာတွင်လည်း သူသည် လွယ်လွယ်ကူကူတော့ မဟုတ်ခဲ့ပေ။ ဤသမီးနှင့် ဤသားများအရေးကို စဉ်းစားခဲ့ပါသည်။ အချိန်အတော်များများ စဉ်းစားပြီးမှ ပေးခဲ့ခြင်းဖြစ်ရာ သူ့အဖို့ မှားသော ဆုံးဖြတ်ချက်ဟု မယူဆခဲ့ပေ။ ပြီးတော့ သူ့အရွယ်ကို စစ်လိုက်ပြန်သောအခါ၌ ကလေးနှစ်ယောက်အမေသာ ဆိုရသည်။ သန်တုန်းမြန်တုန်း သွေးသားကောင်းတုန်း အရွယ် ၃၅ နှစ်မျှသာ ရှိသေးသည်။

ထိုကိစ္စများကို စဉ်းစားနေစဉ် သူ့နောက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ သားအပါ ဖြစ်နေသည်ကို တွေ့ရသည်။

"ဟဲ့... သား မအိပ်သေးဘူးလား"

"သား အိပ်မရဘူး မေမေ... မေမေ့ကို သား တောင်းပန်စရာ ရှိလို့" ဟု ပြော၍ သူ့အပါးသို့ ကပ်လာသည်။

"ဘာများလဲ သားရယ်..."

"သားတို့လေ... ဦးလေးသောင်းကို သဘောကျပါတယ်။ မေမေ့ကို သား ဘာမှပြန်မပြောတာ ဖေဖေလာရင် ဘယ်လိုလုပ်မယ် ဆိုတာ စဉ်းစားနေလို့ပါ။ ဦးလေးသောင်းကို သားတို့ ချစ်ပါတယ်"

မဝင်းမေသည် သူ့သားကို ကြည့်ရင်း မျက်ရည်တွေ ဝေကျလာသည်။ သို့နှင့် သူ့သားကို လှမ်းဆွဲပြီး ရင်ခွင်ထဲသို့ သွင်းလိုက်ကာ သား၏ ကျောပေါ်တွင် ခေါင်းတင်၍ မျက်နှာကို ဝှက်ပစ်လိုက်ရတော့လေသည်။ အတန်ကြာမှ...

"မေမေ သားကို ခွင့်လွှတ်ပါတယ်ကွယ်...၊ မေမေ စီစဉ်တာလည်း မေမေ့အဖို့ထက် သားတို့ဖို့ပါ။ သားတို့ရှေ့ရေးကို မေမေ တစ်ယောက်တည်း မကြိုးစားနိုင်လို့ မေမေ ကိုခင်မောင်သောင်း အကူအညီကို ယူနေတာပါ။ ကိုင်း ကိုင်း... အိပ်ချည်တော့နော် ဟုတ်လား... မေမေ သားကို ခွင့်လွှတ်ပါတယ်" ဟု ချော့မော့ပြီး ပြန်လွှတ်လိုက်ရလေသည်။

သို့သော် သူ့သားနှင့် သူ့သမီးတို့သည် ထိုညမှစ၍ အမူအရာတွေ ပြောင်းလဲလာခဲ့ပေသည်။

ထို့ကြောင့် မဝင်းမေသည် ထိုထူးခြားချက်များကို မြင်ရတိုင်း သက်မတချချနှင့်ဖြစ်ကာ အလိုလို ရှက်ကြောက်လာခဲ့သည်။ သို့သော် ကိုခင်မောင်သောင်းအား ပေးပြီးသည့် ကတိကိုမူ ရုပ်သိမ်းခွင့် မရတော့

ပေ။ မနက်ဆိုလျှင် ကိုခင်မောင်သောင်းကို တွေ့နေရ၊ မြင်နေရသည်။ တွေ့တိုင်းလည်း လက်ထပ်ကြမည့် နေ့ရက်အကြောင်းကို ပြောနေသည်။ လက်ထပ်ပြီး နေကြထိုင်ကြဖို့ အစီအစဉ်တွေကိုလည်း ကြားနေရသည်။ ကိုခင်မောင်သောင်းသည် သူ့အား ကလေးနှစ်ယောက်အမေဟု သဘော မထားဘဲ အပျိုစင်တစ်ယောက်ကိုရတော့မည့် သတို့သားကဲ့သို့ ဝမ်းသာ အားတက်လျက် ရှိသည်။ သူ့သားနှင့် သမီးတို့အရေးကို လေးလေးစား စား စဉ်းစား၍ ထိုတာဝန်များကို ယူပါ့မည် ဟူသော ကတိတွေကို ပေးလျက် ရှိသည်။ ထိုရိုးသားသော မေတ္တာရှင်ကို မဝင်းမေ ငြင်းပယ် ရန်မှာ ခဲယဉ်းလှတော့သည်။

တစ်ဖန် သူနှင့် ကိုခင်မောင်သောင်း ယူတော့မည့် သတင်း သည်လည်း အတော်ကလေး ပျံ့နှံ့နေလေပြီ။ သည်လိုပျံ့နှံ့နေသည့် အတွက် သူ့အဖို့ နောက်ဆုတ်ရန် မလွယ်ကူတော့ပေ။ ပြီးတော့ ထို သတင်းကို ကြားရသူတိုင်း ဝမ်းသာနေကြသည်။ သူ့ကို မည်သူကမျှ အပြစ်မတင်ပေ။ မဝင်းမေ ကံကောင်းသည်ဟူ၍သာ ပြောဆိုကြသည်။ ၉ နှစ်လုံးလုံး အိမ်ထောင်မပြုဘဲ ပိပိရိရိ လုပ်ကိုင်စားသောက်လာခဲ့သော မဝင်းမေကို ဘယ်သူက ကဲ့ရဲ့ပါမည်နည်း။ ပြီးတော့ ကိုခင်မောင်သောင်း ဆိုတာကလည်း လူချစ်လူခင် ပေါသူတစ်ယောက် ဖြစ်ပြန်သည်။ ရိုးရိုးသားသား ပိပိပြားပြားနှင့် ဣန္ဒြေရှိသော မဝင်းမေကို ယူစေ ချင်လှသည်။ သည်တော့ ထိုကိုခင်မောင်သောင်းကို ငြင်းပယ်ရန်မှာ မလွယ်ကူလှတော့ပေ။ ပြီးတော့ ကိုခင်မောင်သောင်းက သူ့အား လက်ထပ်လိုကြောင်း ခွင့်တောင်းစဉ်က သူ့ဘဝကို တင်ပြခဲ့သည်။ သူ့ကလေးနှစ်ယောက်ကို ထုတ်ပြခဲ့သည်။ ထိုတာဝန်တွေကို ကိုခင်မောင် သောင်းက ယူနိုင်ကြောင်း ကတိပြုခဲ့ပေသည်။

သည်တော့ ကလေးနှစ်ယောက် ဆန္ဒကို မရရှိဘဲ ထို ကိုခင်မောင်သောင်းကို ငြင်းပယ်လိုက်ရန်မှာ မဖြစ်နိုင်တော့ပေ။ သူ့

ကလေးများက သူတို့ အဖေရင်းကို မျှော်လင့်နေကြသော်လည်း သူ့အဖို့ ကတော့ တစ်စက်ကလေးမျှ မမျှော်လင့်တော့ပေ။ အိမ်က ဆင်းလာခဲ့ သည့်နေ့ကစ၍ သူ့လင်ကို သူ ပြန်ပေါင်းမည်ဟု စိုးစဉ်းမျှ စိတ်မကူးခဲ့ ပေ။

ထို့ကြောင့်လည်း ကိုခင်မောင်သောင်း တောင်းပန်ချက်ကို သူ ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။ ကိုခင်မောင်သောင်းကို ခွင့်ပြုခဲ့ခြင်းမှာ လည်း သူ့အဖို့ထက် ကလေးများအတွက် ဖြစ်သည်။ သည်တော့ ထိုလူမမယ် ကလေးငယ်တို့ မကျေနပ်ချက်ကို သူ စိုးရွံ့နေရန် မရှိ ဟု အားတင်းပစ်လိုက်မိလေသည်။

နောက်တစ်နေ့နံနက် ဆိုင်သို့ရောက်သောအခါ မဝင်းမေသည် သူ့ကိုယ်သူ မှန်ရှေ့တွင် ရပ်၍ကြည့်သည်။ သူ့အရွယ်သည် ကြီးလှ သေးသည် မထင်ရပေ။ မှန်ကို ကြည့်နေရာက သူ့လက်ဝဲဘက် နံရံတွင် ချိတ်ထားသော ပြက္ခဒိန်ဆီသို့ သူ့မျက်လုံးများ ရောက်သွား သည်။ ထိုနေ့ ရက်စွဲကား ဖေဖော်ဝါရီလ ၃ ရက်နေ့ ဖြစ်သည်။ သူနှင့် ကိုခင်မောင်သောင်းတို့ လက်ထပ်ရန် သတ်မှတ်ပြီးသော နေ့စွဲကား ၁၀ ရက်နေ့ဖြစ်ရာ ၇ ရက်သာ လိုပေတော့သည်။ သူသည် ထို ကျန်သောရက်များကို ခဲတံနီဖြင့် ကောက်၍ ကြက်ခြေခတ်လိုက်ပြီး သက်မကလေး ချလိုက်မိသည်။

နောက် သူသည် မှန်ကို ပြန်ကြည့်လိုက်ပြန်သည်။ သူ့ လည်ပင်း၌ မင်္ဂလာရက်တွင် ဝတ်ဆင်ရန်အတွက် ကိုခင်မောင်သောင်းက ဝယ်ပေးထားသော ရွှေကြိုးသည် တလက်လက် အရောင်ထွက်နေ သည်။ ထိုကြိုးကို သူသည် စမ်းသပ်ရင်းက သက်မကလေး တစ်ချက် ချလိုက်ပြီး ဟင်း... နောက် ၇ ရက်နေရင် အိမ်ထောင်ရှင် ဖြစ်ရဦး တော့မှာပါလားဟု ရေရွတ်လိုက်မိလေသည်။

ထိုသို့ ရေရွတ်လိုက်စဉ်... တံခါးဝဆီမှ ပြေးဝင်လာသော ခြေသံများကို မဝင်းမေ ကြားလိုက်ရသည်။ သူသည် နောက်သို့ လှည့်မကြည့်ဘဲ မှန်ထဲတွင် ကြည့်လိုက်ရာ မျက်လုံးကလေးများ ပြူးထွက်သွားလေသည်။ အပေါက်ဝတွင် ပေါ်လာသူကား သူ့သမီးနှင့် သူ့သားတော့ ဟုတ်ကြပါသည်။ သို့သော် သူတို့ချည်းကား မဟုတ်ဘဲ သူတို့အလယ်တွင် နက်ပြာရောင် ဘောင်းဘီရှည်နှင့် ရပ်နေသော လူတစ်ယောက် ပါနေပေသေးသည်။ မဝင်းမေသည် ချာခနဲ လှည့် ကြည့်လိုက်စဉ် ထိုလူသည် တပ်ထားသော မျက်မှန်နက်ကို ဖြုတ်၍ ပြုံးလိုက်သည်။ ဤတွင်မှ မဝင်းမေလည်း ကြက်သေသေကာ အံ့အား အသင့်ကြီး သင့်သွားသည်။ သင့်သည့်အတိုင်းလည်း သူ့နှုတ်ဖျားမှ မရည်ရွယ်ဘဲ...

"ကိုညွန့်တင်..." ဟု လွှတ်ခနဲ ထွက်သွားတော့လေသည်။

"ဟုတ်တယ်... ညွန့်တင်လေ"

ထိုသူက လေအေးနှင့်ပြန်၍ ပြောလိုက်သည်။

"ရှင်... ရှင်... ဘာလာလုပ်တာလဲ"

မဝင်းမေသည် အထစ်ထစ်အငေါ့ငေါ့ မေးလိုက်သည်။

"ကျုပ် သားနဲ့ ကျုပ်သမီးက ခေါ်လို့ လာခဲ့တာပဲ"

ကိုညွန့်တင်သည် ထိုသို့ပြောရင်း ရှေ့သို့ တိုးလာရာ မဝင်းမေ လည်း ကြောင်တက်တက် မျက်လုံးများနှင့် နောက်သို့ မသိမသာ ဆုတ်သွားမိသည်။ နောက်စားပွဲနှင့်ခံနေသဖြင့် မဆုတ်သာဘဲ တန့် ရပ်သွားရသည်။ ကိုညွန့်တင်သည် သက္ကလတ်ဦးထုပ်ကို ချွတ်လိုက်ပြီး မဝင်းမေ့ဘေးနားရှိ ကုလားထိုင်တွင် အသာဝင်ထိုင်၍ ဆိုင်ခန်းကို လှျောက်၍ အကဲခတ်နေသည်။ သူ့အမူအရာသည် အလွန်ပင် အေးစက် ငြိမ်သက်လှသည်။ မဝင်းမေသည် ကိုညွန့်တင်အား သူစိမ်း တစ်ယောက်

ကို ကြည့်သလို ကြည့်ရင်း ရင်ကလေးများ အပြေးအလွှား ခုန်လာသည်။ အတိတ်သည် သူ့ကို နှိုးဆွလျက်ရှိသောကြောင့် နတ်ဝင်သည်ကဲ့သို့ ဖြစ်နေရှာလေသည်။ ကိုညွန့်တင်သည် ဆိုင်အခင်းအကျင်းကို အကဲခတ်ပြီးနောက် သားနှင့် သမီး နှစ်ယောက်ကို တစ်ဖက်စီ ဖက်ထားလိုက်ပြီး မဝင်းမေကို မော်ကြည့်လိုက်သည်။

"ထိုင်ပါဦး... ဝင်းမေ... ကျုပ် စကားပြောပါရစေ..."

ကိုညွန့်တင်က အေးဆေးသော အသံနှင့် ပြောလိုက်သည်။

"အို... ရှင်... ရှင့်ကို ကျွန်မ စကားပြောဖို့ မလိုတော့ဘူး။ မပြောချင်ဘူး... ရှင် အခု ဒီက ပြန်ထွက်သွားပါ"

ကလေးနှစ်ယောက်သည် မျက်တောင်မခတ် ကြောင်ကြောင်ကလေးတွေ စိုက်ကြည့်နေကြသည်။

"ကျုပ်ကို ဒါလောက် မရက်စက်ပါနဲ့... ဝင်းမေရာ..."

"ဘာ... ရက်စက်တယ်... ဟုတ်လား၊ ဘယ်သူက ရက်စက်သွားတာလဲ"

"ဟုတ်ပြီလေ... ကျုပ် မငြင်းလိုပါဘူး။ အားလုံးဟာ ကျုပ်အပြစ်တွေချည်းပါပဲ။ ဒါကြောင့် ကျုပ် အခု ပြန်လာရတာဟာလည်း အဲဒီ ကျုပ်အမှားတွေကို ပြန်ပြီးဝန်ချတောင်းပန်ရအောင်လို့ လာခဲ့တာပဲ...။ ဟိုအတိတ်က မှားခဲ့တာတွေကို ကျုပ်ဝန်ချရင် မဝင်းမေ ခွင့်မလွှတ်နိုင်ဘူးလား"

"အို... ရှင်လာတာ အချိန်နှောင်းနေပြီ။ အခုမှ တောင်းပန်နေလို့ အပိုပဲ"

အပါနှင့် အမာတို့ မျက်လုံးများသည် အဖေတစ်လှည့် အမေတစ်လှည့် လှုပ်ရှားလျက်ရှိကြသည်။

"တစ်ချိန်တုန်းကတော့ ကျုပ်ဟာ လူဆိုးတစ်ယောက်ပဲ။ အဲဒီလို ဆိုးခဲ့ မှားခဲ့တာတွေဟာလည်း အသက်အရွယ်လိုက်လို့ ဆိုပါတော့။

အသိတရားနဲ့ အတွေ့အကြုံကလည်း မများသေးလေတော့ မှားမိတာပါပဲ။ ငယ်ရွယ်သူတွေဖြစ်ခဲ့တော့ ဒေါသရှေ့ထားမိတယ်လေ။ အခုတော့ ကျုပ်ဟာ အရင်ညွန့်တင် မဟုတ်တော့ဘူး။ အတွေ့အကြုံလည်း များလာပြီ။ အသိတရားလည်း များလာပြီ။ ကျုပ် အမှားတွေကိုလည်း ကျုပ် မြင်ပါပြီ။ ဒီတော့ ကျုပ်ကို ခွင့်မလွှတ်နိုင်ဘူးလား။ ဒီကလေးတွေကို ကျုပ် မြင်ရတော့ သာပြီး ကျုပ် နောင်တရတယ်။ ဒီကလေးတွေ လိမ္မာနေပုံ ယဉ်ကျေးနေပုံတွေကို မြင်ရတော့ ကျုပ် သာပြီး မှားမှန်းဆိုးမှန်း သိတယ်"

ကိုညွန့်တင်သည် သူ့အမှားများကို ဖြည်းလေးသော အသံဖြင့် ဝန်ချတောင်းပန်နေစဉ် မဝင်းမေက လေပွေတွင် ဝေ့လယ်လွင့်ပျံနေသော နွေဦးပေါက် သစ်ရွက်ခြောက်တို့ဆီသို့ ငေးလျက်ရှိသည်။ သူ့စိတ်ထဲမှာတော့ ကိုညွန့်တင်ကို နည်းနည်းကလေးမျှ ခွင့်မလွှတ်နိုင်ပေ။ ၉ နှစ်ကာလလုံးလုံး စိမ်းစိမ်းကားကား ပစ်ထားသော ဤလင်တွင် အကြင်နာတရား ရှိနိုင်ပါဦးမလားဟု အောက်မေ့လျက် ရှိသည်။

"ကလေးတွေက ကျုပ်ဆီကို ရေးတဲ့ စာတွေကို ဖတ်ရတော့ ကျုပ် ရင်ထုမနာ ဖြစ်ရတယ်။ ကျုပ်ကလေးတွေဟာ ဒါလောက် လိမ္မာရေးခြားရှိလိမ့်မယ်၊ ဒါလောက် အမြော်အမြင်နဲ့ ပြည့်စုံလိမ့်မယ်လို့ မထင်ခဲ့ဘူး။ ဒါကြောင့် ကျုပ် အခုပြန်လာခဲ့တာပဲ မဝင်းမေ။ ကျုပ်ကို ပြန်ပြီး လက်မခံနိုင်ဘူးလား"

မဝင်းမေသည် ကိုညွန့်တင်အား မကြည့်ဘဲ အောက်နှုတ်ခမ်းကို ကိုက်ကာ အပြင်သို့ ကြည့်ရင်း မျက်ရည်များ စီးဆင်းလာကြသည်။ သူ့ခေါင်းသည် ချာချာလည်လျက် ရှိသည်။

"ဟင်... မဝင်းမေ...၊ ကျုပ်ကို ကလေးတွေရဲ့ အဖေအဖြစ်နဲ့ လက်မခံနိုင်ဘူးလား"

"အို... မဖြစ်ဘူး... မဖြစ်ဘူး၊ ရှင်လာတာ နောက်ကျနေပြီ"

"နောက်မကျပါဘူး မဝင်းမေ...၊ ကျုပ် ကလေးတွေရဲ့ တာဝန်ကို ယူဖို့ အချိန်တွေ အများကြီး ရှိပါသေးတယ်။ အဖတ်ဆယ်လို့ ရပါသေးတယ်။ ကျုပ်မှာ ငွေအလုံအလောက် ပါပါတယ်"

"အို... ရှင့်ငွေကိုလည်း ကျွန်မ မလိုချင်ဘူး။ ရှင့်ကိုလည်း အားမကိုးချင်ဘူး။ ကျွန်မကလေးတွေကို ကျွန်မဟာ ကျွန်မပဲ တာဝန်ယူမယ်"

"စဉ်းစားပြီးလည်း ပြောပါ မဝင်းမေ"

"အို... စဉ်းစားဖို့ မလိုတော့ဘူး။ ကျွန်မ ၉ နှစ်လုံးလုံး စဉ်းစားခဲ့ပြီးပြီ၊ ရှင့်ဆီကို ကလေးတွေက ဘာတွေရေးခဲ့သလဲ"

"ကျုပ် ပြန်လာဖို့ ရေးတာပေါ့"

"ဒါပဲရေးသလား"

"ဒါပဲရေးတယ်"

ကလေးနှစ်ယောက်သည် မလုံသော မျက်လုံးကလေးများနှင့် သူတို့အမေကို တစ်ချက်စီ မော်ကြည့်လိုက်ပြီး မျက်နှာကလေးတွေ ငုံ့သွားကြလေသည်။ မဝင်းမေမှာ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားရှာတော့လေ၏။

"ဘာများ ရေးစရာရှိသေးလို့လဲ မဝင်းမေ"

ကိုညွန့်တင်က အားမလိုအားမရ ဝင်ထောက်လိုက်သောအခါ မဝင်းမေသည် အပြင်သို့ ငေးနေရာက ကိုညွန့်တင်ကို ကြည့်လိုက်ပြီး သက်ပြင်းတချက် မှုတ်ထုတ်လိုက်ကာ...

"ကိုင်းလေ... ခုရှုပ်မှ နောင်ရှင်း...၊ ကျွန်မ ပြောမယ် ရှင်လာတာ နှောင်းနေပြီဆိုတာက... ကျွန်မ အခု ယောကျ်ား ယူတော့ မလို့"

"ဘာ... ယောကျ်ားယူတော့မလို့... ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူ့ကိုလဲ"

"ရှင်သိမှာ မဟုတ်ဘူး ရာဇဝတ်အုပ် တစ်ယောက်နဲ့"

ကိုညွန့်တင် မျက်နှာသည် သိသိသာသာကြီး ညှိုးကျသွားကာ မျက်လုံးအိမ်များလည်း စိုလာလေသည်။ သူသည် မဝင်းမေကို မကြည့်တော့ဘဲ ကလေးများကို တွေတွေကြီး ငေးကြည့်ရင်းက မျက်မှန်ကို ပြန်တပ်လိုက်သည်။ နက်မှောင်သော မှန်နောက်မှ မျက်လုံးများတွင် မျက်ရည်တို့သည် လျှံလျက်ရှိလေသည်။ အခန်းသည် အတန်ကြာပင် ငြိမ်သက်သွားသည်။ မဝင်းမေသည် မျက်ရည်များကို လက်မောင်းစနှင့် သုတ်ပစ်လိုက်ပြီး ကျောပေးပစ်လိုက်သည်။

"မဝင်းမေ..."

ကိုညွန့်တင်သည် ကျောပေးလိုက်သော မဝင်းမေကို အက်ကွဲသော အသံနှင့် ခေါ်လိုက်သည်။ မဝင်းမေက ပြန်မထူးချေ။

"မဝင်းမေ ယူမယ့်လူဟာ ကျုပ်ကလေးတွေရဲ့အဖေကောင်း တစ်ယောက် ဖြစ်နိုင်ရဲ့လားဟင်..."

"ရှင့်လောက်တော့ မဆိုးပါဘူး..."

"ဟုတ်ပြီလေ... ဘာပဲဖြစ်ဖြစ်ပေါ့... မဝင်းမေယူမယ့် လူဟာ မဝင်းမေအတွက်ရော ကျုပ်ကလေးတွေအတွက်ရော အားကိုးစိတ်ချရမယ့်လူဖြစ်ရင် ကောင်းတာပါပဲ။ မဝင်းမေကို ကျုပ် ဘာမှကန့်ကွက်ပိုင်ခွင့် မရှိပါဘူး။ ကျုပ်ကိုယ်က စိမ်းကားခဲ့မိပေတာကိုး၊ ဒီတော့ ကျုပ် စောစောက ပြောခဲ့မိတဲ့ စကားတွေကို ရုပ်သိမ်းပါတယ်။ ကိုင်း... ကျုပ်သွားဦးမယ် မဝင်းမေ၊ ကလေးတွေကို ကျုပ် ခဏ ခေါ်သွားပရစေနော်..."

"ဘယ်ကိုခေါ်သွားမှာလဲ"

"ဟိုဟိုဒီဒီပေါ့ မဝင်းမေ…၊ မဝင်းမေကို ကျုပ် မပိုင်ပေမဲ့ ကျုပ်ကလေးတွေကိုတော့ ကျုပ် ပိုင်ပါသေးတယ်"

"အို… မခေါ်ရဘူး"

မဝင်းမေသည် ကျောပေးထားရာက ချာခနဲလှည့်၍ ပြော လိုက်ပြီး ကလေးနှစ်ယောက် လက်ကို လှမ်းဆွဲလိုက်သည်။

"ကျုပ်တစ်ခါတည်း ခေါ်မသွားပါဘူး။ ညနေကျတော့ ပြန်ပို့ ပါ့မယ်"

ကလေးနှစ်ယောက်သည် မျက်ရည်များ ဝိုင်းလျက် အဖေနှင့် အမေကြားတွင် ဘာမျှမပြောတတ် မဆိုတတ်ဖြစ်ကာ ဗျာများသွားကြ သည်။

"လာ… သား၊ လာ.. သမီး၊ ဖေဖေ ညနေကျတော့ ပြန်ပို့ မယ်"

ကိုညွန့်တင်သည် ကလေးများကို လှမ်းဆွဲလိုက်သည်။ မဝင်းမေသည် မျက်မှောင်ကို ကျုံ့ကာ သက်မကိုချ၍ ဆွဲထားသော လက်များကို လျှော့ပေးလိုက်လေသည်။ ကိုညွန့်တင်သည် ကလေးများ ကို တစ်ဖက်စီဆွဲ၍ ထွက်သွားစဉ် မဝင်းမေသည် သက်မကြီးချ၍ ကိုညွန့်တင် ထိုင်သွားသော ကုလားထိုင်တွင် ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုပစ်လိုက်တော့လေသည်။

မည်မျှကြာအောင် ငိုနေမိသည် မသိ။ သူ့အပါးသို့ လူတစ် ယောက် ရောက်လာသည်ကိုပင် သူမသိလိုက်ချေ။

"မဝင်းမေ… ဘာဖြစ်နေသလဲ… ဟင်" ဟူသော အသံကို ကြားလိုက်သောအခါတွင်မှ သတိရကာ အနားတွင် လာရပ်သူအား ဆတ်ခနဲ မော်ကြည့်လိုက်မိတော့သည်။

"မဝင်းမေ... ဘာလို့ ငိုနေတာလဲ"

"ဟင်... ကိုခင်မောင်သောင်း"

"ကလေးတွေ ဘာဖြစ်လဲဟင်"

"ဘာ... ဘာ... ဘာမှမဖြစ်ဘူး"

မဝင်းမေသည် ကိုခင်မောင်သောင်းကို ရဲရဲမကြည့်ဝံ့သလို ဖြစ်သွားပြီး အသံမှာလည်း တုန်လျက်နေလေသည်။

"နို့... ဘာဖြစ်နေတာလဲ"

"ဟင့်အင်း... ဘာမှမဖြစ်ဘူး"

မဝင်းမေသည် ခေါင်းကို ယမ်းခါလျက် မျက်ရည်များကို ကပျာကယာ သုတ်ရင်း ဖြေလိုက်သည်။

"ဘာမှမဖြစ်ဘဲ ဘာလို့ငိုနေတာလဲ"

"အို... ဘာမှမဖြစ်ပါဘူး ဆိုနေမှပဲ"

"တစ်ခုခု ဖြစ်ရမယ်... မဝင်းမေ၊ ကျုပ်ကို ပြောစမ်း"

မဝင်းမေသည် မျက်ရည်သုတ်ရင်းကပင် မျက်ရည်တွေ ထပ် ကျလာလေသည်။

"အို... မဖြစ်ဘူး... ဘာမှမဖြစ်ဘူး၊ ကျွန်မကို မမေးနဲ့၊ ကျွန်မ မပြောတတ်ဘူး၊ ကျွန်မကို တစ်ယောက်တည်း ထားခဲ့စမ်းပါ၊ ကျွန်မဟာကျွန်မ နေပါရစေ"

"မဟုတ်တာ မပြောပါနဲ့ဗျာ၊ ပြောစမ်းပါ ကျုပ် စိတ်မကောင်း အောင် မလုပ်ပါနဲ့"

"အို... ရှင်စိတ်မကောင်းစရာ မရှိပါဘူး၊ ကျွန်မကိစ္စနဲ့ ကျွန်မ ပါ"

"မဝင်းမေကိစ္စဟာလည်း ကျုပ်ကိစ္စပဲ မဟုတ်လားဗျာ"

"မဟုတ်ဘူး... မဟုတ်... အို... ရှိကြီးခိုးပါရဲ့ရှင် ကျွန်မ နောက်တော့ ပြောပါ့မယ်နော်... ဟုတ်လား။ ကျွန်မဟာကျွန်မ တစ်

ယောက်တည်း နေပရစေ၊ ကျွန်မ တောင်းပန်ပါတယ်၊ နောက်တော့ ကျွန်မပြောပါ့မယ်"

"ဘာပဲဖြစ်ဖြစ် ကျုပ်ကို ပြောဖို့တော့ ကောင်းပါတယ်"

"ပြောမယ်… ပြောမယ်၊ ကျွန်မ နောက်တော့ ပြောမယ်"

"ညနေ ကျုပ် အိမ်လာခဲ့မယ်နော်…"

"အို… မလာနဲ့… မလာနဲ့…"

"ဘာပြုလို့လဲ"

"ဘာမှမပြုဘူး… နောက်မှလာ…"

ကိုခင်မောင်သောင်းသည် မစဉ်းစားတတ်အောင် ဖြစ်သွားသည်။ မဝင်းမေကို တွေတွေကြီး ကြည့်ပြီး…

"ဒါဖြင့်လည်း ကျုပ်သွားမယ်နော်… ဘာပဲဖြစ်ဖြစ် ကျုပ်သိနိုင်ခွင့်ရှိရင် သိပါရစေ"

"ဟုတ်ကဲ့… ကျွန်မ နောက်တော့ ပြောပါ့မယ်"

ကိုခင်မောင်သောင်း ထွက်သွားသောအခါ မဝင်းမေလည်း ကျလာသော မျက်ရည်များကို သုတ်ရင်း နေရာမှထလိုက်၏။ နောက်သူသည် ဆိုင်ကို ပိတ်၍ အိမ်သို့ ပြန်လာခဲ့လေသည်။

အိမ်ရောက်သောအခါ မဝင်းမေသည် ဘာမျှမလုပ်နိုင်ချေ။ ထိုင်လိုက် ထလိုက်၊ လမ်းလျှောက်လိုက်နှင့် အတည်တကျမရှိ ဖြစ်ကာ ကယောင်ချောက်ချားဖြစ်လျက် နေတော့သည်။ သူ့နားထဲသို့ ကိုခင်မောင်သောင်း ပြောနေသော စကားများနှင့် ကိုညွန့်တင် ပြောသွားသော စကားများသည် တစ်ဖက်စီမှ ဝင်လျက်ရှိသည်။

ငါ ဘာလုပ်ရမလဲ…။

ဤမေးခွန်းကား သူ့ခေါင်းထဲတွင် သွေးတိုးသကဲ့သို့ တိုးဝင်လျက် သူ့ဦးနှောက်များကို တောက်တောက် စင်းပစ်နေသည်၊ ထိုအခိုက်

အိမ်ရှေ့မှ ကားရပ်သံ ကြားလိုက်သဖြင့် ကြည့်လိုက်ရာ ကိုညွန့်တင်နှင့် သူ့ကလေးများ ရောက်လာကြသည်ကို တွေ့ရသည်။

ကိုညွန့်တင်သည် ကားပေါ်မှဆင်း၍ ကလေးများကို ပွေ့ချသည်။ ချပြီး နှစ်ယောက်စလုံးကို အားပါးတရ မွှေးသည်။ မွှေးပြီး ကားပေါ်မှ အထုပ်ကြီး၊ အထုပ်ငယ်များကို လှမ်းယူပြီး ကလေးများ လက်ပေါ်သို့ တင်ပေးနေလေသည်။ ကလေးနှစ်ယောက်သည် ထင်းစည်း ပွေ့သလို အထုပ်များကို ပွေ့လာကြသည်။ ကိုညွန့်တင်သည် ဝင်းတံခါးဝအထိ လိုက်ပို့ပြီး ကလေးများ၏ နဖူးကို ယုယစွာ နမ်းလိုက်ကာ ချာခနဲ လှည့်ထွက်သွားပြီး ကားပေါ်တက်ကာ မောင်းပြေးသွားလေသည်။

မဝင်းမေသည် အထုပ်တွေ တပွေ့တပိုက်ကြီးနှင့် ဝင်လာသော ကလေးနှစ်ယောက်ကို တွေတွေကြီး စိုက်ကြည့်နေသည်။ ကလေးများ၏ မျက်နှာသည် ရွှင်ရွှင်ပျပျ မရှိကြပေ။ သူတို့သည် စိုးရွံ့သော မျက်နှာလေးများနှင့် ဝင်လာကြပြီး အထုပ်များကို စားပွဲပေါ်တွင် အသာအယာချကြပြီး မိခင့်မျက်နှာကို အကဲခတ်လျက်ရှိကြသည်။

"ဘာတွေ ဝယ်ပေးလိုက်သလဲ"

မဝင်းမေ့အသံသည် မာကျောခြင်း မရှိလှပေ။ သို့သော် အသံကတော့ အသံပြတ် ဖြစ်သည်။

"သမီးတို့ဖို့ အဝတ်အစားတွေ၊ မေမေ့ဖို့လည်း လုံချည်ပါတယ်။ ဟိုသေတ္တာက အပါ့ဖို့ ကွတ်အင်္ကျီနဲ့ ဘောင်းဘီတွေ"

"သမီးတို့ ဘယ်ရောက်ခဲ့ကြသလဲ"

"စုံနေတာပဲ၊ ဓာတ်ရှင်လည်း ရောက်တယ်...၊ ပြီးတော့ မန္တလေးတောင်လည်း ရောက်တယ်"

"မန္တလေးတောင် ဘာကိစ္စလဲ"

"မန္တလေးတောင်ပေါ် မဟုတ်ပါဘူး။ တောင်နားက စစ်တပ်ကိုပါ။ ဖေဖေ့သူငယ်ချင်း စစ်ဗိုလ်တွေဆီပါ"

"ဩော်... အေး... အေး... သိမ်းကြလေ... သိမ်းကြ"

အပါနှင့် အမာတို့လည်း အထုပ်များကို ပြန်ပွေ့ပြီး အခန်းထဲသို့ ဝင်သွားကြလေ၏။ သို့သော် အထုပ်တစ်ထုပ်ကိုတော့ ယူမသွားဘဲ ထားခဲ့ကြသည်။ သို့ကြောင့် မဝင်းမေသည် ထိုအထုပ်ကို ကောက်ယူပြီး ချည်ထားသော ကြိုးကို သာယာစွာ ဖြေလိုက်ရာ အတွင်းမှ စက္ကူသေတ္တာတစ်လုံး ပေါ်လာသည်။ သေတ္တာနှင့်တွဲရက်ကား စက္ကူအပြာနှင့်ရေးထားသော စာတစ်စောင် ပါလာသဖြင့် စာကို တုန်ယင်သော လက်များနှင့် ဖြန့်၍ ဖတ်လိုက်လေသည်။ စာမှာ များများစားစား ရေးထားသည်တော့ မဟုတ်ပေ။ လေးငါးကြောင်းမျှသာ ဖြစ်လေသည်။

**မဝင်းမေ**

ကျုပ် မနက်ဖြန် ပြန်တော့မယ် မဝင်းမေ၊ မပြန်ခင် တစ်ခါတော့ တွေ့ချင်သေးတယ်၊ မဝင်းမေကို အနှောင့်အယှက်ပေးဖို့တော့ မဟုတ်ပါဘူး။ မှာခဲ့ချင်တာလေး ရှိလို့ပါပဲ။

**ညွန့်တင်**

မဝင်းမေသည် စာကလေးကို ဆုတ်ခြေပစ်လိုက်ပြီး သေတ္တာကလေးကို တုန်ယင်သော လက်များနှင့် ဖွင့်လိုက်သောအခါ ဘာမျှအဖိုးမတန်လှသော နောက်ဆုံးပေါ် ပိုးတွန့်လုံချည်တစ်ထည် ခေါက်ထားသည်ကို မြင်ရလေသည်။ မဝင်းမေသည် လုံချည်ကို ဖြန့်ပင်မကြည့်ဘဲ သက်ပြင်းကလေး ချ၍ ပြန်ပိတ်ထားလိုက်လေသည်။

ထိုနေ့တစ်ညလုံး မဝင်းမေသည် တစ်ရေးမျှ အိပ်မပျော်ပေ။ အိပ်မပျော်သည့် အကြောင်းတစ်ခုမှာ သူ့ကလေးများက သူ့ကို လုံးဝ

စကားမပြောတော့သောကြောင့် ဖြစ်သည်။ သူတို့သည် ပြန်ရောက်ကတည်းက သူတို့အခန်းထဲက မထွက်ကြဘဲ သူတို့အဖေ ဝယ်ပေးလိုက်သော ပစ္စည်းကလေးများကို ဖြန့်၍ တိုးတိုးတိုးတိုး ပြောနေကြသည်။ ဘာတွေပြောနေသည်ကိုတော့ မကြားရပေ။ ပြီးတော့ ၈ နာရီလောက်ကျတော့ အိပ်ရာဝင်သွားကြလေသည်။ အိပ်ရာမဝင်ခင် မဝင်းမေ ကြားလိုက်ရသော အသံကတော့ အခါတိုင်းကဲ့သို့ပင် "ဖေဖေ့ကို ဘုရားမပါစေ..." ဆိုသော ဆုတောင်းသံပင် ဖြစ်ပေသည်။

ထိုဆုတောင်းသံသည် အခါတိုင်း သူ့စိတ်ကို မည်သို့မျှ မထိခိုက်စေခဲ့သော်လည်း ယနေ့ညတော့မူ သူ့အသည်းစိုင်ကို ကိုင်လှုပ်လိုက်သကဲ့သို့ ဖြစ်သွားတော့လေသည်။

နံနက် မိုးသောက်၍ အလင်းရောက်သည်နှင့် တစ်ပြိုင်နက် သူသည် ကလေးများအတွက် ကော်ဖီထ၍ ဖျော်လေ၏။ ကလေးများ နိုးလာသောအခါ တစ်ခွက်စီထည့်ပေးပြီး အနားမှာရပ်ကာ တွေတွေကြီး အကဲခတ်နေမိ၏။ ကလေးများကလည်း ဘာမျှမပြောကြဘဲ ကော်ဖီကိုသာ ကုန်းသောက်နေကြ၏။ နောက်ဆုံး၌ မနေနိုင်တော့သော မဝင်းမေသည်...

"မင်းတို့ ဖေဖေ ဘယ်တော့ ပြန်မတဲ့လဲ..." ဟု မေးလိုက်၏။

"ကနေ့..." ဟု အပါက ဖြေလိုက်၏။

"ဘာနဲ့ ပြန်မှာလဲ"

"လေယာဉ်ပျံနဲ့..."

"သားတို့ကို လာပြီး တွေ့ဦးမယ် ပြောသလား"

"၇ နာရီ လာခဲ့မယ်တဲ့"

မဝင်းမေသည် နာရီကို လှမ်းကြည့်လိုက်၏။ ၇ နာရီထိုးရန် ၁၅ မိနစ်မျှ လိုတော့လေသည်။

"သားတို့ကို ဘာပြောသေးသလဲ"

"ဘာမှမပြောဘူး"

"သားတို့က မပြန်ပါနဲ့တော့လို့ မတားဘူးလား"

"တားသားပဲ"

"တားတော့ ဘာပြောသလဲ"

"နောက်မှ ဖေဖေ ပြန်လာမယ်တဲ့"

ထိုအဖြေမှာ ကလေးများ ကျေနပ်အောင် ဖြေလိုက်သည့် အဖြေဖြစ်သည်ကို မဝင်းမေကတော့ သိလိုက်ပေသည်။

ထိုအခိုက်မှာပင် အိမ်ရှေ့မှ ကားရပ်သံ ကြားလိုက်ရသည်။ မဝင်းမေသည် ကားသံကြားကတည်းက ရင်တွေ တထိတ်ထိတ်ခုန်ကာ အသားတွေ တုန်လာသည်။

ကလေးနှစ်ယောက်သည် ကော်ဖီပန်းကန်တွေကိုချကာ ခုန်ပေါက်ပြီး ထွက်သွားကြသည်။ နောက် သူတို့အဖေကို ပြေး၍ဖက်ကြလေသည်။

မဝင်းမေသည် မီးဖိုဘက်မှ ထွက်မလာဘဲ မီးဖိုတံခါးကို ကျောမှီကာ စိတ်ကို တင်းထားသည်။

အိမ်ရှေ့မှ သားအဖတစ်တွေ စကားပြောနေကြသံများသည် သူ့နားထဲသို့ ဝင်နေကြသည်။ တစ်အောင့်လောက်အကြာတွင် သူ့နောက်မှ ခြေသံများ ကြားလိုက်ရပြီး သူ့ဘေးတွင် ကိုညွန့်တင် ပေါ်လာသည်။ မဝင်းမေသည် မီးဖိုမှ တလျှံလျှံ တောက်နေသော မီးတောက်ကို တွေတွေကြီး စိုက်ကြည့်နေသည်။

"မဝင်းမေ... ကျုပ် သွားတော့မယ်"

ကိုညွန့်တင်က သူ့ဘေးမှ ရပ်၍ နှုတ်ဆက်သည်။

"ဟုတ်ကဲ့..."

"ကျုပ် ကလေးတွေကို ဂရုစိုက်ပါနော်..."

"ကျွန်မ နားလည်ပါတယ်"

"ဘာပဲဖြစ်ဖြစ်... ကျုပ် ကလေးတွေနဲ့ ပတ်သက်တဲ့အကြောင်း ကိစ္စ ပေါ်ပေါက်ရင် ကျုပ်ဆီကို စာရေးပါ... ဟုတ်လား။ ကျုပ်ဟာ တစ်ချိန်က လူဆိုးတစ်ယောက် ဖြစ်ခဲ့ပေမဲ့ အခု ကျုပ် နောင်တရပါပြီ။ အခြေအနေက ခွင့်မပေးကြတော့လို့ ကျုပ်နဲ့ မဝင်းမေတို့ ပြန်ပေါင်းခွင့်မရ ပေမဲ့ ကလေးတွေရဲ့ အဖေအနေနဲ့ရှိတဲ့ တာဝန်ကိုတော့ ကျုပ် နား လည်ပါတယ်။ ဘာပဲဖြစ်ဖြစ် သိပါရစေ... ဒီမယ် မဝင်းမေ ဒီငွေကို လက်ခံပါ...။ ကျုပ်ကလေးတွေ ကျောင်းထားရေးအတွက် ကျုပ် ထောက်ပံ့ခဲ့ပါရစေ။ ကျုပ် ဒါပဲတတ်နိုင်တယ်။ အားလုံး ငွေတစ်သောင်း။ ကိုင်း... ကျုပ်သွားဦးမယ်နော်။ ဘာပဲဖြစ်ဖြစ် ကျုပ် မှားခဲ့တာတွေကိုလည်း ခွင့်လွှတ်ပါလို့ ကျုပ် တောင်းပန်ခဲ့တယ်။ မဝင်းမေ့ ဘဝ သာယာပါစေ လို့လည်း ကျုပ် အမြဲ ဆုတောင်းပါ့မယ်။ ကလေးတွေကို ကျုပ် ညာပြီး လက်ဖက်ရည်ဆိုင် ခိုင်းလိုက်တယ်။ ပြန်လာရင် ကျုပ်သွားပြီလို့ ပြောလိုက်ပါတော့"

ထိုသို့ပြောပြီး ကိုညွန့်တင်လည်း ချာခနဲ လှည့်၍ထွက် သွားလေ၏။ မဝင်းမေကား အသက်မရှိသော အရုပ်ကဲ့သို့ မီးဖိုတံခါး ကိုမှီရင်း မျက်လုံးကလေး ကြောင်ကြောင်ဖြင့် ကျန်ရစ်ခဲ့လေ၏။ ထိုကြောင်နေသော မျက်လုံးများသည် တဖြည်းဖြည်း စိုရွှဲလာကာ သူ့အား တပ်လှန့်၍ နိုးလိုက်သကဲ့သို့ ဖြစ်သွားပြီး သူ့နှုတ်ဖျားမှလည်း 'ကိုညွန့်တင်' ဟု လွှတ်ခနဲ ထွက်သွားစေတော့သည်။

သူ့ခေါ်သံကို ကြား၍လားတော့မသိ လှေကားသုံးထစ် ဆင်းမိပြီ ဖြစ်သော ကိုညွန့်တင်၏ ခြေများသည် အလိုလို ရပ်တန့်သွားကြသည်။

သို့သော် သူသည် နောက်သို့ လှည့်မကြည့်မိပေ။ ဤကဲ့သို့ တစ်ချိန်က သူ ဆင်းခဲ့စဉ်ကလည်း ဤလိုပင် ဖြစ်ခဲ့ဖူးပေသည်။

ထိုတစ်ချိန်က ယခုလိုပင် လေ့ကားသုံးထစ်တွင် ခေတ္တတွေ၍ စဉ်းစားပြီး တစ်ခါတည်း ဆင်းခဲ့ပေရာ ၉ နှစ်လုံးလုံး ကြာခဲ့ပေသည်။

ယခုလည်း ခေတ္တမျှ တွေပြီး ရှေ့သို့ တထစ်ဆင်းလိုက်မည် အပြုတွင် သူ့အား တစ်စုံတစ်ယောက်က လှမ်း၍ ဆွဲထားလိုက်လေသည်။

"ကိုညွန့်တင်..."

ကိုညွန့်တင်သည် ချာကနဲ လှည့်လိုက်သည်။ အိမ်ပေါက်ဝတွင် သူ့လက်မောင်းကို ဆွဲထားသူကား သူ့ဇနီး မဝင်းမေ ဖြစ်သည်။

"ဘာလဲ... မဝင်းမေ"

"ရှင့်ကလေးတွေကို မသနားဘူးလား"

"သနားတယ်လေ... ဒါပေမဲ့..."

**"ဒါပေမမဲ့ပါနဲ့တော့ရှင်...** ကလေးတွေကို သနားရင် ဝင်းမေ **ကိုလည်း သနားပါဦး"**

မဝင်းမေ့ အသံသည် တုန်ယင်ခြင်း မရှိတော့ဘဲ ပြတ်သား လျက် ရှိလေသည်။

မြဝတီမဂ္ဂဇင်း၊ မေ၊ ၁၉၅၃။

❐



# လာလော့ ရဲဘော်

ဤအဖြစ်အပျက်ကို ပြန်လည်ရေးသားရာ၌ ကျွန်ုပ်သည် သက်ဆိုင်ရာ ကာယကံရှင်များ၏ ဂုဏ်သိက္ခာကို စောင့်ထိန်းရန် တာဝန်ရှိနေသေးသောကြောင့် ၎င်းတို့၏အမည်၊ နေရပ်များကို အမှန်အတိုင်း မဖော်ပြနိုင်သေးပေ။ ထို့အပြင် ဥပဒေအရလည်း ဖော်ပြနိုင်ခွင့်

မရသည့် အချို့သော အချက်အလက်များကို ချန်လှပ်ထားခဲ့ရပါသည်။]

မန္တလေးမြို့ကို သောင်းကျန်းသူ ကေ အင် ဒီ အို ကရင်များ ဝင်ရောက်သိမ်းပိုက်သည့်အချိန်တွင် မန္တလေးမြို့ပေါ်နှင့် ပတ်ဝန်းကျင်ရှိ ပုန်းအောင်းနေကြသော အလံနီ အလံဖြူများလည်း မြေပေါ်သို့ ဘွားခနဲ ပေါ်လာခဲ့ပေသည်။ ကေအင်ဒီအိုတို့သည် မြို့ကို သိမ်းပိုက်ထားရန် ရည်ရွယ်ချက်မရှိကြသောကြောင့် အဆိုပါ အလံနီ အလံဖြူများ ပေါ် ပေါက်ကာ ငါတစ်လူသူတစ်မင်း ရှုံးစိုက်ကြသည်ကို ကန့်ကွက်ခြင်း မရှိခဲ့ပေ။ ထိုအချိန်က မန္တလေးမြို့တွင် မင်းသုံးမင်း အထင်အရှားပေါ်ကာ မည်သူ့အား အဖေခေါ်ရမည်မသိ ဖြစ်ခဲ့ရပေသည်။ ဖဆပလ အစိုးရ အဖွဲ့ကား၊ ရေဝတီမြစ်တစ်ဖက်ကမ်းတွင် ရောက်ရှိနေလေပြီ။

သောင်းကျန်းသူတို့သည် မန္တလေးကို အရက် ၂၀ တိုင်တိုင် **သိမ်းပိုက်ထားပြီးနောက် အချင်းချင်း အဝေမတည့်ဖြစ်ကာ တိုက်ပွဲဖြစ်ရင်း ကစဥ့်ကလျား** ဖြစ်သွားခိုက်တွင် အစိုးရတပ်များက မြို့ကို ပြန်၍ သိမ်းပိုက်နိုင်ခဲ့ပေသည်။ အစိုးရတပ်များက မြို့ကိုသိမ်းလိုက်သည်တွင် သောင်းကျန်းသူများလက်ထက်က သောင်းကျန်းသူများနှင့်အတူ ပူးပေါင်း ကာ သွားလာနေထိုင်ခဲ့သောသူများလည်း ၎င်းတို့ ဆရာများနှင့်အတူ တောထဲသို့ လိုက်သွားကြလေသည်။ ၎င်းတို့အထဲတွင် ၁၉၄၉ ခုနှစ် လခစားပေါင်းစုံ အထွေထွေသပိတ်ကြီးတွင် ပါဝင်ခဲ့ကြသော အမှုထမ်း အများအပြား လိုက်ပါသွားခဲ့ပေသည်။

အမှန်ကတော့… အဆိုပါ ပုဂ္ဂိုလ်တို့သည် ကွန်မြူနစ်များကို ကြည်ညိုလှ၍တော့မဟုတ်ပေ။ ၁၉၄၉ ခုနှစ်ကား ဖဆပလ အစိုးရ တန်ခိုးအာဏာ ကျဆုံးနေချိန် ဖြစ်သည်။ အင်းစိန်ကို ကေ အင် ဒီ အိုများက သိမ်းပိုက်ပြီးရုံမက ရန်ကုန်မြို့ကိုပါ သိမ်းပိုက်ရန် အကြံဖြင့် တိုက်ခိုက်နေချိန်ဖြစ်သည်။ တစ်ဖန် မန္တလေးနှင့်တကွ တစ်ပြည်လုံးတွင် လခစား သပိတ်၊ အလုပ်သမားသပိတ်များ ပေါ်ပေါက်နေပေရာ

ဖဆပလမှာ ရှေ့ရန် နောက်ရန် နှစ်ဖက်ညှပ်လျက် ခံနေရပေသည်။

ဤအချက်ကို အခွင့်ကောင်းယူ၍ ကွန်မြူနစ်တို့သည် အဆိုပါ သပိတ်များကို ဝင်၍မြှောက်ပေးနေသည်တွင် သပိတ်သမားများမှာ ကွန်မြူနစ်တို့ဘက်သို့ ယိမ်းယိုင်လျက် ရှိပေသည်။ ကေအင်ဒီအိုကြောင့် လည်းကောင်း၊ ကွန်မြူနစ်တို့ကြောင့် လည်းကောင်း၊ လခစား သပိတ်သည် ဖဆပလအပေါ် အမုန်းကြီးမုန်းကာ ကွန်မြူနစ်များ၏ ခေါင်းဆောင်မှု အောက်တွင် ရောက်ရှိနေခဲ့ရပေသည်။

မန္တလေးအဖို့၌ ကွန်မြူနစ်အမည်ကိုမခံဘဲ ဒီမိုကရေစီသစ် တပ်ဦး အမည်ခံ၍ သူရိယသန်းမောင် (ဝါ) ဗိုလ်ရောင်နီ (ယခု ကွန်မြူနစ်အဖြစ်နှင့် တောခိုနေသူ) ခေါင်းဆောင်သော အဖွဲ့က လခစား သပိတ်ကြီးကို ခေါင်းဆောင်မှုပေးလျက် ရှိပေသည်။ မန္တလေးကို ကရင်များ ဝင်ပြီးနောက် ထောင်များ ဖွင့်လိုက်သောအခါ ထောင်ကျနေ ခဲ့သော ကွန်မြူနစ် ဗိုလ်အာဋ္ဌာဝါက၊ ဗိုလ်ဋ္ဌေး၊ သံမဏိမောင်မောင်ခေါ် ဗိုလ်အောင်သူ၊ ဗိုလ်သိန်း စသော ခေါင်းဆောင်များ လွတ်လာကာ တောနယ်တွင် တောခိုနေသော ကွန်မြူနစ်များလည်း ဘွားခနဲ ပေါ်လာခဲ့ သည်။ ဤတွင် မန္တလေး လခစားသပိတ်သည် အလိုအလျောက် ကွန်မြူနစ်တို့လက်ဝယ်သို့ ရောက်ရှိသွားခဲ့ရပေတော့သည်။

အစိုးရက မြို့ကို ပြန်လည်သိမ်းပိုက်လိုက်သောအချိန်၌ ကိုယ့်လိပ်ပြာကိုယ်မလုံသော လခစားတို့သည် ကွန်မြူနစ်များနှင့်အတူ တောခိုရာသို့ လိုက်ပါသွားခဲ့ကြရပေသည်။

ယခု ရေးလတ္တံ့သော အဖြစ်အပျက်ကား အထက်ပါ အချိန် ကာလမှ စတင်ခဲ့ပေသည်။

မြို့ကို ပြန်လည်သိမ်းပိုက်ပြီးသည်နှင့်တစ်ပြိုင်နက် ငြိမ်ဝပ် ပိပြားမှုကို စစ်နှင့်ရဲအဖွဲ့က လုံးဝတာဝန်ယူရပေသည်။ စစ်အုပ်ချုပ်ရေး

ဟုလည်း ခေါ်သည်။ ထိုအချိန်က စစ်တာဝန်မှာ တိုက်ခိုက်ရေးဖြစ်၍ တာဝန်ကား အုပ်ချုပ်ရေးဖြစ်သည်။ သို့သော် အခွင့်အာဏာကား စစ်ဘက်တွင် ရှိခဲ့ပေသည်။

ထိုအချိန်ကား ကျွန်ုပ်တို့မှာ ရဲအဖွဲ့ဝင်များဖြစ်သည့်အားလျော်စွာ မြို့ပြအုပ်ချုပ်ရေးနှင့် ငြိမ်ဝပ်ပိပြားမှုကို တာဝန်ယူခဲ့ရပေသည်။ ယခု ကျွန်ုပ်ဖော်ပြမည့်အဖြစ်အပျက်မှာ ကျွန်ုပ်နှင့်သာ ဆိုင်၍ ကျွန်ုပ်ထမ်းဆောင်ခဲ့ရသော တာဝန်မှ ကောက်နုတ်ချက်မျှသာ ဖြစ်ပါသည်။ ကျွန်ုပ် ဆောင်ရွက်ချက်တစ်ခုတည်းဖြစ်၍ အခြားရဲအဖွဲ့ဝင်တို့နှင့် မပတ်သက်ကြောင်း တင်ကြိုအစီရင်ခံလိုပါသည်။

ကျွန်ုပ်၏ တာဝန်ကား တောခိုရာသို့ လိုက်ပါသွားကြသော အစိုးရဌာနအသီးသီးမှ လခစားများ၏ အမည်ကို စာရင်းယူ၍ အဆိုပါပုဂ္ဂိုလ်များ လိုက်ပါသွားသောပါတီ၊ တောထဲတွင် အဘယ်တာဝန်များထမ်းဆောင်နေသည်။ ဘယ်အရပ်ဒေသတွင် ရောက်နေသည်။ သားမယားများ ပါမပါ စသည်များကို စုံစမ်းအစီရင်ခံရသော အလုပ်ဖြစ်ပါသည်။

ထိုစဉ်က ကျွန်ုပ်၏စာရင်းတွင် လခစားပေါင်း ၃၀ မျှ ပါသွားပြီး၊ သားမယားများ ခေါ်ဆောင်သွားသူ ၂၀ မျှ တွေ့ရပါသည်။ အချို့လည်း တစ်ပါတည်း ခေါ်ဆောင်သွား၍ အချို့လည်း နှစ်လသုံးလနေမှလာ၍ တိတ်တိတ် ခေါ်ယူသွားကြသည်ကို တွေ့ရသည်။ အလွန်လျှင် ကျယ်ပြန့်၍ အဝင်အထွက်များသော မန္တလေး မြို့အတွင်းသို့ တိတ်တိတ် ဝင်ရောက်လာသော အဆိုပါ ပုဂ္ဂိုလ်များကို ရဲအဖွဲ့သည် ရေပက်မဝင် စောင့်ထိန်းရန် ခဲယဉ်းခဲ့သည့်အတိုင်း သားမယားများ ပါသွားသည်ကို မကာကွယ်နိုင်ခဲ့ပေ။ သို့သော် သားမယားများ ကျန်ရစ်ခဲ့သောသူများ၏ အိမ်ကိုကား တတ်နိုင်သမျှ တစေ့တစောင်း အကဲ

ခတ်လာခဲ့ကြသည်သာ များပေသည်။

သားမယား ခေါ်မသွားဘဲ ချန်ရစ်ခဲ့သော အိမ်ထောင် ၁၀ ခုခန့်အနက် ကျွန်ုပ်၏စာရင်းတွင် အရေးပါအရာရောက်နေသော ကွန်မြူနစ်ခေါင်းဆောင် နှစ်ဦး၏ အိမ်ထောင် ပါရှိပေသည်။ တစ်ဦးမှာ ကွန်မြူနစ်ပါတီ၊ မန္တလေးခရိုင်၊ နိုင်ငံရေးတာဝန်ခံတစ်ဦးဖြစ်၍ ကျန် တစ်ဦးမှာ လခစားပေါင်းစုံ အထွေထွေသပိတ်မှ ခေါင်းဆောင် တစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အဆိုပါ ပုဂ္ဂိုလ်နှစ်ဦး၏ အိမ်ကို သုံး လေးရက် တစ်ခါ အကဲခတ်ခဲ့ကြသည်။ အဆိုပါ ပုဂ္ဂိုလ်များ နေအိမ်ရှိ ရာ ရပ်ကွက်လူကြီးအား လည်းကောင်း၊ အရက်သည်များအား လည်း ကောင်း၊ ထိုအိမ်ကို အကဲခတ်၍ အကြောင်းထူးက ကျွန်ုပ်တို့ထံ အလျင်အမြန် သတင်းပို့ရန် မှာကြားထားပေသည်။

အရက်သည်ဆိုသည်မှာ ရဲအဖွဲ့နှင့် မကင်းသောသူများ ဖြစ် သည်။ အရက်ဆိုင်ဆိုသည်မှာ သူတော်ကောင်းတို့ မွေ့လျော်ရာ၊ ကျက်စားရာ နေရာဌာန မဟုတ်ပေ။ လူဆိုး၊ သူခိုးနှင့် လူမိုက်တို့ ဆုံစည်းရာ၊ စုဝေးရာ၊ လာတတ်ရာနေရာ ဖြစ်သည်။ ဤတွင် လူဆိုး သူခိုးစသည်တို့နှင့် အမြဲတွေ့ဆုံနေရသော အရက်သည်အား ရဲအဖွဲ့သည် အသုံးချရသည်။ လက်ကိုင်တုတ်ပြုရသည်။ ကျွန်ုပ်အဖို့မှာလည်း အဆိုပါ အရက်သည်တစ်ဦး၏ အကူအညီဖြင့် အောက်ပါ အမှုကြီး တစ်ခုကို ရလိုက်ပေသည်။

အစိုးရတပ်များက မန္တလေးကို ပြန်လည်သိမ်းပိုက်ပြီးနောက် တစ်နှစ်အရတွင် နယ်အုပ်ချုပ်ရေး ပြောင်းလဲလိုက်သည်။ ၆ လမျှ အကြာတွင် ကျွန်ုပ်တို့ တာဝန်ပေးထားသော အရက်သည် ဦးလူလေး သည် ကျွန်တော့်ထံသို့ ရေးကြီးသုတ်ပျာ ရောက်လာခဲ့ပါသည်။

"ဗျို့... ဦးလူလေး ဘာများ အရေးကြီးလာတာလဲ" ဟု

ကျွန်ုပ်က သတင်းစာဖတ်နေရာက လှမ်းမေးလိုက်သည်။

"ဗိုလ်ကြီးပြောထားတာ သတင်းရလို့ လာပြောတာ"

[မန္တလေး၌ ရဲအုပ်မှ အထက်အရာရှိများကို ဗိုလ်ကြီးဟု ခေါ်သည်။ မိတ္ထီလာဘက်၌ အောက်ပိုင်းတွင် ဆရာဟု ခေါ်ဝေါ်ကြသည်။]

"ဘာသတင်းများလဲဗျ..."

"ဟို... ဗိုလ်ကြီး တစ်ခါခိုင်းထားတဲ့ ခင်မိတ်တို့ ကိစ္စလေ..."

"ဩော်... အင်း ကျော်ဇောမိန်းမ ခင်မိတ်လား"

"ဟုတ်ကဲ့ ခင်ဗျ..."

"ဘာများထူးလို့လဲ"

"ဒီလို ဗိုလ်ကြီးရ... ကျော်ဇော တောခိုသွားတာ ကြာပြီ **မဟုတ်လား...၊** အခု ကောင်မလေး ကိုယ်ဝန် ၄ လဆိုလား ရှိနေပြီ"

"ခင်ဗျား ဘယ့်နှယ်သိသလဲ"

"ဟာ... ကျွန်တော့်မိန်းမက လက်သည်ပဲ၊ မနေ့က ခေါ်ပြီး အစမ်းခိုင်းသတဲ့"

"ခင်ဗျားက ဘယ်လိုထင်သလဲ"

"ဟာ... ဗိုလ်ကြီးနှယ်... ကျော်ဇောအဝင်အထွက်ရှိလို့ ဖြစ်မှာပေါ့"

ကျော်ဇောကား မန္တလေး၊ လခစားပေါင်းစုံ အထွေထွေသပိတ် ခေါင်းဆောင်၊ ယခု ကွန်မြူနစ်ပါတီဝင်ဖြစ်၍ ၁၉၄၉ ခုနှစ်ကတည်းက တောခိုသွားသူ ဖြစ်ပေသည်။

"ခင်ဗျားထင်တာ မမှားပါဘူး။ ဒါပေမဲ့ ကျော်ဇောဗိုက် မဟုတ်ဘဲ သူများနဲ့ တိတ်တိတ်ပုန်းရတဲ့ ဗိုက်များ ဖြစ်နေပါ့မယ်ဗျာ"

"ဒါတော့ မပြောတတ်ဘူး ဆရာ...၊ လင်နဲ့ ပြတ်နေတာ

ကြာတော့ ဘေးဖောက်ချင်လည်း ဖောက်မှာပဲ။ ဗိုလ်ကြီးက ထူးရင်လာပြောဆိုလို့ ကျွန်တော် လာပြောရတာပါ"

"လာပြောတာတော့ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါ အင်မတန်အဖိုးတန်တာပေါ့"

"ကောင်မလေး အမေကတော့ နင့်ကြောင့် ငါ ခက်တယ်၊ ခက်တယ်၊ နင်ရင်လည်းသေ၊ မသေရင် ငါရင်လည်း သေမှ အေးမှာပဲ။ အခု ဘယ်သူ့အဖေခေါ်ရမတုံးလို့ သူ့သမီးကို မနက်က ဆူနေသတဲ့..."

"အဲဒီစကားက အတော်အဓိပ္ပာယ်ရှိတာပဲ၊ နို့ နေစမ်းပါဦး ကလေးကို စမ်းရုံစမ်းခိုင်းတာပဲလား"

"မဟုတ်ဘူး... ဗိုလ်ကြီးရဲ့၊ ဖျက်နိုင်ရင် ဖျက်ပေးပါတဲ့၊ ငွေကောင်းကောင်း ပေးပါ့မယ်တဲ့"

"နို့... ခင်ဗျားမိန်းမက ဘာပြောခဲ့သလဲ"

"ငရဲကြီးမှာ ကြောက်တယ်၊ မဖျက်ရဲဘူးလို့ ပြောခဲ့သတဲ့"

"နို့... သူ့အိမ်ကို အဝင်အထွက် ဘယ်သူများရှိသလဲ၊ ခင်ဗျားမသိဘူးလား"

"ဒါတော့ ဆရာ၊ ဆရာ့အမြင်အတိုင်းပဲ ဈေးဆိုင်ကလည်းရှိ၊ ပြီးတော့ ထမင်းလခနဲ့လည်း ကျွေးနေတဲ့အိမ်ဆိုတော့ အများကြီးပဲ"

"ဘယ်သူတွေ ထမင်းလခနဲ့ စားနေသလဲ"

"ကောလိပ်က ကောင်လေး သုံးကောင်ပဲ ဆရာ"

"အဲဒီမှာ အိပ်သလား"

"မအိပ်ဘူး၊ ဘေးအိမ်တစ်လုံး ၃ ယောက် ငှားနေပြီး ခင်မိတ်တို့ဆီမှာ လခပေးစားတာ"

"ဪ... ဒီလိုလား... ဒါဖြင့် အဲဒီကောင်လေးတွေထဲကများ မဖြစ်နိုင်ဘူးလား"

"ကလေးအဖေလား ဆရာ"

"အင်း... ဟုတ်တယ်"

"ဒါတော့ မပြောတတ်ဘူး"

ကျွန်ုပ်တာဝန်မှာ ထိုခင်မိတ်၏ယောကျ်ား ကျော်ဇောတို့အိမ်သို့ အဝင်အထွက် ရှိမရှိကို မစဉ်းစားမီ ခင်မိတ်၏ဗိုက်ရှင် မည်သူ မည်ဝါဖြစ်သည်ကို ပထမစဉ်းစားရမည် ဖြစ်ပေသည်။ အဝင်အထွက် စာရင်းကို ရှာလိုက်သောအခါ ကျောင်းသားသုံးယောက် ပေါ်လာပေရာ၊ ထိုကျောင်းသားထဲက မဖြစ်နိုင်ဟု မဆိုနိုင်။ ထို့ကြောင့် ကျွန်ုပ်၏ တာဝန်မှာ မိန်းကလေး၏ စာရိတ္တကို ပထမစုံစမ်းရမည်။ နောက်ပြီး ကျောင်းသားသုံးယောက်၏ စာရိတ္တကို စုံစမ်းရမည်။ မိန်းကလေး သည် လော်လီဖောက်ပြားတတ်သော မိန်းကလေး တစ်ယောက် ဖြစ်သလော၊ ကျောင်းသားများသည် သစ္စာမဲ့သော ကျောင်းသားများ ဖြစ်သလော။ ထိုအချက်နှစ်ခုကို ညှိနှိုင်းပြီးမှ အဖြေကို ရှာယူရပေလိမ့်မည်။ ကျောင်းသားများနှင့် မိန်းကလေးများ၏ သစ္စာတရား ခိုင်မြဲသည်ကို တွေ့ရှိရက မိန်းကလေး၏ ဗိုက်သည် မလွဲကေန် ကျော်ဇော၏ဗိုက် ဖြစ်ရမည်။ မိန်းကလေး၏ ဗိုက်သည် လက်သည် မစော၏ ထွက်ချက် အရ လေးလဟုဆိုလျှင် ကျော်ဇောသည် လွန်ခဲ့သော လေးလခန့်က လာရမည်မှာ အတွက်မှားစရာ မရှိတော့ပေ။ ထိုတစ်ကြိမ်က လာရိုးမှန် လျှင် နောက်လည်း လာရမည်၊ တဖန် ဝေးဝေးလံလံတွင် မဟုတ်သဖြင့် လာနိုင်ခြင်း ဖြစ်သည်။ လာလျှင် ရဲအဖွဲ့က ကြိုးကြိုးစားစားနှင့် စိတ်ပါလက်ပါစောင့်က တစ်နေ့ မမိ၊ တစ်နေ့ မိရမည် မဟုတ်ပါလော။

ရဲအဖွဲ့၏ အလုပ်ကား စိတ်ဝင်စားရ၏။ ဖွဲကောင်းရ၏။ စိတ်ရှည်ရ၏။ အတွေးအခေါ် ကောင်းရ၏။ ပြီးတော့ တာဝန်ကျေပွန် ရပေသည်။ အတန်ကြာ စဉ်းစားပြီးနောက်မှ ကျွန်ုပ်က...

"ဒါနဲ့... အဲဒီကျောင်းသားတွေရဲ့ နာမည် မသိဘူးလား"

"မသိဘူး ဆရာ"

"သူတို့ အနေအထိုင် ဘယ့်နှယ်နေသလဲ"

"သိမ်သိမ်မွေ့မွေ့ ကလေးတွေပါပဲ ဆရာ"

"ဘယ်မြို့ကလဲ"

"တစ်ယောက်က စစ်ကိုင်း၊ နှစ်ယောက်က မိတ္ထီလာကတဲ့ ခင်ဗျာ့"

"နို့... မေးစမ်းပါရစေဦး...၊ ကောင်မလေးရဲ့ အကျင့်စာရိတ္တ ကကော ခင်ဗျား ဘယ်လိုထင်သလဲ"

"ခုတော့ မပြောတတ်ဘူး ဆရာ၊ ကျော်ဇောနဲ့ မရခင်တုန်းက တော့ အတော်ရည်းစားများတာပဲ၊ ကျွန်တော်တို့အိမ် အနောက်ဘက်က သံချောင်းနဲ့တောင် ကြိုက်ဖူးသေးတယ်..."

ထိုအချက်မှာ ကျွန်ုပ်အဖို့ အသုံးဝင်မည်ထင်သဖြင့် ခေါင်း ထဲတွင် မှတ်သားထားလိုက်ပါ၏။

"ကျော်ဇောနဲ့ အရင်က ကလေးရဖူးသေးသလား"

"မရဖူးဘူး ခင်ဗျ"

"သူတို့ရတာ အတော်ကြာပလား"

"တောမခိုခင် တစ်လလောက်က ဆိုလားပဲ"

"သူ့အမေကြီး သဘောကကော ဘယ်လိုလဲ"

"ဒေါ်စောလား...၊ ဟာ ... ဒီမိန်းမကြီးကတော့ နှုတ်သီး အတော်ကောင်းတယ်"

"နှုတ်သီးကောင်းတာ ထားပါဦး... သဘောကောင်းရဲ့လား"

"ကောင်းပါတယ်... ဒါပေမဲ့ နည်းနည်းတော့ လည်တယ် ဆရာ"

"ဘယ်လိုလည်တာလဲ"

"ကျော်ဇောနဲ့ မရခင်က သူ့သမီး လာပိုးနေတဲ့ ကောင်လေးတွေ ညာစားနေတာပဲ"

ထိုအချက်မှာလည်း ကျွန်ုပ်အတွက် အသုံးဝင်မည် ထင်သဖြင့် မှတ်သားထားလိုက်၏။ ထိုအချက်တို့ကို မေးနေရခြင်းမှာ အကြောင်းမဲ့ မဟုတ်၊ ၎င်းတို့စာရိတ္တ၊ ၎င်းတို့ဝါသနာ၊ ၎င်းတို့ အလေ့အထကို စုံစမ်းခြင်းဖြင့် လက်ရှိအခြေအနေကို ခန့်မှန်းတွက်ဆယူနိုင်ရန် ဖြစ်လေသည်။

"ကိုင်း... ဒီလိုလုပ်ဗျာ... ဦးလူလေး၊ ဟိုကျောင်းသားသုံးယောက်ရဲ့ နာမည်ကို စုံစမ်းစမ်းပါ၊ ပြီးတော့ ရနိုင်မယ်ဆိုရင် သူတို့ရဲ့အတန်းကိုပါ စုံစမ်းစမ်းပါ ဟုတ်လား..."

"ဒါတော့ လွယ်ပါတယ် ဆရာ... ရေသည်ကိုခ မေးခိုင်းရင် ရပါတယ်"

"မြောင်ကြီးလည်း မေးနေပါဦးမယ်"

"မမေးစေရပါဘူး ခင်ဗျာ"

"ပြီးတော့ ... ခင်ဗျာ့မိန်းမကိုလည်း ပြန်ဝင်ခိုင်းပါ ဟုတ်လား၊ ဖျက်နိုင်ရင် ဖျက်ပေးမယ်လို့ ပြောခဲ့ပစေ..."

"ဖျက်ဝံ့မှာ မဟုတ်ဘူး... ဗိုလ်ကြီးရဲ့..."

"မဟုတ်ဘူးလေ တကယ်ဖျက်ရမှာ မဟုတ်ပါဘူး။ နည်းနည်းပိုရင့်လာအောင် အချိန်ဆွဲဖို့ပါဗျ"

"ဒါတော့ ဖြစ်ပါတယ် ဗိုလ်ကြီး..."

"ကိုင်း...၊ ဒါဖြင့် သွားတော့၊ ထူးရင်လာခဲ့ဦး"

ဗိုက်ကို ရင့်သထက်ရင့်လာစေရန် အချိန်ဆွဲခိုင်းရသည်မှာ ဒေါ်စောနှင့် ခင်မိတ်တို့အကဲကို ခတ်ရလွယ်ကူစေရန်လည်း ဖြစ်၏။

တစ်ဖန် ရင့်သထက်ရင့်၍ ပေါ်သထက်ပေါ်လာလျှင် အရပ်ကြားကောင်း အောင် အဖေဖော်ရမည် ဖြစ်၏။ သူတို့သည် ကျော်ဖောဓ်၏ ဗိုက်အမှန် ဖြစ်ခဲ့လျှင် ဘယ်နည်းနှင့်မျှ သူစိမ်းတစ်ယောက်ကို စွပ်စွဲမည် မဟုတ်ပေ။ စွပ်စွဲခဲ့လျှင်လည်း ကျော်ဖောက ခံမည် မထင်ပေ။ သားပစ် မယားပစ် လုပ်နေသော နိုင်ငံရေးသမား တစ်ယောက်အနေဖြင့် စဉ်းစားလျှင် မိမိပစ္စည်းမှန်ပါက တခြားသူ့ပစ္စည်းအဖြစ်မခံပေ။ လာ၍ခေါ်တန် ခေါ်မည်။ မခေါ်က လက်နက်ချမည်။ ထိုနှစ်နည်းမှမလုပ်လျှင် ခေါ်ဖော နှင့် ခင်မိတ်တို့သည် ကလေးအဖေ တစ်ယောက် အချိန်မီ ရှာရမည်။ ကျော်ဖော၏ဗိုက် ဖြစ်ပါသည် ဟူ၍ကား ဘယ်နည်းနှင့်မျှ ဝန်ခံဝံ့ကြမည် မဟုတ်ပေ။ ရဲအဖွဲ့က အရေးမယူသည့်တိုင်အောင် တောနေ ကျော်ဖောနှင့် အဆက်အသွယ်မပြတ်သည်ကို လူသိခံဝံ့လိမ့်မည် မထင်ပေ။

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်လည်း ဦးလူလေးအိမ်သို့ လာခဲ့၏။ ဦးလူလေးနှင့် မတွေ့ဘဲ ၎င်း၏မိန်းမ မခင်မေနှင့် တွေ့ရ၏။

"မခင်မေ... ကိုလူလေး တစ်ယောက်ကော"

"အရက်ယူသွားတယ် ဗိုလ်ကြီး"

"လာစမ်းပါဦးဗျာ... စကားလေး ဘာလေး ပြောရအောင်"

မခင်မေလည်း ကျွန်ုပ် ထိုင်နေရာ အနီးသို့ ရောက်လာလေ၏။

"ခင်မိတ်ကိစ္စက သေချာရဲ့လား"

"သေချာပါတယ် ဗိုလ်ကြီးရဲ့... သုံးလကျော်နေပြီ"

"ဖျက်ရင် ရပါဦးမလား"

"ရအောင် ဖျက်ရင်တော့ ရတာပေါ့"

"ခင်ဖျားတော့ သူတို့ အတော်ယုံသလား"

"ယုံလို့ ခေါ်ခိုင်းတာပေါ့ ဗိုလ်ကြီးရဲ့"

"အင်း... ကောင်းတယ်၊ ဒါဖြင့် ဒီလိုလုပ်ဗျာ ကျုပ်ပြောမယ်၊ လူယုံဆိုရင် အဲဒီအိမ်ကို ခဏခဏ ဝင်ဝင်ပေးစမ်းပါ၊ ကောင်မကလေးနဲ့ ရင်းနှီးအောင်လုပ်... ဟုတ်လား။ ပြီးတော့ အဲဒီဗိုက်ဟာ ဘယ်သူ့ဗိုက်လဲဆိုတာ စုံစမ်းစမ်းပါ..."

"ကျွန်မလည်း မေးပါတယ်၊ မပြောဘူးရှင့်၊ မမေးပါနဲ့ မခင်မေရယ်... လို့ ပြောတယ်..."

"ဒီလိုပဲ ပြောသလား၊ နို့... ခင်ဗျားက ဘယ်သူ့ဟာ ထင်သတုံး"

"ကျွန်မတော့ ဟိုကျောင်းသား သုံးယောက်ထဲက တစ်ယောက်ယောက် ထင်တာပဲ"

"သူတို့နာမည်တွေသိလား"

"တစ်ယောက်က သက်တင်ဆိုလားပဲ၊ ကျန်တဲ့ နှစ်ယောက်တော့ မသိဘူး"

"စဉ်းစားစမ်းပါဦးဗျာ... ခေါ်သံ ပြောသံများ မကြားဖူးလား"

မခင်မေလည်း ခေတ္တမျှ စဉ်းစားပြီးနောက်

"သြော်... သတိရပြီ ဗိုလ်ကြီး... သန်းထွန်းတဲ့၊ တစ်ယောက်က၊ ပြီးတော့ ဟိုညိုညိုကောင်ကလေးကို ဘဏ်ဆန်းတဲ့..."

"ဒီကောင်လေးတွေ ရောက်တာ ကြာပလား"

"ရှစ်လ ကိုးလလောက်ရှိပြီရှင့်..."

"ဒါပဲဗျာ... ကျုပ်မေးခိုင်းတာ ရအောင်မေးထားစမ်းပါ၊ ပြီးတော့ ကျော်ဇော လာ မလာလည်း စုံစမ်းစမ်းပါ ဟုတ်လား... ခဏခဏ မေးရင် တစ်နေ့တော့ ပြောလာမှာပဲ၊ ကိုင်း... ကျုပ်ပြန်ဦးမယ်။ ကိုလူလေးလာရင် ကျုပ် လာသွားတယ်လို့ ပြောလိုက်ဗျာ... ဟုတ်လား၊ ထူးရင်လည်း လာခဲ့ပါဦး"

"ဟုတ်ကဲ့ ဗိုလ်ကြီး စိတ်ချပါ"

ကျွန်ုပ်လည်း အိမ်သို့ မပြန်ဘဲ ကောလိပ်သို့ ထွက်လာခဲ့ပါသည်။ ကျွန်ုပ်၏ တာဝန်မှာ ထိုကျောင်းသား သုံးယောက်၏ စရိုက်ကို စုံစမ်းရန် ဖြစ်သည်။ ကောလိပ်၌ စုံစမ်းရန် ကျွန်ုပ်အဖို့ မိတ်ဆွေ ဆရာများ ကျောင်းသားများ အတော်များများရှိသဖြင့် မခဲယဉ်းလှပေ။

ရာဇဝင်နည်းပြဆရာ ဦးတင်အောင်၊ ကျောင်းသားသမဂ္ဂ ကိုသာနိုး၊ မြန်မာအသင်းမှ ကိုဘသင်း စသော ပုဂ္ဂိုလ်များထံမှ ကြားသိရချက်များအရ အဆိုပါ ကျောင်းသားများအနက် တစ်ယောက် သာလျှင် လည်လည်ပတ်ပတ်ရှိပြီး နှစ်ယောက်ကား စာလောက်သာ ကြိုးစားသူများဖြစ်သည်ဟု သိရပါသည်။ ထိုတစ်ယောက်ကား သန်းထွန်း ဖြစ်လေသည်။

သန်းထွန်းအား ကိုဘသင်းက လိုက်ပြသဖြင့် အကဲခတ်သော အခါ အတော်ကလေး သွက်လက်ချက်ချာရုံမက အာသွက်လျှာသွက် လည်း ရှိသည်။ မိန်းကလေးသူငယ်ချင်းများနှင့်လည်း ဆက်ဆံသွားလာ တတ်သည်။ ရုပ်ရည်လည်း အတော်ကလေး သန့်ပြန့်ပေသည်။

ကျွန်ုပ် ယခုကဲ့သို့ အပင်ပန်းခံနေရခြင်းသည် မခင်မိတ်၏ ဗိုက်ပြဿနာကို သိချင်လှ၍ အပင်ပန်းခံနေခြင်း မဟုတ်ပေ။ ကျော်ဇော မန္တလေးသို့ အဝင်အထွက် ရှိမရှိ၊ သူ့ဇနီးထံ လာမလာ သိရှိရန် ဖြစ်သည်။ အဝင်အထွက်၊ အသွားအလာ အဆက်အဆံသိရှိရခြင်းသည် ပင်လျှင် ကျွန်ုပ်တို့အဖို့ အဖိုးတန်သတင်းဖြစ်၍ ထိုသတင်းမှစ၍ ကျော်ဇောကို ဖမ်းဆီးနိုင်သည့် အခြေအနေအထိ ဆက်လက် ဆောင်ရွက် သွားနိုင်ပေသည်။

ဤနေရာ၌ ကသာသို့ ပြောင်းရွှေ့သွားသော ကျွန်ုပ်၏ ဆရာ တိုက်ပိုင် ဦးဘထွန်းအား များစွာ ကျေးဇူးတင်ရမည်။ ထိုအမှုကို

ကျွန်ုပ် စိတ်ဝင်စားအောင် အားပေးရုံမက အချို့အချက်များကို ညွှန်ကြားခဲ့သူဖြစ်သောကြောင့် ဆရာ့ကျေးဇူး မကင်းပါပေ။

ကျွန်ုပ်သည် သန်းထွန်းတို့နှင့် အလွန်ခင်သော ကျွန်တော်၏ မိတ်ဆွေကျောင်းသား ကိုခင်မောင်သိန်းအား အကြောင်းစုံ ဖွင့်ပြောကာ မခင်မိတ်နှင့် မည်သူမည်ဝါ ဆက်သွယ်လျက်ရှိသည်ကို အစုံစမ်းခိုင်းပြီး ပြန်လာခဲ့လေသည်။

ရဲလုပ်ငန်းတွင် အတိအလင်း ဖွင့်ဟ၍ ပြောဆိုရသည့်အခါလည်း ရှိ၍ မပြောဆိုရသည့်အခါလည်း ရှိသည်။ သို့သော် ထိုကိစ္စသည် ကြောက်စရာတော့ ကောင်းပေသည်။ တစ်ခါတစ်ရံ ယုံရမည် အထင်ဖြင့် ဖွင့်မေး၊ ဖွင့်ပြောခဲ့သမျှ စကားတို့သည် အပြင်သို့ ပေါက်ကြားကာ တစ်မှုလုံး ပျက်စီးသွားတတ်ပေသည်။ ကျွန်ုပ်ပြောခဲ့သော ခင်မောင်သိန်း အဖို့ကား ယုံကြည်ရသည်ကို တွေ့ရပါသည်။

တစ်လမျှ ကြာသောအခါ၌ ဦးလူလေးနှင့် တစ်ဖန် ထပ်၍ တွေ့သည်တွင် သတင်းကောင်းများ ကြားရပြန်သည်။

"ဘယ့်နှယ်လဲ ဗိုက်အတော် ပေါ်လာပလား"

"ပေါ်လာပြီ ဆရာရဲ့...၊ ကောင်မလေးတော့ အိမ်ပြင်တောင် သိပ်မထွက်တော့ဘူး၊ ဒါပေမဲ့ အရပ်ကတော့ သိကုန်ပြီ"

"အရပ်က ဘယ်လို ထင်မြင်ချက် ပေးနေကြသလဲ"

"အရပ်ကလား၊ တချို့ကလည်း ကျောင်းသားနဲ့ဖြစ်တာ၊ တချို့ကလည်း ကျော်ဇောလာလို့ ဖြစ်တာနဲ့ အမျိုးမျိုး ပြောနေကြတာပဲ"

"နို့... ခင်ဗျားမိန်းမတော့ မပြောဘူးလား"

"ကျွန်တော့်မိန်းမမရှိဘူး ခင်ဗျာ၊ ရွာပြန်သွားတာ အရက် ၂၀ လောက်ရှိပြီ..."

"ဟာ... အရေးထဲမှဗျာ...၊ ခင်ဗျားမိန်းမကလည်း ရွာပြန်နေ

တယ်"

"သူ့အမေ မမာလို့ခင်ဗျာ၊ သန်ဘက်ခါ ပြန်ရောက်တော့မှာပါ"

"ဒီအချိန်မှ ကလေးအဖေ မဖော်ရင် သူတို့ ဘယ်အချိန် ဖော်မလဲဗျာ"

"ဒါတော့ မပြောတတ်ဖူး ဗိုလ်ကြီး၊ အဘွားကြီးကတော့ ဉာဏ်များတာပဲ၊ ကျောင်းသား သုံးယောက်ထဲက တစ်ယောက်ယောက် ဆွဲချင်ဆွဲမှာ..."

"အရပ်နဲ့ကော သူတို့သားအမိ သင့်မြတ်ကြရဲ့လား"

"အဘွားကြီး စကားပြော အပေါက်ဆိုးလွန်းလို့ သိပ်ပနံ မစားဘူး"

မခင်မေ ရွာပြန်သွားသည့်အတွက် ကျွန်ုပ်အဖို့ များစွာ အားယုတ်သွားရ၏။ ကျွန်ုပ်အဖို့ ခင်မိတ်ကိစ္စကို သိနိုင်ရန်မှာ ခင်မေ တစ်ဦးတည်းအပေါ် အမှီပြုနေရပေသည်။

သို့နှင့် ဦးလူလေး ပြန်သွားသောအခါ ကျွန်ုပ်လည်း ကောလိပ်သို့ ထွက်လာခဲ့ရပြီး ကိုခင်မောင်သိန်းအား တွေ့ရပြန်လေသည်။

"ဘယ့်နှယ် ကိုခင်မောင်သိန်း၊ ကျွန်တော် ပြောတာလေ"

"ဟာ... သိပ်မထူးဘူးဗျ၊ တစ်ယောက်မှ ဟုတ်ပုံမရဘူး။ ကျွန်တော် သန်းထွန်းကိုကပ်ပြီး တောက်ကြည့်တာ သုံးလေးခါပဲ"

"သန်းထွန်းက လည်တယ်ဗျ...၊ ဟိုမလည်တဲ့ မောင်တွေကို စုံစမ်းပါ"

"ဟိုကောင်တွေကတော့ ရေမြွေတွေပါ ဆရာ စာကြမ်းပိုးတွေပါ"

"ဒါ အရေးမကြီးဘူး ဆရာကြီးရဲ့... အဲဒီ မလည်တဲ့မောင်တွေ လှည်းကျိုး ဝင်ထမ်းနေရမှာစိုးလို့ ပြောတာ၊ ဟုတ်လို့ ခံရရင် ကိစ္စမရှိ။

မဟုတ်ဘဲ ခံနေရမှ နာတာ…"

ဤကား ကျွန်ုပ်၏ ခြေထိုးမှုပင် ဖြစ်ပါသည်။ ကျွန်ုပ်၏ အစီအစဉ်မှာ ထိုကျောင်းသားများ ထိုအိမ်မှခွာရန် ဖြစ်သည်။

"ဒါတော့ စိတ်ချ ဆရာ၊ ဒီလကုန်ရင် အားလုံး ဘော်ဒါ ရောက်ကြတော့မှာ။ သူတို့ဟာသူတို့လည်း ရိပ်မိ ထင်ပါရဲ့…"

"ဒီလို သတိရှိရင် ကောင်းတာပေါ့ဗျာ၊ ဒါပေမဲ့ ဟုတ်တဲ့ လူရှိရင်တော့ မရှောင်သင့်ဘူးပေါ့…၊ နမချင်း ကိုယ်ချင်းစာသင့်တာပေါ့"

"ဟုတ်မယ်တော့ မထင်ဘူးဗျာ၊ သန်းထွန်း ဆိုတာကလည်း သူ့မှာ ရည်းစားတွေ ရှိတယ်။ ဟိုနှစ်ယောက်က ဘုန်းကြီးလိုလူတွေ"

"သိပ်လည်း မထင်နဲ့လေ…၊ ဒီလူမျိုးကလည်း ကြောက် စရာကောင်းတာပဲ"

"ဒါလည်း ဟုတ်တယ်ဗျ…၊ ကုပ်ကမြင်း ဖြစ်ချင်ဖြစ်နေမှာ ဟား… ဟား"

"အေးဗျာ… စုံစမ်းထားပါဦး ဟုတ်လား…၊ ကျုပ်ပြန်ဦးမယ်"

ကောလိပ်မှ ပြန်လာပြီး ၄ ရက်မျှကြာသောအခါ မခင်မေ ကျွန်ုပ်ထံသို့ ပေါက်လာပါသည်။ မခင်မေ ပြုံးပြုံးကြီး တက်လာ ကတည်းက သတင်းကောင်း တစ်ခုတော့ အမှန်ပါလာပြီဟု ကျွန်ုပ် ရိပ်မိပါသည်။

"ကိုင်း… ဆိုစမ်း ဘာများထူးသလဲ"

"ထူးလို့ လာတာပေါ့ ဗိုလ်ကြီးရဲ့…"

"ထိုင်… ထိုင်… အဲဒီမှာ၊ အင်း… ဆိုစမ်းပါဦး"

"မနေ့ညက ကျွန်မသွားတယ် ဗိုလ်ကြီးရဲ့…၊ မိန်းမကြီး ကြွေးတောင်းသွားနေတုန်း ကောင်မလေး တစ်ယောက်တည်း ရှိတယ်။ ဒါနဲ့ ကျွန်မက ကပ်ပြီးမေးတာပေါ့။ မေးတော့… 'ရှင် ဘယ်သူမှ

မပြောဘူးဆိုရင် ပြောမယ်' ဆိုပြီး ပြောတာပဲ။ ကျော်ဇောဗိုက်တဲ့ ဗိုလ်ကြီးရေ့... ကျော်ဇောဗိုက်တဲ့..."

"ဒါဖြင့် ကျော်ဇောလာတာ သေချာတာပေါ့"

"ဟုတ်ကဲ့... လာသတဲ့။ စာတော့ အဆက်မပြတ်ဘူးတဲ့"

"ခု သူဘယ်မှာတဲ့လဲ"

"နောက်ဆုံးကြားတာတော့ ကြွက်နဖားဘက်မှာတဲ့"

"ဒီကြား လာသေးသတဲ့လား"

"မလာဘူးတဲ့..."

"နို့ သူ့မှာ ဗိုက်ကြီးနေတာကော ကျော်ဇော သိသတဲ့လား"

"လွန်ခဲ့တဲ့ နှစ်လလောက်က စာရေးထားတာ ဘာမှ အကြောင်း မပြန်ဘူးတဲ့"

"စာက ဘယ်လိုလုပ်ပေးသတဲ့လဲ"

"ဟိုက ဆက်သားလာမှ ဒီက ပြန်ရတာတဲ့"

"သြော်... ဒီလိုလား။ နို့... နေစမ်းပါဦးဗျ။ ဗိုက်ကကော အတော်ပေါ်နေပြီလား"

"ဟာ... အတော်ပေါ်နေပြီ။ အပျိုဗိုက်သာဆိုတာ အအိုဗိုက် အတိုင်းပဲ"

"ခင်ဗျားကို အဖျက်ခိုင်းသေးသလား"

"သူ့အမေကတော့ အဖျက်ခိုင်းတယ်။ ခင်မိတ်ကတော့ အဖျက် မခံနိုင်ဘူးတဲ့။ ဘာဖြစ်ဖြစ် ဒီကလေးတော့ အသေမခံဘူးတဲ့"

"နို့... သူ့အမေက ဘယ်လိုစီစဉ်မတဲ့လဲ"

"အရှက်ကွဲတော့မခံဘူး။ အဖေတစ်ယောက်ယောက်တော့ ဖော် ပေးရမှာပဲလို့ ပြောနေတယ်"

"ကောင်မလေးက သူ့လင်နောက်လိုက်မယ် မပြောဘူးလား"

"မလိုက်နိုင်ဘူးတဲ့၊ စာတောင် ရေးထားတယ်၊ ကျွန်မကို ညက ဖတ်ပြတယ်"

"ဘာတွေ ရေးထားသလဲ"

"ဗိုက်ကလည်း တစ်နေ့တခြား ပေါ်လာပြီတဲ့၊ သူ့အမေက လည်း ကလေးအဖေဖော်ဖို့ လင်တစ်ယောက် ရှာပေးစားတော့မယ်တဲ့။ ဒါကြောင့် အမြန်ပြန်လာခဲ့ပါလို့ ရေးထားတယ်။ သနားစရာပါ... ဗိုလ်ကြီးရယ်"

"နို့... ဒီစာကို သူ ဘယ်လိုပေးမှာလဲ"

"ဒါတော့ မပြောတတ်ဘူးရှင့်။ ရေးထားတာပဲ"

"ဟိုက လာများခေါ်မယ် ထင်သလား"

"ခေါ်ရင်တော့ မလိုက်ဘူးလို့ ပြောတာပဲ။ အရင်တုန်းကလည်း ခဏခဏ ခေါ်ဖူးသတဲ့"

"ကောင်းတယ်၊ ခင်ဗျားကလည်း တွေ့တိုင်း ဒီလိုပြောစမ်းပါ။ တောထဲကို ယောင်လို့မှ လိုက်မသွားဖို့၊ ကိုယ့်လင်သားကိုယ်ရအောင် ခေါ်ယူဖို့၊ ပြီးတော့ အမေက ဘယ်လောက်ဆူဆူ ကိုယ့်လင်ကလွဲပြီး ဘယ်သူ့မှ မယူနိုင်ဘူးလို့ ငြင်းခိုင်းပါ။ တွေ့တိုင်း ခင်ဗျားရဲ့တာဝန်က ကောင်မလေး တောထဲမလိုက်ချင်အောင်နဲ့ ကိုယ့်လင်ကိုယ် ပြန်ခေါ် ခိုင်းဖို့ကို ထိထိရောက်ရောက် ဆောင်ရွက်စမ်းပါ"

"စိတ်ချပါ ဗိုလ်ကြီး၊ ကျွန်မ တာဝန်ထားပါ"

"သူ့ယောကျ်ားကတော့ကော သူ့ကို အတော်ချစ်ပုံရရဲ့လား"

"အတော် ချစ်ပုံရပါတယ်။ သူကလည်း အတော်ချစ်တယ် ဗိုလ်ကြီးရဲ့"

"အေး... ဒါကောင်းတယ်။ ဒီတော့ ခင်ဗျားက လောကမှာ တစ်လင်တစ်မယားပဲ ကောင်းတဲ့အကြောင်း၊ မိန်းမဆိုတာ တစ်လင်က

နှစ်လင်ပြောင်းရင် မကောင်းတဲ့အကြောင်း၊ ပြီးတော့ ကိုယ်နဲ့ မမုန်းဘဲ ကွဲရမယ့်ကိစ္စကို နားမထောင်ဖို့၊ တိုင်းပြည်အတွက် အသက်ပေးလုပ်နေတဲ့လင်ကို သစ္စာမဖောက်ဖို့ ခင်ဗျားက သူ့ကိုအကျိုးလိုလားတဲ့အပိုင်းက ကူညီရမယ်။ ပြီးတော့ ကောင်မလေး ရေးထားတဲ့ စာကိုလည်း ပိုပြီးပြည့်စုံအောင် ရေးခိုင်းဦး။ ကျော်ဇော နားလည်အောင် အခြေအနေ ဖြစ်နေပုံကို ရှင်းပြခိုင်း...”

“ဒါတော့ ဗိုလ်ကြီး... စာနဲ့ ရေးထားရုံမကဘူး၊ ခင်မိတ်က အကုန်လုံး ပါးစပ်နဲ့ ပြောလိုက်မယ်လို့ ပြောတယ်”

“ဘယ်သူ့ကိုလဲ”

“ဆက်သားကို...”

“ဆက်သားက လာပါ့မလား...”

“ဒါတော့ မပြောတတ်ဘူး ဗိုလ်ကြီးရဲ့...”

“ဟုတ်ပြီလေ... လာတဲ့အခါသာ အဖြစ်အပျက်အမှန်ကို အသေအချာ ပြောလိုက်ပါစေ၊ ဟုတ်လား”

ကျွန်ုပ်တို့အလုပ်ကား ခင်မိတ်တို့ အတွင်းရေးကို မျက်ခြည်မပြတ်စောင့်ရန်နှင့် ဒေါ်စောကို တစ်မျိုး၊ ခင်မိတ်ကို တစ်သွယ်၊ စိတ်ဝမ်းကွဲအောင် ချေထိုးရမည့်အလုပ် ဖြစ်၏။ ခင်မိတ်ကို သစ္စာစောင့်သိစေခြင်းအားဖြင့် တန်ဖိုးမြင့်ပေးကာ ကျော်ဇောလာချင်အောင် စေ့ဆော်ပေးရမည်။ အရင်းရှင်၊ ဓနရှင် စနစ်လက်အောက်မှ အိမ်ထောင်ရေးကို အမြဲတမ်း အပြစ်မြင်နေသော နိုင်ငံရေးသမား ကွန်မြူနစ်သည် သူ ချစ်သော မယားကို လက်လွှတ်ခံမည် မဟုတ်ပေ။

ကျွန်ုပ်လည်း ဆက်မေးရန် မေးခွန်းမတွေ့တော့သဖြင့် မခင်မေအား ငွေ ၅ ကျပ် လက်ဖက်ရည်ဖိုးပေးလိုက်ပြီး ဆက်လက် စုံစမ်းရန် မှာကြားကာ ပြန်လွှတ်လိုက်လေသည်။

၅ ရက်မျှ ကြာသောအခါ၌ ဒေါ်စောအိမ်တွင် ထမင်းလခပေး စားနေသော ကျောင်းသားများ ပြောင်းသွားပြီ ဟူသော သတင်းကို ကြားရလေ၏။ သတင်းတစ်ရပ် ဆက်လက် ထွက်ပေါ်လာသည်မှာ အဆိုပါ ကျောင်းသား သုံးယောက်အနက် ကိုဉာဏ်ဆန်းဆိုသူကား အကယ်၍ ကျော်ဇောထံမှ အကြောင်းပြန်ကြားစာ အချိန်မီ မရောက်က မခင်မိတ်၏ အရှက်ကို ကာကွယ်သည့်အနေဖြင့် မခင်မိတ်အား လက်ထပ်ပါမည်ဟု ကတိပေးခဲ့သည် ဟူသော သတင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့တာဝန်ကား ခင်မိတ်လက်၌ ရေးထားသော စာကို ဂရုစိုက်ရတော့မည်။ ကျွန်ုပ်တို့ အယူအဆကား လင်မယား ညားကြပြီး တစ်လခန့်အရတွင် တောခိုသွားသော ယောကျ်ားသည် ဘယ်နည်းနှင့်မျှ သူ့ဇနီးကို ပစ်နိုင်တော့မည် မထင်။ ခင်မိတ်ထံမှ စာရလျှင် ခင်မိတ်ထံ ပြန်၍လာချင်လာမည်။ မလာက ခင်မိတ်ကို ခေါ်ချင်ခေါ်သွားပေမည်။ နိုင်ငံရေးသမားတစ်ယောက်အနေဖြင့် မိမိဗိုက်နှင့် မယားအား ဘယ်နည်း နှင့်မျှ သူတစ်ပါးလက်သို့ကား မအပ်ပေ။

ထို့ကြောင့် ခင်မိတ်ထံသို့ ယခုရက်အတွင်း ကျော်ဇောထံမှ ဆက်သား တစ်ယောက်ယောက် အမြန်ရောက်ဖို့ကို ကျွန်ုပ်တို့က ဆုတောင်းနေရပေသည်။

ကျွန်ုပ်တို့ဆုတောင်းကား အောင်မြင်ခဲ့ပါသည်။ ၁၀ ရက်မျှ အကြာတွင် ကျော်ဇောထံမှ ဘုန်းကြီးတစ်ပါး ရောက်ရှိလာကြောင်း မခင်မေထံမှ တဆင့် ကြားရပေတော့သည်။ ကျွန်ုပ်တို့သည် ထိုဘုန်းကြီး အား မြင်ဖူးသည်ရှိရုံလောက် ဘေးမှ အကဲခတ်ပြီး မည်သို့မျှ အနှောင့် အယှက်မပေးဘဲ လွှတ်လိုက်ကြပါသည်။

ထိုဘုန်းကြီး ပြန်သွားပြီး ၁၀ ရက်ခန့်အကြာတွင်ကား ကျွန်ုပ်တို့ မျှော်လင့်ခဲ့သည့်အတိုင်း မခင်မေနှင့် ဦးလူလေးတို့သည် ကျွန်ုပ်ထံသို့

သတင်းကောင်းကြီး တစ်ခု ယူဆောင်လာခဲ့ပါတော့သည်။

"ဗိုလ်ကြီး... ကျွန်တော်တို့ကို ဘာဆုချမလဲ"

"သတင်းအပေါ်မှာ ကြည့်ပြီး ဆုချရမှာပေါ့ဗျာ"

"ကျော်ဇောကို မိရင် အစိုးရက ဆုဘယ်လောက် ချမှာလဲ ဟင်..."

"ဒါတော့ ဘယ်ပြောတတ်ဦးမလဲဗျာ...၊ ရတော့ရမှာပေါ့"

"မရချင်လည်း နေပါစေ ဗိုလ်ကြီးရာ... ဗိုလ်ကြီး နာမည်ရရင် ကျေနပ်ပါတယ်။ ကျော်ဇောလည်း လာတော့မတဲ့"

"ဟင်... ဟုတ်လား၊ ဘယ်တော့လာမှာလဲ"

"ဟိုဘုန်းကြီး ပြန်ရောက်နေပြီ... ကျော်ဇော သုံးလေးရက် အတွင်း လိုက်လာတော့မယ်တဲ့"

"ဘာကိစ္စလဲ... သူ့မယားကို ခေါ်ဖို့လား"

"မဟုတ်ဘူး ဗိုလ်ကြီးရဲ့ လက်နက်ချမလို့တဲ့"

"ဟာ ဟုတ်လား... ဒါဖြင့် နိပ်တာပေါ့..."

"နိပ်တာပေါ့... ဗိုလ်ကြီးရေ... လာတဲ့နေ့ ဝင်ဆွဲလိုက်ရုံပဲ"

"ဟာ... လက်နက်ချဖို့ဆိုရင် ဘာလို့ဖမ်းမလဲဗျာ... ကျုပ်ဆီ ခေါ်ခဲ့ပေါ့..."

ဦးလူလေးတို့ သဘောကတော့ မြို့အဝင် အိမ်အရောက် ဖမ်းလိုက်စေချင်သော်လည်း ကျွန်ုပ်အဖို့ကား ထိုကိစ္စကို မည်သည့်နည်းနှင့်မျှ လက်မခံနိုင်။ အလုပ်ထင်ပေါ်မှုကို အဓိကထားသော ရဲအရာရှိများအဖို့မူကား ဦးလူလေး၏ အကြံအစည်ကို လက်ခံကောင်း လက်ခံကြပေလိမ့်မည်။ သို့သော် ထိုကိစ္စကား အလွန်လျှင် သိမ်ဖျင်းညစ်ညမ်းလှသည့်ကိစ္စဖြစ်ရုံမက စိတ်ဓာတ်ကျဆုံးလာသူအား ပြန်၍ မီးမွှေးပေးလိုက်သည်နှင့်တူသည်ကို သတိပြုရှောင်ရှားသင့်ပေသည်။

ဦးလူလေးတို့ ပြောသည့်အတိုင်း ၃ ရက်ရသောနေ့၌ ကျော်ဇောနှင့် ဘုန်းကြီး ဦးစန္ဒိမာလည်း ရောက်ရှိလာကာ ကျွန်ုပ်ထံ၌ လက်နက်ချ ဝင်ရောက်လာပါသည်။ ကျွန်ုပ်သည် ၎င်း၏ ဇာတ်လမ်းကို အကုန်အစင်သိထားသူ တစ်ဦး ဖြစ်သောကြောင့် ၎င်း၏ အစစ်ခံချက်၌ ထုံးစံအတိုင်း ရေးသားရသည့် စစ်ဆေးသူ၏ ထင်မြင်ချက် အပိုဒ်တွင် ဗိုလ်ကျော်ဇော (ခေါ်) ဗိုလ်မင်းအောင်အား လုံးဝ လွတ်ငြိမ်းချမ်းသာခွင့်ပြုသင့်ကြောင်း ရဲဝံ့စွာ ရေးသားပေးလိုက်ပါသည်။

ဤတွင် ကျွန်ုပ်အဖို့ တာဝန်ကြီးတစ်ရပ် ပြီးမြောက်သွားသည်ဟု ယူဆပါသည်။ ရေပူနှင့်လောင်းလောင်း၊ ရေအေးနှင့်လောင်းလောင်း၊ မီးငြိမ်းဖို့သာ အဓိက ဖြစ်ပါသည်။ ဖမ်းဆီး၍ပဲရရ၊ လက်နက်ချ၍ပဲရရ၊ တောထဲမှ သူပုန်တစ်ယောက် အလင်းသို့ ရောက်လာဖို့မှာ အဓိက ဖြစ်ပါသည်။

သို့သော် အထက်ပါအဖြစ်အပျက်၌ ကျွန်ုပ်သည် ဦးလူလေး၏ ဇနီး မခင်မေအား များစွာကျေးဇူးတင်ပါသည်။ ငွေကောင်းကောင်းကြီး ပေး၍ အဖျက်ခိုင်းသည့် ဗိုက်ကို မခင်မေသည် ဖျက်၍ရနိုင်ပါလျက် ကျွန်တော့်စကားအရ မဖျက်ဘဲ အချိန်ဆွဲစေခဲ့ခြင်း၊ မခင်မိတ်အား မိခင် အစီအစဉ်ကို ငြင်းပယ်စေကာ တောနေ ခင်ပွန်းကိုသာလျှင် စောင့်စေခြင်း၊ တောထဲသို့ လိုက်မသွားစေဘဲ ကျော်ဇောကိုသာ အရခေါ်ယူစေခြင်းများကို ကျွန်ုပ်တို့ခိုင်းစေသည့်အတိုင်း ကျေပွန်စွာ ဆောင်ရွက်နိုင်စွမ်းရှိခဲ့ပေသည်။

မပေါ်တပေါ်အချိန်မှစ၍ အထင်အရှား ပေါ်လာသော အချိန်အထိ စိတ်ရှည်စွာဖြင့် စောင့်ရင်း လောလောဆယ် ကလေးအဖေမဖော်က မဖြစ်တော့သော အခြေမျိုးရောက်အောင် ကျွန်ုပ်တို့က အချိန်ဆွဲကာ တစ်ဖက်မှ ခင်မိတ်အား ခင်ပွန်းသည် ပြန်လာရေးကို နားပူတိုက်ပေး

ခြင်းအားဖြင့် ညားပြီး တစ်လမပြည့်ခင် ကွဲသွားရှာသည့် ချစ်လင်အား ချစ်ဇနီးထံသို့ မပြန်ရ မနေနိုင်အောင် ဆင်လိုက်ရပေတော့သည်။ သို့သော် ယနေ့ထိ ကာယကံရှင်တို့ကတော့ မသိလိုက်ကြပေ။ သိခဲ့လျှင်လည်း ကျွန်ုပ်အား စိတ်ဆိုးမည်တော့ မထင်တော့ပါ။

မြဝတီမဂ္ဂဇင်း၊ မတ်၊ ၁၉၅၃။

❐




# မုံ့မဟုတ်ပါ

ထိုသတင်းကို ရုတ်တရက် ကြားလိုက်ရသောအခါ၌ တစ်ခေါင်းလုံး ချာချာလည်သွားကာ မယုံနိုင်အောင် ဖြစ်သွားသော်လည်း မိမိအား လာပြောနေသူမှာ မိဘလိုနေသော ဆရာသမားဖြစ် သူက လာပြောနေခြင်းဖြစ်သောကြောင့် မယုံ၍ မဖြစ်တော့၊ အဘယ်ကဲ့သို့ စီစဉ်ရမည်ကိုသာ အကြံဉာဏ်တောင်းရန် ရှိတော့လေ၏။

"ဒီလိုဆိုရင် ကျွန်မ ဘယ်လိုလုပ်ရမလဲ ဆရာရယ်… ကျွန်မကို အကြံပေးပါဦး" ဟု မသန်းကြည်လည်း အားထားသမှုပြုသော အသံဖြင့် မေးလိုက်မိလေ၏။

"လခတော့ အပြည့်အပ်ကဲ့လား"

"ဟုတ်ကဲ့ အပ်ပါတယ်"

"ဘယ်လောက်အပ်သလဲ"

"၂၀၀ အပ်ပါတယ်..."

"၂၅၀ မဟုတ်ဘူးလား..."

"၂၅၀ ရတယ်လို့တော့ ပြောပါတယ်၊ ဒါပေမဲ့ ၂၀၀ ပဲ အပ်ပြီး ကျန်တဲ့ ၅၀ အတွက်တော့ သူသုံးဖို့ ရုံးမှာထားတယ်လို့ ပြောပါတယ်"

"ဒါတော့ ထားပါတော့လေ၊ နို့ ဟိုဘက်လထဲကကော ခရီးစရိတ်ရရဲ့လား..."

"ရပါတယ်... ၁၅၀ ပေးပါတယ်"

"၁၅၀ ဟုတ်လား၊ သူထုတ်ရတာ ၂၀၀ ကျော်ပါ..."

"ဘယ်လောက်ထုတ်ရတယ် ဆိုတာတော့ မပြောဘူး၊ ခရီးစရိတ် ၁၅၀ ရခဲ့တယ်ဆိုပြီး အပ်တာပါပဲ"

ဦးဘအုန်းက အောက်နှုတ်ခမ်းကို ကိုက်ကာ တစ်စုံတစ်ခုကို စဉ်းစားသလို ငြိမ်သွားပြီးမှ မသန်းကြည်အား လှမ်းကြည့်လိုက်၏။

"အေး... နောက်ကို ခရီးစရိတ်ထုတ်ရင် ငါ အပြောလွှတ်လိုက်မယ်၊ ညည်းဟာညည်း လာထုတ်လှည့် သိလား"

"မဖြစ်ဖူး ထင်တယ် ဆရာ၊ ရုံးကို ဘယ်တော့မှ မိန်းမ လိုက်မလာရဘူးလို့ သူ ပြောထားတယ်၊ ကျွန်မ လာရင် သူ စိတ်ဆိုး လိမ့်မယ်"

"ဒါဖြင့် ဒီလိုလုပ်မယ်၊ သူ ဘယ်လောက်ထုတ်သွားတယ် ဆိုတာ ငါတစ်ယောက်ယောက်ကို အပြောလွှတ်လိုက်မယ် ဟုတ်လား၊ သူ အိမ်ပြန်လာတော့ စစ်၊ ညည်းကလည်း သူ ဘယ်ခရီးသွားရင် ဘယ်လောက်ရတယ်ဆိုတာမှ မသိဘူးလား"

"ကျွန်မလည်း သူ့ကိုယုံတာနဲ့ မမေးပါဘူး၊ သူ ဒီလိုလည်း ဖောက်ဖောက်ပြန်ပြန် လုပ်လိမ့်မယ်လည်း မထင်ဘူး"

"နို့... သူ တောထွက်သွားတာ ဘယ်နှရက်ရှိပလဲ"

"ဒီနေ့ပါနဲ့ဆိုရင် ၃ ရက်ရှိပြီ"

"ဘယ်လို့ ပြောသွားသလဲ"

"ပြောတော့ သွားတာပဲ ဆရာ၊ ကျွန်မလည်း မခေါ်တတ်ဘူး ဘာရွာဆိုလား"

"ညည်းကလည်း အ လိုက်တာဟာ ဒီလိုအ လွန်းလို့ ဒီလို ဖြစ်တာ"

"ပြောတော့ပြောတယ် ဆရာ၊ နာမည်က အခေါ်ရခက်တယ်"

"ကန်တော်ရဲလား"

"မဟုတ်သေးဘူး... ဘာလုံဆိုလားပဲ"

"ဩော်... နားလုံလား"

"ဟုတ်... ဟုတ်တယ်ဆရာ နားလုံ... နားလုံ"

"နားလုံမှာ ဘာကိစ္စမှ ရှိတာမှမဟုတ်ပဲ၊ ငါ့ကို ပြောသွားတော့ မိုးညှင်းတဲ့၊ အတော်လူပါးဝတဲ့ အကောင်ပဲ၊ ပြန်လာမှ သူ့ ဒိုင်ယာရီ စစ်ပြီး ဆူပစ်လိုက်ဦးမယ်"

"ကျွန်မ ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပါဦး ဆရာ၊ ကျွန်မ တော့ မကြံတတ်တော့ဘူး... ဒီမိန်းမက ဗမာပဲလား"

"ဘယ်ဟုတ်မလဲ၊ ကချင်မတဲ့၊ ကျောင်းဆရာမလို့ ပြောတာပဲ"

"ကျွန်မ ဘယ်လိုလုပ်ရမလဲ ဆရာ..."

"ငါတော့ ဆူထားတာပဲ၊ ငါ ကြားကြားချင်း ပွက်ထားတယ်၊ ဒီနေ့ ထပ်ကြားတာနဲ့ ငါ ညည်းကို လာပြောတာ၊ အတော် ခက်တဲ့ အကောင်ပဲ..." ဦးဘအုန်းသည် အဘယ်ကဲ့သို့ စီစဉ်ရမည်ကို စဉ်းစားနေ

လေ၏။ မသန်းကြည်ကတော့ ဘာမျှမကြံတတ်၊ သူ့အဖို့မှာ ဤ ပြဿနာသည် ပထမဆုံး ရင်ဆိုင်ရသော ပြဿနာ ဖြစ်၏။ သူနှင့် ကိုမြင့်မောင်တို့ရကြသည်မှာလည်း မကြာသေး၊ မန္တလေးမှ မြစ်ကြီးနားသို့ ကိုမြင့်မောင် မပြောင်းခင် တစ်ပတ်ခန့်လောက်က ရုံးတွင် လက်ထပ်လာ ခဲ့ခြင်း ဖြစ်၏။ လက်ချိုးရေတွက်ခဲ့လျှင် ၆ လမျှသာ ကြာသေးမည် ဖြစ်၏။ ကိုမြင့်မောင်ကို လက်ထပ်ခြင်းကို ဘယ်သူကမျှ သဘောမတူ၊ မြစ်ကြီးနား လိုက်လာခြင်းကိုလည်း ဘယ်သူကမျှ သဘောမကျ၊ မိခင်ဖြစ်သူက အတန်တန် တားမြစ်သည့်အထဲက လင့်တစ်မျက်နှာ တစ်ရွာထင်ကာ စွန့်စွန့်စားစား လိုက်ပါလာခဲ့ခြင်း ဖြစ်၏။ ယခု မြစ်ကြီးနားတွင် ကချင် ကျောင်းဆရာမ တစ်ဦးနှင့် ဘာလိုလို ဖြစ်နေပြီဟု မမျှော်လင့်ဘဲ ကြားလိုက်ရသောအခါ ငယ်ထိပ်မြွေကိုက်ခံလိုက်ရသကဲ့သို့ ဖြစ်ကာ မကြံတတ်မစည်တတ် ဖြစ်သွားရတော့၏။ အံ့အားလည်း အတော်ကြီး သင့်သွားမိ၏။ ရကြသည်မှာ မကြာသေးမီ ယခုကဲ့သို့ ဖောက်လွဲဖောက်ပြန်စိတ် ပေါ်ပေါက်ခြင်းမှာ အံ့သြစရာပင် မဟုတ်ပါ လား။

"ဘာမှမပြောနဲ့ဦး... မသိချင်ယောင် အသာဆောင်ပြီး နေလိုက် ဦး၊ ငါ ပြောဦးမယ် ဟုတ်လား၊ ဒီကောင်က တဇွတ်ထိုးသမား ဆူ ဆူပူပူမရဘူး၊ ငါ သူ့အကြောင်း သိတယ်၊ ဖျောင်းဖျောင်းဖျဖျ ပြော ရင်ရတယ်။ ဆူရင် ရွဲ့တတ်တဲ့ သောက်ကျင့် ရှိတယ်။ ပြောမရရင် ငါ ဒီကောင်ကို စတုံးတောင်ပေါ် ပို့ထားလိုက်မယ်၊ ဒါမှ ဟိုကောင်မနဲ့ ပြတ်မှာ၊ သူလည်း ငြိမ်ရော..." ဟု ဦးဘအုန်းက ဖောင်းနေသော သူ့ဗိုက်ကြီးပေါ် လက်နှစ်ဖက်ယှက်တင်ကာ ပြောလိုက်လေ၏။

"လုပ်ပါဦး ဆရာ... ပြတ်အောင် လုပ်ပေးဦး၊ ကျွန်မ ဆရာ ပြောသလို မသိချင်ယောင်ဆောင်ဆိုလည်း ဆောင်နေပါ့မယ်"

"စိတ်ချ ငါဆူမယ်၊ ညည်းကသာ အခြေမပျက်နဲ့ ခါတိုင်းလိုပဲ သူ့ကို ဂရုစိုက် ပြုစု သိလား"

"စိတ်ချပါ ဆရာ...၊ ဒါနဲ့ သူ့ကောင်မ နာမည်က ဘယ်သူတဲ့လဲ ဆရာ..."

"နာမည်က ခေါ်ရခက်ခက်ပါပဲဟယ်၊ ဘာတဲ့ မထုပုဆိုလား၊ ထူပူဆိုလားပဲ.... ဗမာနာမည်က ခင်မျိုးမြင့်လို့ ပြောကြတာပဲ"

"ဘယ်ကျောင်းကတဲ့လဲ ဆရာ..."

"အဲဒါလည်း ငါအသေအချာမသိဘူး၊ နေတာတော့ ကချင်စုထဲမှာလို့၊ ရုံးက ကောင်လေးကတော့ ပြောတာပဲ"

"ကျွန်မဖြင့် အတော့်ကို အံ့အားသင့်သွားတာပဲ ဆရာရယ်"

"ငါတို့လည်း အံ့အားသင့်နေတာပဲ"

"အလုပ်များတယ် များတယ်နဲ့ သူ အဲဒီသွားသွားနေတာ ဖြစ်မှာပဲ"

"ဘာအလုပ်များရမှာလဲ အဲဒီသွားသွားနေတာပေါ့၊ တော သွားတယ်ဆိုတာလည်း ဟုတ်ချင်မှဟုတ်မှာ၊ တောဆိုပြီး ညည်းကိုလိမ် နေတာဖြစ်မှာ၊ အေးလေ ငါပြောသလို မသိချင်ယောင်ဆောင်နေဦး၊ ဟုတ်လား၊ သူ ပြန်လာရင် လာဆူဦးမယ်၊ မရတော့ ကြည့်စီစဉ်တာပေါ့ ဟုတ်လား ကိုင်း... ငါပြန်ဦးမယ်" ဟု ပြောကာ ဦးဘအုန်းလည်း သူ့ဖော့ဦးထုပ်ကို ကောက်ဆောင်းကာ ပြန်သွားလေ၏။

မသန်းကြည်သည် ဆရာ့ရှေ့၌ ထိန်းထားရသော မျက်ရည်များကို သွန်ချကာ ရှိုက်ကြီးတငင် ငိုရင်း ဝမ်းနည်းပက်လက်ဖြစ် ကျန်ရစ်ခဲ့ရရှာလေသည်။

# (၂)

ငါဘာလုပ်ရမလဲ...။

မုန့်ကိုသာ စေစားနိုင်မည် ဖြစ်သော်လည်း လင်ကိုတော့ စေမယူနိုင်သော မသန်းကြည်သည် ဆရာဦးဘာအုန်းက မသိဟန်ဆောင်နေရဦးမည်ပြောခဲ့၍သာ၊ မသိဟန်ဆောင်နေရသည်။ ချစ်လင်ကို မေးလိုက်ချင်သည်မှာ လျှာယားနေရှာ၏။ အဘယ်မိန်းမသားမျှ ခွင့်မလွှတ်နိုင်သည့် ကိစ္စကြီးတစ်ရပ် ဖြစ်သဖြင့် မိန်းမသားဖြစ်ရှာသော မသန်းကြည်သည်လည်း ခွင့်မလွှတ်နိုင်၊ သဘောထားမကြီးနိုင်။ သူ့အဖို့မှာ ချစ်စကြင်စမို့ သာ၍အခံရဆိုးရှာ၏။ ပြီးတော့ မိဘတို့သဘောမတူ မကြည်ဖြူသည့်ကြားက ဖွတ်မှိတ်ကာ ယူလာခဲ့သော လင်ဖြစ်သဖြင့်လည်း ပို၍ယူကျုံးမရစရာ၊ ဝမ်းနည်းစရာ ဖြစ်၏။ ရက်စက်လှသော လင်ကို စွန့်ပယ်ကာ မိဘရပ်ထံ ပြန်ပြေးချင်စိတ်ပေါက်မိသည့်တိုင်အောင် သူ့ဘဝမှာ ပြန်၍မဖြစ်၊ ဆိုးဆိုးကောင်းကောင်း သည်လင် သည် တစ်ယောက်ကို မျက်လုံးမှိတ်၍ ပေါင်းကာ သူထားရာက နေရတော့မည်သာ ဖြစ်နေ၏။ လင်ကို အာဏာဖီဆန်၍ မိဘထံပြန်နိုင်သည့် အခြေရှိသည့်တိုင်အောင်လည်း မိဘရပ်ထံနှင့် ဝေးလံလှစွာသော အရပ်ဒေသတွင် အာခံရန် မလွယ်ကူ၊ သူ့လက်ခုပ်ထဲကရေလို ဖြစ်နေသဖြင့် သွန်လိုရာသွန်၊ မှောက်လိုရာမှောက် ပြုနိုင်နေ၏။ ထို့ကြောင့် သူသည် ကိုမြင့်မောင်ရှိသောအခါ၌ ဟန်မပျက် ပြုံးနိုင်သမျှ ပြုံးကာ နေပြခဲ့ပြီး၊ ကိုမြင့်မောင် မရှိတော့သောအခါများ၌ မျက်ရည်ဖြင့် အဖော်ပြုကာ "ငါ ဘာလုပ်ရမလဲ" ဟူသော မေးခွန်းကို ထပ်တလဲလဲ မေးရင်း စဉ်းစားရင်းဖြင့် အချိန်တွေ ဖြုန်းနေရရှာတော့လေ၏။

ကိုမြင့်မောင်ကား အလွန်ကျွမ်းကျင်ကောင်း၏။ အလွန်လည်း ပိရိလိမ္မာ၍ ပါးနပ်၏။ သူ့ဟန်ကား မပျက်၊ မသန်းကြည်ကို သူ

ပြုစုယုယမှု၊ ဂရုစိုက်မှု၊ အရေးပေးမှုတို့ကား မပျက်၊ လင်ကောင်း တစ်ယောက်အင်္ဂါနှင့်အညီ ရသမျှ လခကိုအပ်၏။ သုံးသမျှကို စာရင်း နှင့် တင်ပြ၏။ ရုံးသို့ အချိန်မှန်မှန် တက်၏။ အချိန်မှန်မှန် စား ၏။ အင်း... ညနေတော့ အလုပ်တွေများသည်ဟု ပြော၍ နောက်ကျ ၏။ တစ်ခါတလေလည်း အပြင်တွင် လုပ်စရာကလေးတွေ လုပ်စရာ ရှိသေးသည်ဟု ပြော၍ထွက်သွား၏။ ၁၀ နာရီ ၁၁ နာရီလောက်မှ ပြန်လာတတ်၏။

အကြောင်းသိပါလျက်နှင့် မသိလေ ဟန်ဆောင်နေရသော မသန်းကြည်အဖို့ အဘယ်မျှ အောင့်သက်သက် ခံနေရရှာလေမည်နည်း။ မိနစ်ပိုင်းလောက်အတွင်း သေမင်းနိုင်ငံသို့ လိုက်ရအံ့အချိန်တွင်ပင် မိမိယောကျ်ားအား အဘယ်မိန်းမနှင့်မျှ အလိုမတူ မကြည်ဖြူနိုင်သော မိန်းမသားတို့ သဘော သိကြပေလိမ့်မည်။ သည်တော့ မိန်းမသား ဖြစ်သော မသန်းကြည်သည်လည်း အဘယ်မျှကြာအောင် အောင့်အည်း သည်းခံနေနိုင်ပါမည်နည်း။ ထိုဝေဒနာကို အဘယ်မှာလျှင် ကျိတ်မှိတ် ခံစားနေချင်ပါမည်နည်း။ တစ်နည်းနည်းဖြင့်တော့ သူ ကုစားမှ ဖြစ် တော့မည် မဟုတ်ပါလား...။

ကိုမြင့်မောင်ကိုပင် ပြောင်ပြောင်ဖွင့်၍ မေးပြီး နောက်ဆုတ် ခိုင်းရ ကောင်းလေမည်လော၊ ထိုသို့မေးလျှင် ကိုမြင့်မောင်က အမှန် အတိုင်း ဝန်ခံမည်မထင်၊ မိမိက သက်သေအထောက်အထားနှင့် ပြနိုင်ရမည်။ ဆရာပြောရုံဖြင့် မိမိက မေးမြန်းရမည်မှာ မခိုင်လုံ၊ ငွေစာရင်းအရ အမိဖမ်းလျှင် ရနိုင်ပါမည်လား၊ မသေချာ။ ငွေစာရင်း မှာ သူ လိမ်ချင်သလို ရနိုင်သည်။ သူနှင့် ထိုကချင်ဆရာမတို့ အတူသွား အတူလာ အတူနေခိုက်တွင် လက်ပူးလက်ကြပ်ဖမ်းပြနိုင် လျှင်ဖြင့် တော်လိမ့်မည်။ ဒါလည်း မလွယ်၊ မိမိမှာ ဘယ်မှမသွားတတ်

မလာတတ်၊ မိတ်ဆွေကလည်း များများမရှိ၊ ရှိသည့် မိတ်ဆွေကိုလည်း သည်အကြောင်း ဖွင့်ပြောရမည်မှာ ရှက်စရာ၊ သွားတတ်လာတတ်သဖြင့် မိတ်ဆွေတစ်ယောက်ယောက် အကူအညီရသည့် တိုင်အောင်လည်း ကိုမြင့်မောင်ကို အကြမ်းဖက်၍မလွယ်၊ တဇွတ်ထိုးသမားမို့ အိုးရှဲ့ကို စလောင်းရှဲ့နှင့်ဖုံးခဲ့လျှင် မိမိသာ နစ်နာဆုံးရှုံးရမည် မဟုတ်ပါလား။

မသန်းကြည်သည် စဉ်းစားရင်းက ထိုအကြံကို လက်လျှော့လိုက်မိပြန်လေ၏။ နောက်တစ်မျိုး စဉ်းစားပြန်၏။

ထိုဆရာမသည် ကိုမြင့်မောင် သားမယားရှိနေသည်ကို မသိ၍ပင် ကြိုက်ရှာသလား... သိလျက်နှင့်ပင် ကြိုက်ရှာသလား၊ သိလျှင်တော့ ကြိုက်လိမ့်မည်မထင်၊ ကျောင်းဆရာမ တစ်ယောက်ဆိုခဲ့လျှင် သူတစ်ပါး လင်ကိုတော့ ကြိုက်မယ်မထင်၊ ခေတ်ပညာတတ် အမျိုးသမီး တစ်ယောက်ဖြစ်၍သာ ကျောင်းဆရာမ လုပ်နေခြင်း ဖြစ်လေရာ၊ သူ့ပညာ၊ သူ့အလုပ်အကိုင် 'သူ့နာမည်တစ်လုံး အဆုံးခံ၍တော့ဖြင့် သူတစ်ပါးလင်ကို ကြောင်တောင် ခိုးမည်တော့ မဟုတ်၊ မသိ၍သာ လက်ခံနေခြင်း ဖြစ်ရမည်။ ကိုမြင့်မောင်က သားမယားမရှိဟု လိမ်ထား၍သာ ကြိုက်ရမည်။ ထိုသို့ဖြစ်ခဲ့လျှင် ကိုမြင့်မောင်တွင် သားမယားရှိကြောင်း ထိုဆရာမ သိအောင် ကြံရလျှင် ကောင်းလိမ့်မည် ထင်သည်။ သားမယားငုတ်တုတ်ရှိကြောင်း သိလျှင် နောက်ဆုတ်မည် ထင်သည်။ သိလျက်နှင့် ဇွတ်မှိုက်ခဲ့လျှင်တော့ တရားဥပဒေအတွင်းက စကားပြောကြရုံသာပဲ ရှိသည်။ တရားဥပဒေအတွင်းက ပြောဖို့ မထိုက်ခဲ့လျှင်လည်း သူသေသေ ကိုယ်သေသေ၊ စစ်ကြေညာရုံသာပဲရှိသည်။ မိမိလင်ကိုတော့ အဆုံးမခံနိုင်။ သို့ဖြစ်လျှင် အဘယ်နည်းဖြင့် ကိုမြင့်မောင်တွင် သားမယားရှိကြောင်း၊ ထိုမယားမှာ မိမိဖြစ်ကြောင်း ထိုဆရာမ သိအောင် လုပ်ရပါမည်နည်း။ အဘယ်သူ့အား အကြောင်းကြားခိုင်းရပါလေမည်နည်း။

အဘယ်သူ့အား အကြောင်းကြားခိုင်းရပါမည်နည်း။ ငါကိုယ်တိုင်ပဲ သွားတွေ့ပြီး အကျိုးအကြောင်း ရေလည်အောင် ပြောပြရမည်လား...။

မသန်းကြည်သည် ထိုအစီအစဉ်ကို လက်ခံလိုက်သည်။ ထိုအစီအစဉ်ထက် အဆင်ပြေချောမောသော အစီအစဉ်မရှိဟု သူ ယူဆလိုက်သည်။ သို့သော် ဘယ်နည်းဖြင့် အကောင်အထည်ဖော် ရမည်မသိသေး ဖြစ်နေလေသည်။ သူ ဆက်လက် စဉ်းစားပြန်သည်။

တစ်စုံတစ်ယောက်မှ တစ်ဆင့် အသိပေးသောနည်းက လူ သိပြီး ရှက်စရာကောင်းလိမ့်မည်။ ယခုအချိန်မှာ ကိုမြင့်မောင် မယား ငယ်ထားသော သတင်းကို လူသိမများသေးသောအချိန် ဖြစ်သည်။ တစ်စုံတစ်ယောက်မှ တစ်ဆင့် အသိပေးခိုင်းလျှင် ထိုမကောင်းသတင်းကို မိမိက လွှင့်ပေးရာ ရောက်လိမ့်မည်။ သည်တော့ ငါ သွားမည်။ အကျိုးအကြောင်းကို ရေရေလည်လည်ရှိအောင် ပြေပြေပြစ်ပြစ် ရှင်းပြ မည်။ ထိုဆရာမသည် လူစိတ်ရှိသော မိန်းမကောင်းဆိုလျှင် အရှက်ကြီး ရှက်ပြီး ကိုမြင့်မောင်ကို စိတ်နာမည်ပင် ဖြစ်သည်။ စိတ်မနာသည် ထားဦး၊ မိန်းမချင်း ကိုယ်ချင်းစာနာသောအားဖြင့် နောက်ဆုတ်ပေး မည်ပင် ဖြစ်သည်။ ရှေ့နောက် တိုင်းထွာတတ်သော ဆရာမ၊ အမြော် အမြင်ရှိသော ဆရာမဆိုခဲ့လျှင် မယားကြီးဖြစ်သူလာ၍ ရှင်းပြချက်ကို လက်ခံမည်ပင် မဟုတ်ပါလော...။

မသန်းကြည်သည် ရုတ်ခနဲ အိပ်ရာမှ လူးလဲထကာ ထဘီကို ပြင်ဝတ်ပြီး ဆရာဦးဘအုန်း ပြောသွားသော ကချင်စုအရပ်သို့ သွားရန် ထီးကို ယူ၍ အိမ်ပေါ်မှ ဆင်းလိုက်လေသည်။

သို့အဆင်းလိုက်တွင် လှေကားရင်းတွင် အသက် ၃၀ ခန့် လောက်ရှိသော အသားဖြူဖြူ မျက်နှာသွယ်သွယ် မျက်လုံးပြူးပြူး မိန်းမချော တစ်ယောက်နှင့် အသက် (၈) နှစ်ခန့်ရှိသော ကလေးငယ်

တစ်ယောက် ရပ်နေသည်ကို မြင်လိုက်ရသဖြင့်....

"ဘယ်သူ့ တွေ့ချင်လို့ပါလဲရှင်..." ဟု မေးလိုက်ရသည်။

"ဒါ... မန္တလေးက ရဲအုပ် ဦးမြင့်မောင်အိမ်ပါလားရှင်" ဟု ထိုမိန်းမက ပြန်မေးလိုက်သည်။

"ဟုတ်... ဟုတ်ကဲ့... ဘာကိစ္စရှိလို့ပါလဲရှင်" ဟု မသန်းကြည်သည် ထိုမိန်းမနားအထိ ရောက်အောင်ဆင်းသွားမိသည်။

"ဒီက ညီမလေးက ဦးမြင့်မောင်နဲ့ ဘယ်လိုတော်ပါသလဲ"

"ကျ... ကျမ ဦးမြင့်မောင်ရဲ့ ဇနီးပါ"

"ဩော်... ဝမ်းသာလိုက်တာရှင် အခန့်သင့်လိုက်တာ ညီမလေးကို အစ်မကြီး တွေ့ချင်လို့ပါ"

"ဩော်... ဟုတ်ကဲ့... ဒါဖြင့် အိမ်ပေါ်တက်ခဲ့ပါဦး..."

"အားတော့ အားပါတယ်နော်..."

"အား... အားပါတယ်" မသန်းကြည် မျက်လုံးကလေးများလည်း လည်သွားလေသည်။ ထိုမိန်းမကို သူမသိ၊ ထိုကလေးမလေးကိုလည်း သူ မမြင်ဖူးသဖြင့် ခပ်ကြောင်ကြောင် ဖြစ်နေမိသည်။ သို့သော် အိမ်ပေါ်ခေါ်ပြီးမှ လက်ခံစကားမပြောလျှင် မကောင်းတော့သဖြင့် အိမ်ပေါ်သို့ ခေါ်လာခဲ့ရလေသည်။

"ထိုင်ပါဦး... ဘာကိစ္စရှိလို့ပါလဲ" မသန်းကြည်က ထိုင်စရာနေရာပေးပြီး သူက မျက်နှာချင်းဆိုင် တစ်နေရာတွင် အသာဝင်ထိုင်လိုက်၏။ ထိုမိန်းမသည် ကလေးငယ်ကို ဘေးကုလားထိုင်တွင် ထိုင်စေပြီး သူက မသန်းကြည်ဘေးတွင် ဝင်ထိုင်ရင်း အိမ်အခြေအနေကို လှည့်ပတ်အကဲခတ်နေလေသည်။ တစ်အောင့်လောက်နေမှ...

"အစ်မကြီး နာမည်က မခင်သန်းတဲ့၊ မန္တလေးကပဲ... မြစ်ကြီးနားကို လာရင်း ကိစ္စကတော့ ညီမလေးကို အရေးတကြီး တွေ့ချင်လွန်း

လို့ပါပဲ"

အလွန်လျှင် သိမ်မွေ့နူးညံ့သောအသံဖြင့် ပြောလိုက်လေလျှင် မသန်းကြည်လည်း ပို၍ အစဉ်းစားရခက်သွားပြန်လေ၏။

"ဟုတ်ကဲ့ တွေ့ချင်တဲ့ ကိစ္စက..."

"အစ်မကြီး လိုက်လာရတဲ့ ကိစ္စကတော့ ဦးမြင့်မောင်အတွက် ပါပဲ၊ ညီမလေးအဖို့တော့ ဝမ်းနည်းစရာပဲ၊ ပြောရမှာတောင် အားနာနေမိတယ်။ ဒါပေမဲ့ မပြောလည်း မဖြစ်ဘူးကွယ့်၊ တိုတိုပဲ ပြောမယ်နော် အစ်မကြီးက ဦးမြင့်မောင်ရဲ့ မိန်းမပဲ၊ ဟောဒါလေးက သူ့သမီး နီနီတဲ့၊ တစ်ယောက်က ဝါဝါတဲ့၊ အစ်မကြီး မခေါ်ခဲ့ဘူး၊ ငယ်လို့ ထားခဲ့တယ်။ ညီမလေးကို တွေ့ရအောင် လာတာကတော့ ညီမလေးဟာ သူ့ကို သားမယားမရှိဘူး အထင်နဲ့ ယူခဲ့တယ်လို့ ထင်လို့ လာခဲ့တာပဲ။ ညီမလေးကို ရန်တွေ့ဖို့ အစ်မကြီးလာခဲ့တာ မဟုတ်ဘူး။ ညီမလေးရဲ့ အကြောင်းကို အစ်မကြီး မန္တလေးမှာ စုံစမ်းလာခဲ့ပြီ၊ ညီမလေးဟာ တကယ့် ဆွေကြီးမျိုးကြီးထဲကဆိုတာလည်း သိခဲ့ပြီ၊ ခေတ်ပညာတတ် မိန်းကလေး တစ်ယောက် ဆိုတာလည်း သိခဲ့ပြီ၊ ဒီတော့ ညီမလေးလို မိန်းကလေး တစ်ယောက်ဟာ သားကြီးမယားကြီးရှိတဲ့ လူတစ်ယောက်ကို ဘယ်နည်းနဲ့မှ ယူမှာ မဟုတ်ဘူး ဆိုတာ အတပ်သိတယ်၊ အစ်မကြီးဆိုလည်း မယူဘူး။ သူက သူ့မှာ သားမယား မရှိပါဘူး ဘာဘူးနဲ့ ညာဖြန်းပြီး ညီမလေးကို မလိမ့်တပတ် ပြောလို့ ညီမလေး လက်ခံတာ ဖြစ်မှာပဲ၊ အစ်မကြီးတို့ကို သူ မပြောင်းခင် ဘယ်လို ပြောထားခဲ့တယ် မှတ်သလဲ မြစ်ကြီးနားမှာ အိုးအိမ်အတည်တကျရမှ လာခေါ်မယ်တဲ့၊ ဘယ်လောက် ကလိမ်ကျတဲ့ လူလဲဆိုတာ ကြည့်တော့...၊ အစ်မကြီးက လည်း ယုံနေတာပေါ့၊ နောက်တစ်နေ့တော့ သူ့မိတ်ဆွေ တစ်ယောက်က ဒီလို ဒီလိုပဲ ညီမလေးကို ရုံးမှာ လက်ထပ်ပြီး ခေါ်သွားပြီဆိုတာ

ပြောမှ သူ့အကြောင်းတွေ သိရတာကလား၊ သူသွားတဲ့ နေ့က ဟောဒီသမီးက ဘူတာလိုက်ပို့မယ် ပြောတာတောင် မပို့နဲ့တဲ့၊ ငါ ကလေးတွေနဲ့ ခွဲဖူးတာ မဟုတ်ဘူးတဲ့၊ အလကား စိတ်မကောင်းနေရ မှာတဲ့ ဒါနဲ့ ဘယ်သူမှ မပို့ရဘူး၊ ဘယ်လောက်များ ရက်စက်တဲ့လူလဲ ဆိုတာ..."

မခင်သန်းက ရှေ့သို့ဆက်ရန် စကားစကုန်သွားသဖြင့် ရပ် လိုက်စဉ်၊ မသန်းကြည်မှာ မျက်နှာမထားတတ်သလိုဖြစ်လျက်၊ မျက်လုံး အိမ်များတွင်လည်း မျက်ရည်တွေ ဝေဆင်းဝင်းလွှဲလျက် နေတော့လေ၏။

"မြစ်ကြီးနားရောက်မှ ငွေလည်းမပို့ဘူး၊ ဘာတွေသုံးဖြုန်းလို့ ကုန်ပါလိမ့်မလဲနဲ့ပေါ့လေ၊ အစ်ကြီးက မသိဘူး၊ ဟိုလကတော့ အရေး ကြီးလို့ ငွေ ၅၀၀ အမြန်ပို့ပါဆိုတဲ့ ကြေးနန်းရတယ်၊ အစ်မကြီးလည်း လင်ဆိုတော့ စိုးရိမ်ပြီး၊ စုထားတဲ့အထဲက ဖဲ့ပို့လိုက်ရသေးတယ်... ပြီးတော့...."

မခင်သန်းက ရှေ့သို့မဆက်နိုင်မီ မသန်းကြည်က ခေါင်းမော်၍ မခင်သန်းအား ကြည့်လိုက်ကာ...

"ကျွန်မ ဘာမှမသိဘူး အစ်မကြီး၊ သူ့မှာ သားမယားရှိတာ လည်း မပြောဘူး၊ သူ ကျွန်မကို လက်ထပ်ဖို့ ပြောနေတာ ကြာပြီ၊ မြစ်ကြီးနားပြောင်းခါနီးတော့ သူလာပြီး သူတစ်ယောက်တည်း မြစ်ကြီး နားမှာ နေဖြစ်မှာ မဟုတ်လို့ လက်ထပ်ပါတော့လို့ မျက်ရည်နဲ့မျက်ခွက် လာပြောတာနဲ့ ကျွန်မလည်း သနားပြီး လက်ထပ်လိုက်မိတာပါ။ သိပ်ယုတ်မာတဲ့လူပါပဲ အစ်မကြီးရယ်၊ ဘယ်လောက်များ ဆိုးတဲ့လူလဲ ဆိုတာတော့ မပြောချင်တော့ပါဘူး။ အခုလည်း မြစ်ကြီးနားမှာ ကချင် ကျောင်းဆရာမ တစ်ယောက်နဲ့ တိတ်တိတ်ပုန်း ညားနေပြန်ပြီ၊ အဲဒါ ကျွန်မ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း အခု အစ်မကြီး ရောက်လာတာပဲ၊

ကျွန်မ ကျိန်ပြောဆို ပြောဝံ့ပါတယ်ရှင်၊ ကျွန်မ မသိတာ အမှန်ပါပဲ" ဟု မသန်းကြည်ကား ရှိုက်သံအက်သံများဖြင့် ပြောလိုက်လေ၏။

"အေး ဒါတော့ ညီမလေး ဘယ်သိမလဲ၊ သူက စားဖားကိုး...၊ အဲဒီ ကချင်ဆရာမလေးလည်း သူ ဒီလိုပဲ ညာဖြန်းပြီး ထားမှာပဲ"

"ဟုတ်တယ် သူ ဒီလိုညာဖြန်းထားမှာပဲ ထင်လို့ ကျွန်မ အခု အဲဒီလိုက်ပြီး အခု အစ်မကြီး ကျွန်မကို ရှင်းသလို ရှင်းပြမလို့ပဲ၊ ခုတော့ မလိုတော့ပါဘူးလေ၊ ကျွန်မ ဘာလုပ်ရမယ်ဆိုတာသာ ပြောပါတော့"

မခင်သန်းသည် နံရံတွင် မသန်းကြည်နှင့် ကိုမြင့်မောင်တို့ နှစ်ယောက်တွဲ ရိုက်ထားသော ဓာတ်ပုံကို လှမ်းကြည့်လိုက်ပြီး...

"ဒီကိစ္စမှာ အစ်မကြီးက အဆုံးအဖြတ်ပေးဖို့ မလွယ်ကူဘူး ထင်တယ်" ဟု ဖြေလိုက်ပြီး၊ အနီးမှ ချစ်သမီးလေး နီနီအား လှမ်း ကြည့်လိုက်လေ၏။

"ဒီလို ဘယ်ဟုတ်မလဲ အစ်မကြီးရဲ့၊ သူဟာ အစ်မကြီးရဲ့ ယောကျ်ား မဟုတ်လား၊ မူလ ပိုင်ဆိုင်သူက အစ်မကြီး မဟုတ်လား။ သည်တော့ အစ်မကြီး အစီအရင်အတိုင်း ကျွန်မ ခံရမှာပဲ၊ အစ်မကြီး ဖြစ်စေချင်သလိုသာ ပြောပါ၊ အခု ကျွန်မ သွားရှင်းမယ် ဆိုတဲ့ ကချင်ဆရာမလေးနေရာက ကျွန်မနေရမှာပဲ၊ အဲဒီကချင်မလေးဟာ ဘာပဲပြောပြော ကျွန်မ ဖြစ်စေချင်တာကို သူ လက်ခံရမှာပဲ၊ အဲတော့ အဲဒီကချင်မလေးအစား အခု ကျွန်မက အစ်မကြီး စီမံချင်တဲ့အတိုင်း လက်ခံဆောင်ရွက်ပါတော့မယ်"

မခင်သန်းမှာ အတော်ကလေး အကျပ်ရိုက်သွားလေ၏။ မိန်းမပင်ဖြစ်လင့်ကား ယောကျ်ားတို့ထက် မြင့်မြတ်နိုင်စားသော သဘော နှင့် ပြည့်ဝသူ တစ်ယောက် ဖြစ်သောကြောင့် မသန်းကြည်အား

ရက်ရက်စက်စက် မပြောရက်အောင် ဖြစ်သွားလေ၏။ အတန်ကြာမှ သားဆိုး မိခင်တစ်ယောက် မျက်နှာထားဖြင့်…

"ညီမလေးတို့ ချစ်ခြင်းလည်း အစ်မကြီး မခွဲချင်ဘူး"

"ဟာ… ကျွန်မ သူ့ကိုမချစ်တော့ဘူး။ သူကလည်း ကျွန်မကို မချစ်တော့ပါဘူး အစ်မကြီးရယ်၊ ကျွန်မ မေမေတို့ဆီပြန်ဖို့ ဆုံးဖြတ်ဖို့ပဲ ရှိပါတယ်။ မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်ပြီး အချစ်ကြီး ချစ်ခဲ့တာပဲ၊ ခု ကိုယ်မပိုင်တဲ့ ပစ္စည်းမှန်း သိရပြီ၊ ကျွန်မ အစ်မကြီးအတွက်ပဲ ဝမ်းနည်း ပါတယ်။ တစ်ပူပေါ်နှစ်ပူဆင့် ဆိုတာလို ကျွန်မကိစ္စ ပြီးပြန်တော့ ဟိုဆရာမလေးကိစ္စက ကျန်သေးတယ်။ အဲဒီအတွက် ကျွန်မ တာဝန်ယူ ရှင်းခဲ့ပါရစေ…"

"ဘယ်လိုရှင်းမှာလဲ…"

"အစ်မကြီး အခု ကျွန်မကို လာရှင်းသလိုပေါ့" ထိုအချိန်၌ မသန်းကြည် မျက်နှာသည် ဆုံးဖြတ်မှုကြီး တစ်ခုကို တိတိကျကျ ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးသည့် အသွင်မျိုးသို့ ပြောင်းနေပြီ ဖြစ်သည်။ မျက်ရည်လည်း မရှိတော့ချေ။ မခင်သန်းသည် မသန်းကြည် အား ကြင်နာသော မျက်လုံးများနှင့် ကြည့်နေရာမှ ပြုံးလိုက်လေသည်။

"ကျွန်မ ကနေ့သွားရှင်းမယ်၊ မနက်ဖြန် မန္တလေးပြန်မယ် အစ်မကြီး…၊ အစ်မကြီး ဒီမှာပဲနေရစ်… ဟုတ်လား"

"မနေရစ်ပါဘူး ညီမလေးနဲ့အတူ ပြန်လိုက်ခဲ့ဦးမယ်"

"ဟာ မဖြစ်ဘူး အစ်မကြီး မနေရစ်ရင် သူက ဆရာမလေးနဲ့ ယူလိုက်လိမ့်မယ်"

မခင်သန်းက ပါးခွက်လေးပေါ်အောင် ပြုံးလိုက်ပြန်ကာ…

"သူ မရနိုင်တော့ပါဘူး ညီမရယ်…၊ အစ်မကြီး အဲဒီဆရာမ လေးဆီ ခုပဲ ရောက်ခဲ့ပါပြီ၊ အစ်မကြီး မြစ်ကြီးနားရောက်နေတာ ၃

ရက်ရှိပြီ၊ မြို့သစ်ရပ်ကွက်မှာ အစ်မကြီး ကျောင်းနေဘက် သူငယ်ချင်း တစ်ယောက် ရှိတာယ်လေ အဲဒီကနေပြီး သူ့အကြောင်း စုံစမ်းလိုက်တော့ ပထမဆုံးရတဲ့ သတင်းပဲ၊ ဒါနဲ့ အစ်မကြီးလည်း ညီမလေးကို နောက်ထားပြီး ခက်မယ်ထင်တဲ့ စစ်မျက်နှာ အရင်ဝင်တိုက်လိုက်ရတာပေါ့၊ ဟဲ...ဟဲ..."

"ဩော်... ဒီလိုလား... ကျွန်မများ သွားမိရင် အတော်ရှုပ် သွားမှာနော်..."

"မျက်စိလည်သွားမှာပေါ့၊ ကိုင်း... ဒါဖြင့် အစ်မကြီး ပြန်ဦး မယ်၊ သူ့ကို ဘာမှမပြောနဲ့ဦး..."

"ဟုတ်ကဲ့၊ ဒါဖြင့် အစ်မကြီး ဘယ်တော့ ပြန်မလဲ"

**"အစ်မကြီး** ပြန်မယ့်နေ့ လာပြောမယ်လေ ဟုတ်လား၊ **ညီမလေးကသာ အခြေမပျက်စေနဲ့** ဟုတ်လား၊ ကိုင်း အစ်မကြီး **ပြန်မယ်..."**

ထဘီကိုစွန်တောင်ဆွဲလျက် အရှက်ကင်းမဲ့စွာ လမ်းလယ် ကောင်တွင် ရပ်၍ 'လင်ခိုးမ' ဟု ရပ်သိရွာကြား အော်ဟစ်ဆဲဆိုခြင်းဖြင့် ဖြေရှင်းသော်လည်း အောင်မြင်ရန် မလွယ်ကူသည့် လင်လုသော စစ်ပွဲကို မခင်သန်းက အေးချမ်းသာယာသော နည်းဖြင့် ဖြေရှင်းသွားခဲ့လေသည်။ ဆွေဂုဏ်မျိုးဂုဏ်ငွဲကွက်သော ခေတ်ပညာတတ် အမြော်အမြင် ရှိသော မသန်းကြည်ကလည်း မပိုင်သည့် ဝက်ကို မျက်နှာပြောင်တိုက် ၍ မမွေးသင့်ကြောင်း နားလည်သည့်အားလျော်စွာ အေးချမ်းစွာပင် ဆုတ်ခွာပေးလိုက်ပေသည်။

## (၃)

သုံးရက်မျှရသောနေ့၌ မသန်းကြည်နှင့် မခင်သန်းတို့လည်း

မြစ်ကြီးနားမြို့ပေါ်မှ ပျောက်ကွယ်သွားကြလေ၏။ သို့သော် မခင်သန်းနှင့် မသန်းကြည်တို့နောက်သို့ လိုက်ပါမသွားသူ တစ်ယောက်ကား ကျန်ရစ်ခဲ့၏။ ထိုသူကား ကိုမြင့်မောင်၏ ချစ်စဖွယ်ကောင်းလှသော သမီး နီနီပင် ဖြစ်၏။

မခင်သန်း ပျောက်ကွယ်သွားပြီး သုံးရက်မြောက်သောနေ့၌ ကိုမြင့်မောင်ထံသို့ ကချင်ဆရာမလေး မခင်မျိုးမြင့်နှင့် နီနီတို့ အိမ်သို့ ရောက်ရှိလာကြလေသည်။ ကိုမြင့်မောင်သည် မျက်လုံးကြီး ပြူး၍ ကြည့်လိုက်ရာက....

"ဟင်... နီနီ သမီး ဘယ်တုန်းက လာလဲ" ဟု မေးကာ ကောက်၍ ချီလိုက်မိလေ၏။

"ဒေါ်ခင်သန်း လာပို့သွားပြီး၊ ရှင့်မိန်းမ မသန်းကြည်နဲ့ နီနီကို လဲသွားတယ်၊ နီနီ့ကို ခေါ်မထားနိုင်ရင် မသန်းကြည်ကို ပြန်ပို့လိုက်မယ်လို့ ပြောလိုက်ဖို့လည်း မှာသွားတယ်။ အဲဒါ နီနီ့ကို ခေါ်ထားမှာလား၊ မခေါ်ထားနိုင်ရင် ကျွန်မပြန်သွားပြီး သူ့အမေဆီ ပြန်ပို့လိုက်မယ်..."

ကိုမြင့်မောင်သည် ဘာမျှပြန်မဖြေနိုင်တော့။ ၎င်းအားထက် ရယ်အားသန် ဆိုသကဲ့သို့ဖြစ်ကာ သူ့မျက်နှာတွင် အရှက်နှင့်အပြုံး ရောထွေးသွားလေ၏။

"ဖေဖေ သမီး ပြန်ရမှာလားဟင်..." ဟု နီနီက ဖက်ကာ မေးလိုက်သောအခါတွင်မှ "ဘာလို့ ပြန်ရမှာလဲ သမီးရယ်၊ ဒီမှာ နေရမှာပေါ့" ဟု ဖြေလိုက်ပြီး မခင်မျိုးမြင့်အား ကြည့်လိုက်ရာ မခင်မျိုးမြင့်က....

"လောကကြီးမှာ ကလေးနဲ့ လူပျိုတွေ အပေါ်သားနော်" ဟု ပြောကာ လှည့်ထွက်သွားလေသည်။

နောက်တစ်ပတ်မျှအကြာတွင် မခင်သန်းနှင့် သမီးငယ် ဝါဝါတို့လည်း မြစ်ကြီးနားသို့ ရောက်ရှိလာကြလေသတည်း။

ရှုမဝမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၅၅။

❐




## မနော်ယမ် လူသတ်မှု

### (အမှု၁)

ဤအဖြစ်အပျက်သည် စိတ်ကူးယဉ် စုံထောက်ဝတ္ထုသက်သက်မဟုတ်။ မြန်မာပြည်တွင် မြန်မာဆန်ဆန် ဖြစ်ပွားခဲ့သော တကယ့်စုံထောက်မှုတစ်ခုကို မြန်မာ့အတွေးအခေါ်အယူအဆတို့ဖြင့် မြန်မာစုံထောက် အရာရှိတစ်ယောက် စုံထောက်ခဲ့ပုံကို တင်ပြခြင်းပင် ဖြစ်သည်။

ဤအဖြစ်အပျက်သည် သာမန်စာဖတ်ပရိသတ်အတွက်သာမက ရဲအဖွဲ့ဝင်များအတွက်လည်း စိတ်ဝင်စားဖွယ်ရာ ရှိလိမ့်မည်ဟု မျှော်လင့်သည်။ ဤအဖြစ်အပျက်ကို ဖတ်သွားရာ၌ အမှုတစ်ခုအပေါ်

တွင် ပုလိပ်တို့ ဘယ်ကဲ့သို့ တွေးခေါ်ယူဆပုံ.... သဲလွန်စကလေးများ ရှာပုံကောက်ပုံ၊ ရာဇဝတ်မှု တရားခံတစ်ယောက်ကို လူကောင်းများထဲက ရွေးထုတ်ပုံ၊ အမှုသွားအမှုလာကို လေ့လာ၍ နီးစပ်ရာနီးစပ်ရာ ဆက်စပ်၍သွားပုံများကို စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရပေလိမ့်မည်။

ဤအဖြစ်အပျက်ကို ဖတ်သွားကြရာ မူလတရားခံအစစ်ကို ဖမ်းဆီးမိသည် မမိသည်ကို အဓိကမထားစေလိုပဲ၊ ရာဇဝတ်မှု၊ လူသတ်မှု စသည်များ ပေါ်လာလျှင် ပုလိပ်များ အဘယ်ကဲ့သို့ ဆက်စပ်ကြသည်၊ တွေးခေါ်ယူဆကြသည် စသည်များကိုသာ အဓိကထားကြစေလိုပါသည်။

ကျွန်ုပ်သည် ကိုယ့်အဖြစ်အပျက်ကို ပြန်လည်ရေးသားရာတွင် အမှုလိုက်စုံထောက်အရာရှိ ပြောပြသည့်အတိုင်း ပြန်လည်ရေးသားခြင်း မပြုဘဲ ဝတ္ထုသဖွယ် စိတ်ဝင်စားဖွယ်ဖြစ်လာရန် ကျွန်ုပ်၏ ဉာဏ်ဖြင့် အရောင်တင်ထားသည်မှအပ မူလအဖြစ်အပျက်ပါ အချက်အလက် အတွေးအခေါ် အယူအဆများနှင့် ရည်ရွယ်ချက်များကိုမူ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း၊ လျှော့ပေါ့ခြင်း လုံးဝမပြုခဲ့ပေ။

**စာရေးသူ**

## (၁)

လွန်ခဲ့သောလအတွင်းက ကျွန်ုပ်ဌာနအပိုင် ရန်မျိုးလုံရပ်နေ ပန်းထိမ်ဆရာ ကိုအေး၏ အိမ်ကို ဝင်တိုက်သွားသော ဓားပြမှုမှာလည်း ယခုတိုင် သဲလွန်စမပေါ်သေးသဖြင့် 'စုံထောက်မရမှု' (Undetected Case) အဖြစ်နှင့် အမှုပိတ်လိုက်ရတော့မည်ကဲ့သို့ဖြစ်နေ၍ လည်းကောင်း၊ ပုဏ္ဏားကုန်းရပ် ဗေဒင်ဆရာ ဦးဝေလု၏ အိမ်ကို မြေအောက်မှတူးဝင်ကာ အတွင်းရှိ ပစ္စည်းများကို အိမ်ရှင်တွေ တစက်မျှ

မနိုးစေဘဲ အပိုင်စီးသွားသော 'ဖောက်ထွင်းမှု' (Surveillance) များကို ဆူပူ၍မှ ပါးစပ်မပိတ်ရခင် ဂါတ်တဲဝင်းထဲသို့ စက်ဘီးနှင့် တောသား လိုလို လူနှစ်ယောက် ဝင်လာသည်ကို မြင်လိုက်ရသောကြောင့် ခေါင်း ကြီး၍သွားရပြန်လေသည်။

ရှေ့မှ ဝင်လာသူကား တံမြက်စည်းစုရွာသူကြီး ဖြစ်၏။ နောက်မှလူကိုကား မသိ။ သို့သော် အမှုတစ်ခုကို တိုင်ရန် လာသည်ကို ကား မှန်းဆနိုင်ပေသည်။ ထို့ကြောင့် ဂတ်တဲထဲသို့ ရောက်လျှင် ရောက်ခြင်းပင် သူက ဘာမျှမစနိုင်မီ ကျွန်ုပ်ကပင်စ၍...

"ကိုင်း... ဆိုစမ်း သူကြီး နွားပျောက်သလား၊ သူခိုးခိုး သလား၊ ကြက်ပွဲဖြစ်သလား၊ ရိုက်ပွဲဖြစ်သလား" ဟု အခါတိုင်း သူ ယူ၍ယူ၍ လာတတ်သော အမှုမျိုးများကို ရွတ်ပြလိုက်ရာ သူကြီး လည်း ခေါင်းပေါင်းထားသော မွေးပွတဘက်နှင့် မျက်နှာကို သုတ်လိုက် ပြီး ကျွန်ုပ်ရှေ့တွင် ဝင်ရပ်ကာ...

"မဟုတ်ဘူး ဗိုလ်ကြီး... မနော်ယမံမှာ လူသတ်မှုဖြစ်လို့" ဟု ခပ်အုပ်အုပ်ပြောလိုက်ရာ တစ်ဂတ်တဲလုံး သူ့အား ချာခနဲဝိုင်းကြည့် လိုက်ကြလေသည်။ လူသတ်မှုကား ဖြစ်ခဲသော အမှုမျိုး ဖြစ်သည်။ ကျွန်ုပ်ပင်လျှင် ထိုင်ရာမှ အထက်သို့ ကြွတက်သွားမတတ် အံ့အားသင့် သွားမိတော့လေသည်။

"ဘာဗျ... လူသတ်မှု ဟုတ်လား။ ဘယ်သူက ဘယ်သူ့ကို သတ်တာလဲ" ဟု မဆိုင်းမတွပင် မေးလိုက်မိ၏။

"ဘယ်သူသတ်သွားတယ်ဆိုတာ မသိဘူးဗိုလ်ကြီး... အသတ် ခံရတာတော့ မနော်ယမံတောင်ဘက်နားက ကိုကုလားတို့ တစ်အိမ်လုံးပဲ"

ကျွန်ုပ်မှာ ပို၍ အံ့အားသင့်သွားရတော့သည်။ တစ်အိမ်လုံး ... ဟူသော စကားကား တုန်လှုပ်စရာပင် ဖြစ်တော့သည်။

"ဘယ်နှယောက်တုံး"

"ကိုကုလားရယ်၊ သူ့မယား မိပွေးရယ်၊ ပြီးတော့ သူ့သမီး မစိန်ရယ် သုံးယောက် ခင်ဗျ"

"ဘယ်သူသတ်တယ်လို့ ထင်သလဲ"

"ဒါတော့ မထင်တတ်ဘူး ဗိုလ်ကြီး"

"ဘယ်တုန်းက သတ်တာလဲ"

"ဒါလည်း မပြောတတ်ဘူး အလောင်းတွေတော့ အတော် ပုပ်နေပြီ"

"ဟာ... ဒုက္ခပါပဲ"

ကျွန်ုပ်လည်း ဘာဆက်၍မေးရမည်ပင် မသိတော့၊ ပုပ်နေမှ တွေ့ရသော အလောင်းမှ သဲလွန်စရနိုင်ရန် ခဲယဉ်းလှပေသည်။ သတ် သွားခြင်းခြင်း ရှာရက အဆက်အသွယ်ကို ခြေရာကောက်၍ မသင်္ကာ သူဟူသမျှကို မေးမြန်းစစ်ဆေးလျှင်ဖြစ်စေ၊ တက်ရောက် ရှာဖွေရလျှင် ဖြစ်စေ၊ အမှုနှင့်ပတ်သက်သော အစအနများရကောင်း ရနိုင်ဖွယ်ရာ ရှိသေးပေသည်။ ယခုတော့မူ ဘယ်တုန်းက အသတ်ခံရသည်ကိုပင် မသိရဘဲ ဖြစ်နေပေတော့သည်။

ထိုအခိုက် လူဆိုးကြည့်ကိုပြား ပျာယီးပျာယာ ဝင်လာသည်။ သူ့နယ်အတွင်း ဖြစ်သော အမှုဟူသမျှ သူ့တာဝန်မကင်းသည့်အတွက် မျက်နှာမကောင်းလှချေ။

"ဘယ်လိုဒဏ်ရာနဲ့ သေနေသလဲ" ဟု ကျွန်တော်လည်း အတန်ကြာမှ မေးလိုက်မိပြန်သည်။

"ဓားဒဏ်ရာနဲ့ပဲ ဗိုလ်ကြီး... ဒဏ်ရာတွေတော့ အသေအချာ တွေ့နိုင်သေးတယ်"

"ဟော့... မောင်ပြား၊ မနေ့ဘ်ယမံက ကိုကုလား မင်းသိသလား"

"အရက်ချက်တဲ့ ကိုကုလားပြောတာလား သူကြီး"

ကိုပြားသည် ကျွန်ုပ်အမေးကို မဖြေဘဲ သူကြီးအား လှည့်မေးလိုက်၏။

"ဟုတ်တယ်... တောင်ဘက်ကုန်းက ကုလား"

"သိပါတယ် ဗိုလ်ကြီး" ဟု ကိုပြားက ကျွန်ုပ်ဘက် လှည့်ဖြေလိုက်ပါသည်။

"အေး... သိတာအရေးမကြီးဘူး၊ အခု သူတို့တစ်အိမ်သားလုံး အသတ်ခံရတယ်... မင်း ဘာသိသလဲ"

"ကိုကုလားကတော့ လူအေး **တစ်ယောက်ပဲ** ဗိုလ်ကြီး၊ သူ့ဟာသူ ရိုးရိုးနေရှာတာပဲ၊ ရန်ရှိပုံမပေါ်ဘူး"

"ရန်မရှိဘဲ အသတ်ခံရပါ့မလားကွ၊ မောင်ပြားရ"

"အခုတော့ ကျွန်တော်လည်း မစဉ်းစားတတ်အောင် ဖြစ်နေတာပဲ"

"အေး... မစဉ်းစားတတ်သေးလဲ နောက်တော့ စဉ်းစား၊ အချင်းဖြစ်ပွားရာ သွားလိုက်ကြဦးစို့" ဟု ကျွန်ုပ်လည်း စိတ်ပျက်ပျက်နှင့်ပင် နေရာမှထ၍ ဦးထုပ်ကောက်ဆောင်းလိုက်ရပါသည်။

မနော်ယမ်ကုန်းဆိုသည်မှာကား မနော်ယမ်ကုဋ္ဌနူနာကုဆေးရုံကို အမှီပြု၍ ပေးထားသော အမည်ဖြစ်၏။ ကုဋ္ဌနူနာဆေးရုံတောင်ဘက်ကပ်လျက် အိမ်ခြေ ၃၀–၄၀ ခန့်ရှိ ရွာတန်းရှည်ကလေးဖြစ်၍ ဂိတ်တဲမှ ၄ မိုင်မျှ သွားရ၏။ မန္တလေးမြို့ အရှေ့အစွန်အဖျား လူသွားလူလာနည်းသော အရပ်မျိုး ဖြစ်၏။ တရွာလုံးကား ကုဋ္ဌနူနာ ရောဂါသည်များချည်းဖြစ်၍ လူကောင်းသူကောင်းများဟူ၍ တစ်ယောက်မျှ မရှိပေ။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းကား ဝက်မွေးခြင်းနှင့် အရက်ချက်ခြင်းအလုပ်ပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့ ဝင်သွားလျှင်ဝင်သွားခြင်း ဆီးကြိုနှုတ်ဆက်လိုက်သော အနံ့ဆိုးကား ဝက်စော်နှင့် စိမ်ရည်နံ့များပင် ဖြစ်သည်။ ပေါင်းတင်ပြီးသား အိုးများထဲမှ ကျန်သည့် ထနောင်းဖတ်နှင့် နီကြန့်ကြန့် အရေများကို ခပ်လွယ်လွယ် ရွာတန်းရှေ့ရှိ ချောင်းထဲသို့ သွန်လေရာ တစ်ရွာလုံး သွန်ထားသော အရက်နံ့ စိမ်ရည်နံ့နှင့် ဝက်ချေးဝက်စော်သည် တထောင်းထောင်းထနေသည့်အပေါ်တွင် နှာခေါင်းပွပွ နားရွက်ထူထူ မျက်နှာထွတ်ထွတ် လက်ချောင်းတိုတို ခြေချောင်းပုပု လူများက ဝိုင်းအုံဆီးကြိုလျက် ရှိနေသေးပေသည်။

ကျွန်ုပ်တို့လည်း မနော်ယမ်ကို ဖြတ်၍ အချင်းဖြစ်ပွားရာ တောင်ဘက် ၂ ဖာလုံခန့်အထိ လျှောက်လာခဲ့သည်။ ရွာတန်းဘက်မှ နေကြည့်လျှင် အထင်အရှားမြင်ရသော်လည်း အော်၍ခေါ်၍ကား မကြားနိုင်ပေ။ ရွာနှင့် ထိုကုန်းအလယ်တွင် ကျယ်ပြန့်သော လယ်ကွက်များ ခြားထားလေသည်။

ကုန်းကလေးပေါ်တွင် ထန်းပင်လေးငါးပင်မျှ ရှိရာ ကိုကုလား၏ တဲမှာ ထန်းပင်နှစ်ပင်ကို ထုပ်တန်းရိုက်၍ တစ်ဖက်တစ်ချက်စီ အဆွယ်ချကာ သက်ငယ်ကျဲကျဲမိုးထား၍ ပြီးစလွယ် ဆောက်ထားသော တဲမျိုး ဖြစ်၏။ ရှေ့ဘက်တွင်ကား ရေခန်းနေသော ချောင်းကလေးနှင့် လူသွားလမ်းတစ်ခု ရှိလေသည်။

ကိုကုလားကား တစ်ကိုယ်လုံး ပြည့်နေသော ဓားဒဏ်ရာများနှင့် တဲရှေ့ (၁၅) လှမ်းအကွာနေရာတွင် မှောက်လျက်သား သေနေ၏။ အလွတ်ရုန်းပြေးရာတွင် နောက်မှ လိုက်ခုတ်ပုံရ၏။ ကိုကုလားဇနီးနှင့် သမီးကိုကား တဲအတွင်း ကွပ်ပျစ်ဘေးတွင် နှစ်ယောက်ထပ် ရက်သားသေနေကြလေ၏။ အလောင်းများကား အတော်ပင် ပွရောင်ပုပ်နံနေပြီ ဖြစ်၏။ နွေဦးပေါက် မန္တလေး နေဒဏ်ကြောင့် အနံ့တထောင်းထောင်း

ထွက်နေပေသည်။

အလောင်းများကို ကြည့်နေစဉ် ကျွန်ုပ်နှင့် ပါလာသော အမှုထမ်း တစ်ယောက်က "ကောင်မလေးသာ နမြောတာပါပဲကွာ..." ဟု ညည်းညူလိုက်ရာ တစ်ယောက်က "နမြောရင် မင်း ဝင်ပွေ့လိုက်ပါလား" ဟု ကြားဝင်ဖောက်လိုက်သဖြင့် အပုပ်နံ့ကြောင့် နှာခေါင်းနှင့် ပါးစပ်ပိတ်ထားရသည့်အထဲက မရယ်ချင်ပဲ ရယ်လိုက်ရပြန်လေ၏။

"ကောင်မလေးက ချစ်စရာလေး ဗိုလ်ကြီးရဲ့၊ ဒီအပိုင်းမှာဆို သူ့လောက်လှတာ တစ်ယောက်မှမရှိဘူး" ဟု ထပ်ဆင့် ပြောလိုက်ပြန်သဖြင့် ကျွန်ုပ်က "မသေခင်ကတော့ဖြင့် ငါ မမြင်ဖူးဘူးဟေ့၊ ခု မြင်ရတာတော့ အော့နလုံးနာစရာပဲ...၊ ကိုင်း... လာ တဲပြင်ထွက်ပြီး ခြေရာလက်ရာလေးများ ကျန်မကျန် ကောက်လိုက်ကြဦးစို့" ဟု ပြော ပြောဆိုဆို တဲပြင်သို့ ထွက်လာခဲ့ပါသည်။

လူသတ်သမားသည် ခြေရာလက်ရာ ဘာတစ်ခုမျှ မချန်ရစ်။ နီးနားတဝိုက် ချုံပုတ်များတွင် အနှံ့အပြား လိုက်၍ ရှာသော်လည်း ဘာပစ္စည်းမျှ မတွေ့ရ၊ ကိုကုလားအသတ်ခံရပုံမှာ ဆက်စပ်တွေးတော စရာ ဘာမျှမရှိ။ နေသည်မှာလည်း ရွာထဲတွင် မဟုတ်၊ ရွာတောင်ဘက် ခေါ်မကြား အော်မကြားနေရာတွင် ဖြစ်၏။ အပေါင်းအသင်း အဆက် အဆံလည်း မလုပ်ဟု ပြော၏။ ကိုကုလား၏ရန်သူကို ရှာဖွေရန်မှာ ကိုကုလားကို နှိုး၍ မေးမှပင် သိရတော့မလောက် ဦးနှောက်ခြောက် သွားစရာ ဖြစ်တော့လေသည်။

သို့သော် အသတ်ခံရခြင်း၌ကား အကြောင်းရှိရပေမည်။ အသတ်ခံရလောက်အောင်လည်း ကြီးကျယ်သော ရန်စွယ် ရန်ငြိုး ရှိရမည်။ လူကောင်းသက်သက်တစ်ယောက်အား မည်သူမျှ အကြောင်းမဲ့ ရန်ရှာလိမ့်မည်မဟုတ်ပေ။ လူမှား၍ သတ်ရန်မှာလည်း ကိုကုလား

တစ်ယောက်ထဲ အသတ်ခံရခြင်း မဟုတ်၊ တစ်ပြုံလုံးခံရခြင်း ဖြစ်၏။ ခေါးပြဝင်တိုက်သည်ဟု ယူဆရန်မှာလည်း ကိုကုလားမှာ ခေါးပြ အတိုက်ခံရလောက်အောင် ပစ္စည်းမနေကြွယ်ဝသူ တစ်ယောက် မဟုတ်ပေ။ ကိုကုလား အသတ်ခံရပုံမှာ ယခင်က အငြိုးနှင့် အသတ်ခံရခြင်း ဖြစ်သည်ကို ရှည်ရှည်ဝေးဝေး အတွေးခေါင်စရာ မလိုတော့ပေ။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ကိုကုလား၏ နောက်ကြောင်း ရာဇဝင်ကို လေ့လာရတော့မည် ဖြစ်သည်။ ကိုကုလား၏ ဘဝဖြစ်စဉ်သည်ပင်လျှင် ကိုကုလားကို အသက်ပြန်သွင်း၍ပေးခြင်းပင် ဖြစ်သည်။ ကိုကုလား ဘဝဖြစ်စဉ်တွင်ကား ကိုကုလား၏ အပေါင်းအသင်း၊ ကိုကုလား၏ စိတ်ရင်း၊ အကျင့်စာရိတ္တတို့ကို သိရှိရပေမည်။ ထိုအထဲကပင် ကိုကုလားကို သတ်သော တရားခံကို တွေ့ရမည် မဟုတ်ပါလော။

**ကိုကုလား၏** ပေါင်းသင်းဆက်ဆံရေး စည်းဝိုင်းကား မကျယ်**ဝန်းလှ။** ထိုတရားခံသည် ထိုစည်းဝိုင်းအတွင်းကပင် ဖြစ်ရပေမည်။

ပုလိပ်အလုပ်ကား အောင်ဘာလေ မဲနှိုက်ရသကဲ့သို့ပင် ဖြစ်သည်။ လက်ဦး၌ စိတ်ကူးယဉ်ရသည်။ အတွေးခေါင်ရသည်။

အလောင်းများကို ဆေးရုံပို့ရန်မှာကြားခဲ့ပြီး၊ ကျွန်ုပ်နှင့် သူကြီးလည်း မနော်ယမံကုန်းဘက်သို့ ထွက်လာခဲ့ကြသည်။

ကျွန်ုပ်တို့နောက်မှကား ကိုယ်မကောင်းသော လူအုပ်ကြီးသည် တရွေ့ရွေ့လိုက်ပါလာကြသည်။ မလိုက်ပါနှင့်ဟုလည်း ပြောမရပေ။ ထိုသူတို့ကား အသက်ရှင်၍နေသော်လည်း လူ့ဘဝရှုံးနေသူများ ဖြစ်သည်။ သူတို့သည် မည်သည့်လောကဓံအထုအနှက်ကိုဖြစ်ဖြစ် ခံငံ့သော သတ္တိရှိနေကြသည်။ ထောင်လည်းမကြောက်၊ စက်တိုင်လည်း မကြောက်ကြတော့။

ကျွန်ုပ်လည်း ရွာထိပ် ထနောင်းပင်တစ်ပင်အောက်၌ ခင်းထား

သော ကွပ်ပျစ်တစ်လုံးတွင် ဝင်ထိုင်ပြီး ဆယ်အိမ်ခေါင်း ကိုသာလှကို အခေါ်ခိုင်းလိုက်သည်။

ချက်ချင်းပင် ကိုသာလှ ရောက်လာသည်။ ဘေးမှ လူများကို နားထောင်ခွင့်မပေးချင်သဖြင့် အမှုထမ်းများကို ဖယ်ရှားခိုင်းရသည်။ ကိုသာလှမှာလည်း ရောဂါသည် ဖြစ်သည်။

"ကိုကုလားအကြောင်း ခင်ဗျား သိသလောက် ပြောစမ်းပါ၊ ဒီလူ ဒီကုန်းကို ဘယ်တုန်းက ရောက်သလဲ"

"မကြာသေးဘူး ဗိုလ်ကြီး ၆ လ လောက်ပဲ ရှိဦးမယ်"

"ဩော်... ဟုတ်လား... နို့ အရင်က ဘယ်နေလဲ"

"အရင်က ရွှေခဲဘွားရွာမှာ နေပါတယ်"

"ဘာလုပ်သလဲ"

"ဆန်စက်မှာ ဆန်အိတ်ထမ်းတယ်"

"ဩော်... ဒီလူက ထမ်းနိုင်သလား၊ ရောဂါသည် မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ လူကောင်း ခင်ဗျ"

"ဩော်... ဒါကြောင့် ခင်ဗျားတို့နဲ့ ရောမနေဘဲ၊ ဟိုကုန်းမှာ တခြားခွဲနေတာဆိုပါတော့ ဟုတ်သလား"

"ဒီသဘောနဲ့ တူပါတယ်"

"ဒီကုန်းကိုလာနေတာ အရက်ချက်ဖို့ သက်သက်ပဲလား"

"ဟုတ်ပါတယ်... ဒါပေမဲ့ ဒီအလုပ်က သူ့အပိုင် မဟုတ်ရှာပါဘူး"

"ဘယ်သူ့အလုပ်လဲ"

"ရွှေခဲဘွားက ကိုကံကြီးက ချက်ခိုင်းတာလို့ သိရပါတယ်"

"ဩော်.. ဒီလိုလား ကိုကံကြီးက အရင်းအနှီးထုတ်ပေးတယ်

ဆိုပါတော့"

"ဒီလိုလည်း မဟုတ်ပါဘူး၊ လခသဘောမျိုး ရတယ် ကြားတာပါပဲ"

"ကိုကံကြီးက အရက်သည်လား"

"ဟုတ်ကဲ့... ရွှေခဲဘွားမှာတော့ နာမည်ကြီးပေါ့၊ ဒီနယ်မှာတော့ အရောင်းရဆုံး ဆိုင်တစ်ဆိုင်ပဲ..."

"အရက်ရောင်းတာ ကြာပလား"

"အင်္ဂလိပ်ဝင်ကတည်းက ရောင်းနေတာပဲ ခင်ဗျ"

"ဩော်... အတော်ကြာပြီပဲ"

ကျွန်ုပ်လည်း ဆက်မမေးဘဲ ခေတ္တမျှ စဉ်းစားရပြန်ပါသည်။ ထိုအချိန်တွင် ဝက်နံ့နှင့် အရက်နံ့များသည် စူးရှစွာ လွင့်ပါး၍ နာခေါင်းထဲသို့ ဝင်လာပါသည်။ ကျွန်ုပ်တို့ရောက်နေသဖြင့် တစ်ရွာလုံး မီးခိုးတိတ်နေသည်။ မည်သူမျှ အရက်မချက်ဝံ့ပါ။

"ကိုကုလားကို မခိုင်းခင်က ဘယ်သူ့ကိုခိုင်းသလဲ"

"ချစ်တီးကို ခိုင်းပါတယ်"

"လခစားပဲလား..."

"မဟုတ်ဘူးခင်ဗျ... ချစ်တီးက ချက်ပြီး သွင်းတယ်"

"ချစ်တီးဆိုတာ ဘယ်သူလဲ"

"ဟို...နားက တဲပဲ ဗိုလ်ကြီး"

ကိုသာလှ လက်ညှိုးညွှန်ပြရာသို့ ကြည့်လိုက်ရာ မနော်ယမံကန်းအနောက်တောင်ခပ်ယွန်းယွန်း ကိုကုလားတဲနှင့် အနောက်တည့်တည့်တွင်ရှိသော တဲကလေးတစ်တဲကို မြင်ရပါသည်။

ဤကား ကျွန်ုပ်အဖို့ စဉ်းစားစရာဖြစ်သည်။ ကိုကုလားကား နောက်ရောက်သူဖြစ်၍ ကိုချစ်တီးကား မူလဖောက်သည်ဖြစ်ရာ နှစ်

ယောက်စလုံး၏ အကျင့်စာရိတ္တကို မူလအရက်ရှင်ဖြစ်သော ကိုကံကြီး အား မေးမြန်းက သိနိုင်မည်ဟု ယူဆကာ...

"ဒါပါပဲဗျာ... ဒါပေမဲ့ ကိုကုလားအကြောင်းတော့ စုံစုံလင်လင် စုံစမ်းထားစမ်းပါဦး၊ ဟုတ်လား။ ကျုပ်တို့ ကိုကံကြီးဆီ သွားလိုက်ဦး မယ်..." ဟု ပြောပြောဆိုဆိုပင် နှုတ်ဆက်၍ ရွေခဲဘွားဘက်သို့ ထွက်လာခဲ့ကြပါသည်။ ရွှေခဲဘွားရွာကား မနော်ယမ်ကုန်းမှ အရှေ့သို့ နှစ်ဖာလုံမျှသွားရ၍ မန္တလေးမော်တော်ကားလမ်းဘေးတွင် တည်ရှိလေ သည်။ ကိုကံကြီး၏ အရက်ဆိုင်ကား မုန့်တီခေါက်ဆွဲနှင့်တွဲ၍ ဖွင့် ထားသောဆိုင် ဖြစ်၏။ ကျောက်လမ်းဘေးတွင်ပင် ဖြစ်၏။ အရက်ကို ကား အထင်အရှား မရောင်းပေ။

ဆိုင်ထဲတွင် လူအတော်များများ တွေ့ရ၏။ ကိုကံကြီးဆိုင် ကား နေရာကောင်း ဖြစ်၏။ မန္တလေးနှင့်မေမြို့သွား ရှမ်းကုန်လှည်းများ၊ မီးသွေးလှည်းများ၊ အရှေ့မှုံတော ဆယ်တော တာတိုင်းရှည်မှလာသော ကုန်စိမ်းလှည်းများ ရပ်နားရာ လှည်းစခန်း ဖြစ်၏။

ကိုကံကြီးသည် ကျွန်တော်တို့အား မြင်လျှင်မြင်ချင်း ကပျာ ကယာ ပြေးထွက်လာပြီး....

"ကြွပါ... ကြွပါ... ဗိုလ်ကြီး၊ ဘာများ အလိုရှိပါသလဲ" ဟု ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်လိုက်၏။

"ခင်ဗျားကို စကားပြောချင်လို့၊ လူရှင်းတဲ့နေရာကို သွားကြရ အောင်"

"လူရှင်းအောင်ဆိုရင် ဆိုင်ထဲ မကောင်းပါဘူး ဗိုလ်ကြီး... လာ... ဒေါ်ထိုက် အကြော်ဆိုင်ထဲသွားရအောင်" ဟု ခေါ်သွားလေ၏။ အကြော်ဆိုင်ကား လှည်းစခန်းအကြော်ဆိုင်ဖြစ်၍ အတော်ကလေး ကြီး၍ အထဲတွင် စားပွဲကုလားထိုင်များ ချထားလေ၏။ ထိုင်မိကြ

သောအခါ ကိုကံကြီးက အကြော်တစ်ပွဲနှင့် လက်ဖက်ရည်ကြမ်း တစ်အိုး အချိုင်းလိုက်၏။

"ဘာကိစ္စလဲ ဗိုလ်ကြီး"

"ကိုကုလားအကြောင်း သိချင်လို့"

"ကိုကုလားဟာ ကျွန်တော်တို့ရွာသားပဲ၊ အလွန်အေး အလွန် ရိုးတဲ့လူတစ်ယောက်ပဲ ကျွန်တော်ဖြင့် ကြားရတာ စိတ်မကောင်းပါ ဘူး..."

"ခင်ဗျား တပည့်လို့ ကျုပ်ကြားတယ်... ဟုတ်သလား"

"တပည့်ရယ်လို့ မဟုတ်ပါဘူး ဗိုလ်ကြီးရယ်၊ သူငယ်ချင်းလို ဖြစ်နေလို့ ကြည့်ရှုထားတာပါပဲ"

"သူ့အရက်ကို ခင်ဗျားယူရတယ် မဟုတ်လား"

"ဟုတ်ကဲ့..."

"ခင်ဗျား ချက်ခိုင်းထားတာဆိုပါစို့"

"မ... မဟုတ်ပါဘူး..."

"ဟုတ် ဟုတ်တယ်ပေါ့ဗျာ၊ ညာမနေစမ်းပါနဲ့၊ ကျုပ် ခုလာတာ အရက်ဖမ်းလာတာမဟုတ်ပါဘူး၊ လူသတ်မှု စစ်ရအောင် လာတာပါ"

ဤတွင်မှ ကိုကံကြီးလည်း ခပ်ငိုင်ငိုင်တွေသွားပြီး "ဟုတ်... ဟုတ်ပါတယ်" ဟု ဝန်ခံလိုက်၏။

"ကိုကုလားကို မခိုင်းခင်က ဘယ်သူ့ အရက်ယူသလဲ"

"ချစ်တီးဆီက ယူပါတယ်..."

"တစ်နေ့ ဘယ်လောက်ယူသလဲ"

"တစ်နေ့... မမှန်ဘူး ဗိုလ်ကြီး (၈၀) ကုန်တဲ့အခါလည်း ရှိတယ်၊ (၁၀၀) ကုန်တဲ့အခါလည်း ရှိတယ်"

"ဘာလို့ ချစ်တီးအရက်ကို ဖြတ်ပစ်လိုက်ရတာလဲ"

"ဟာ ဒီကောင်က ညစ်တယ် ဗိုလ်ကြီး၊ အခေါက်လည်း မမှန်ဘူး။ ပြီးတော့ သိပ်နိုတယ် ရေလည်းရောတယ်၊ သူ့အရက်ကို ပေါ့တယ်ဆိုပြီး အသောက်နည်းကြတာနဲ့ ကျွန်တော်လည်း ကိုယ်တိုင် အချက်ခိုင်းရတာပဲ"

"နို့ ခင်ဗျားက ဖြတ်လိုက်တော့ ဒီကောင် ဘယ်လိုလုပ်သလဲ"

"တစ်နေ့ လေးပေါင်း ငါးပေါင်းလောက်ပဲ တင်ပြီး ကန်ထော်နဲ့ ရွာဟောင်းကို ပို့ရတယ် ကြားတာပဲ"

"တစ်နေ့ ဘယ်နှလုံးထွက်သလဲ"

"ဘာရမလဲ ဗိုလ်ကြီး အလွန်ရလှ အလုံး ၃၀ ပေါ့"

ဤအချက်ကား ကျွန်ုပ်အဖို့ မှတ်သားရန် အချက် ဖြစ်၏။ အလုံး ၁၀၀–၈၀ မှ အလုံး ၃၀ သို့ လျော့ကျသွားသော အရက် လုံးရေသည် ချစ်တီး၏စိတ်ကို ထိခိုက်စရာဖြစ်သည်။

"နို့ ခင်ဗျားကဖြတ်လိုက်တော့ ခင်ဗျားကို ချစ်တီးက ကျေနပ် ပုံရရဲ့လား"

"ဟာ ဘယ်ကျေနပ်မလဲဆရာ... ခဏခဏ မူးမူးပြီး ဆိုင် လာလာဆူတာပေါ့၊ ကျွန်တော်ကလည်း ဘာမှမပြောချင်ဘူး၊ ပြီးတော့ ဒီကောင်က တဆောက်ကန်း ဗိုလ်ကြီးရဲ့ မပြိုင်ဝံ့ဘူး"

ဤအချက်မှာလည်း စဉ်းစားစရာအချက်ပင် ဖြစ်သဖြင့် ရေး မှတ်ထားလိုက်ရ၏။ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မသက်ာ ဖွယ်ဆိုက ရေးရမှတ်ရသည်သာ ဖြစ်လေသည်။

"နေစမ်းပါဦး ကိုကံကြီးရဲ့... ခင်ဗျားတို့ အရက်တွေကို သောက်ကြတော့ စိတ်သတိကြရဲ့လား"

ဤစကားကား အမှုနှင့်မဆိုင်၊ ကျွန်တော်စိတ်က မသတိ သဖြင့် မေးမိခြင်းဖြစ်၏။

"ဗိုလ်ကြီးကလည်း... ဘာဖြစ်နိုင်လို့လဲ"

"ဘာမှမဖြစ်ပေမဲ့ဗျာ... စိတ်မသန့်ပါဘူး"

"အရက်ထဲမှာ ဘာပိုးမှမပါနိုင်ဘူး၊ ပေါင်းကနေပြီး တစ်စက်စက်ကျတဲ့ ချွေးကို စစ်ယူထားတာပဲဥစ္စာ... ဗိုလ်ကြီးကသာ မသတိတာ၊ မန္တလေးမြို့ထဲဝင်တဲ့အရက် အလုံးတစ်ရာမှာ ဒီနယ်က အရက် ၄၀ လောက်ပါတယ်" ဟု ဖြေလိုက်ရာ ကျွန်ုပ်မှာ ကြက်သီးမွေးညှင်း ထသွားပါတော့သည်။

ကြက်သီးမွေးညှင်းထရုံနှင့်မပြီးပေ၊ ကျွန်ုပ်အပိုင်ဖြစ်၍ အချိန်မီတားမြစ်ရမည် ဖြစ်သည်။ သို့သော် မည်သို့ စတင်နှိပ်ကွပ်ရမည်ကိုကား မပေါ်လာသေး။ လောလောဆယ် လူသတ်မှုသာလျှင် ခေါင်းထဲတွင် စွဲဝင်နေသေးသဖြင့် အသာဘေးချထားလိုက်ရပေသည်။

"ကိုကုလားအကြောင်း ဆက်စမ်းပါဦး...၊ ဒီလူက ဘယ်လို လူလဲ"

"လူရိုးပါပဲ၊ အရက်သာချက်တာ ဗိုလ်ကြီး အရက်သောက်တဲ့ လူမဟုတ်ဘူး။ ဘယ်သူနဲ့မှလည်း အပေါင်းအသင်းလုပ်တာ မဟုတ်။ ရွှေခဲဘွားနေတုန်းကလည်း သူ့ဟာသူ နေတာပဲ"

"သူ့ဆွေမျိုးသားချင်းများကော ဒီမှာမကျန်ရစ်ခဲ့ဘူးလား"

"မကျန်ရစ်ဘူး ဗိုလ်ကြီး၊ သူက ဒီရွာဇာတိ မဟုတ်ဘူး။ 'ရွှေစာရံ' ဘက်က၊ ဒါပေမဲ့ ဒီရွာရောက်နေတာတော့ ဂျပန်လက်ထက် ကတည်းကပါပဲ"

"ဒါဖြင့် ဒီရွာမှာလာပြီး မျိုးကုန်သွားတာပေါ့နော်"

"ဒါပေါ့ ဗိုလ်ကြီးရာ... သမီးကလေးဆို သိပ်ချစ်စရာကောင်းတာ... ဆရာ ဝါခင်းကုန်းပွဲတုန်းက မလာဘူး ထင်တယ်။ တစ်ပင်တိုင် တောင် ဝင်ကသေးတာကော"

ကျွန်ုပ်ကား စိတ်မဝင်စားသဖြင့် ဘာမျှပြန်မပြောဘဲ နှုတ်ဆက်၍ ပြန်လာခဲ့ပါသည်။

ထိုနေ့အဖို့ကား ထိုမျှနှင့်ပင် ကျေနပ်ခဲ့ရသည်။ အလောင်းများတွေ့ရစကထက်ကား ခေါင်းရှင်းခဲ့ပြီဖြစ်သည်။ မနော်ယမံကုန်း တစ်ကုန်းလုံး အရက်ချက်ကြလေရာ တစ်ဦးနှင့်တစ်ဦး ဖောက်သည် ကိုယ်စီရှိကြသော်လည်း အပြိုင်အဆိုင်ရှိကြသည်။ သူ့ဖောက်သည် ကိုယ့်ဖောက်သည် လုကြသော သဘောလည်း ရှိသည်။ ထိုအထဲက ကိုကုလားသည် ချစ်စရာကောင်းသော သမီးတစ်ယောက်ရှိ၍ လည်းကောင်း၊ ရောဂါကင်းစင်သော လူကောင်းများဖြစ်၍ လည်းကောင်း၊ ကိုယ်မကောင်းသူများနေသော နယ်ပယ်တွင် သူက တသီးတခြား တဲထိုး၍ ခပ်ကင်းကင်းနေသည်မှာ ထိုကိုယ်မကောင်းသူများကို စော်ကားရာ ရောက်နေသည်။ ကိုယ်မကောင်းသူများကား သူတို့ကို ရောဂါသည်များဟု အထင်အမြင်သေးလျှင် မခံရပ်နိုင်အောင် ရှိကြသည်ကိုလည်း သိရပေသည်။ ထို့ကြောင့် စိတ်ရင်းကောင်းသော လူရိုးကိုကုလားမှာ တရွာလုံး၏ ရန်သူလာ၍ မဖြစ်နိုင်ပါလား။

ထို့ကြောင့် ကျွန်ုပ်လည်း လူသတ်မှုတစ်ခု၊ လူတစ်စုကို ဓားဖြင့် ရက်ရက်စက်စက်ဝင်ခုတ်ပုံလောက်သော သတ္တိရှိသူ မနော်ယမံကုန်းတွင် ဘယ်နှယောက်ရှိနိုင်မည်နည်းဟု ရှာဖွေလိုက်သောအခါ လုံးဝမတွေ့ရသလောက်ရှိသည်။ လှသော် ဆိုသူကား စစ်ပြန်တစ်ယောက် ဖြစ်ခဲ့ဖူးသည်။ စကားပြော မာကျော၍ အနေအထိုင် တည်တံ့သည်။ မဟုတ်မခံစိတ် ရှိသည်။ အင်္ဂလိပ်စာနှင့် စကားလည်း အနည်းအပါး တတ်သည်။ သို့သော် သူကား ဓားကိုင်နိုင်သူ မဟုတ်ပေ။ လက်များမှာ ကုပ်နေရှာသည်။ တစ်ယောက်ကား ချစ်တီး ဖြစ်သည်။ ချစ်တီးမှာ ရောဂါသည် တစ်ယောက်ပင် ဖြစ်သော်လည်း သွားနိုင်လာနိုင် လုပ်နိုင်ကိုင်နိုင် ဖြစ်သည်။ သန်သန်မာမာရှိသည်။ စကားအပြောအဆို ကြမ်း

ကြုတ်ခက်ထန်၍ မူးလျှင် ရန်ရှာသူလည်း ဖြစ်သည်။ ဘယ်သူ့ကိုဖြစ်ဖြစ် ဆဲ၍ ခေါ်တတ်ပြောတတ်သည်။

အရက်မူးလာလျှင် ခွေးကအစ ခဲနှင့်ပေါက်၍ ရန်စတတ်၍ ခွေးရှင်ထွက်ပြောလျှင် ခွေးရှင်နှင့် ရန်ဖြစ်တတ်သူ ဖြစ်သည်။ ပြီးတော့ သူကား ဈေးက ပုလိပ် အမှုထမ်း တစ်ယောက်လည်း ဖြစ်ခဲ့ဖူးသေးသည်။

လှသော်နှင့်စာလျှင် ချစ်တီးကို ပို၍ မသင်္ကာဖွယ် ဖြစ်၏။ သူသည် ကိုကံကြီးထံ အရက်သွင်းနေရသည့်ဘဝမှ အဖြုတ်ခံရသည်။ သူ့စီးပွားရေးမှာ သိသိသာသာ ကျဆင်းသွားသည်။ ကိုကံကြီးကို မကျေနပ်သဖြင့် မူး၍ ဆိုင်ထဲဝင်ဆဲဖူးသည်။ ဤအချက်များကို ထောက်ခြင်းအားဖြင့် ကိုကံကြီးကို သူ မုန်းတီးစိတ်နာကြောင်း ထင်ရှားနေပေသည်။ သူသည် ကိုကံကြီး၏ အကျိုးစီးပွား ပျက်စီးရာပျက်စီး ကြောင်း ကြံချင်လည်း ကြံမည့် လူစားမျိုး ဖြစ်ပေသည်။

သို့သော် ကိုကုလားတို့ အိမ်သားတစ်စုလုံးကို ရက်စက်စွာ ဝင်သတ်သွားသည့် အမှုနှင့်ကား ဆက်စပ်ရန် ခဲယဉ်းသည်။ ကိုကုလား တစ်ယောက်ထဲကို သတ်လျှင်ကား ထင်စရာ ရှိသည်။ ယခုတော့ မယားရော သမီးရော..။

လူသတ်မှုကို နှစ်မျိုးနှစ်စား ခွဲခြားရပေမည်။ ဒေါသအလျောက် လက်လွန်၍ သတ်မိသော လူသတ်မှုနှင့် လူတစ်ယောက်ကို အသေ အချာ စောင့်၍ စီစဉ်ကာ သတ်သောအမှု ဟူ၍ ဖြစ်သည်။ ယခု ကိုကုလားတို့ အသတ်ခံရပုံမှာ ဒေါသအလျောက် အသတ်ခံရခြင်းမျိုး မဟုတ်ဘဲ အသေအချာ စီစဉ်၍ ဝင်ခုတ်သော အမှုမျိုး ဖြစ်သည်မှာ သံသယဖြစ်စရာ မရှိပေ။ ထို့ကြောင့် ထိုကဲ့သို့ သွေးအေးစိတ်အေးနှင့် ဝင်၍ ခုတ်ဝံ့သောသူမျိုးကို ထိုနယ်တစ်ဝိုက်တွင် ရှာဖွေရတော့မည် ဖြစ်ပေသည်။

## (၂)

သုံးရက်လုံးလုံး ထိုလူသတ်မှုကို ဘေးချ၍ အခြားအမှုအခင်းများကိုလည်း လုပ်ရသေး၏။ ဂါတ်တဲတွင်ကား အမှုလိုက် ရာဇဝတ်အုပ် သုံးယောက်သာရှိရာ တစ်ယောက်မှာ ကျောင်းဆင်းစဖြစ်သဖြင့် လက်မလွှတ်ရသေးဘဲ၊ သူ့ကို ကူညီနေရ၏။ ထိုကြားတွင် အရက်မှုများကလည်း ရှိသေး၏။ အရက်မှုကို အမြစ်မပြတ်နိုင်၊ တစ်လုံး ဖျက်ခါမှ နှစ်လုံးပေါ်လာသည် ဟူသော ဘိုးဘိုးအောင် သီချင်းကဲ့သို့ ဖမ်းလေပွားလေသာ ဖြစ်နေ၏။

လေးရက်မြောက်သောနေ့တွင်ကား **လူသတ်မှုအတွက် အရေး** ပါသော သက်သေ တစ်ယောက် ပေါ်လာပြန်သည်။ **ထိုသူကား** မနော်ယမံမှ အရက်သည် မဌေး ဖြစ်၏။ လူဆိုးကြည့် တစ်ယောက် အရက်ဖမ်းလာရာတွင် လိုက်ပါလာသော တရားခံကို အာမခံရန် ဂတ်တဲသို့ ရောက်လာခြင်း ဖြစ်၏။ အမှုအကြောင်း ပြောရာဆိုရာမှ စကားစပ်ကာ ကိုကုလားအကြောင်းသို့ ရောက်သွားရာ မဌေးလည်း မမေးဘဲနှင့်...

"ကျွန်မတော့ ချစ်တီးထင်တာပဲ ဗိုလ်ကြီးရဲ့၊ ဒီကောင်က ကိုကုလားကို အမြင်ကတ်နေတာ" ဟု ပြောလိုက်ပါသည်။ ကျွန်ုပ်လည်း ထိုစကားအသွားအလာကို ချက်ချင်းကောက်၍...

"ဆိုစမ်းပါဦး... ဘယ်လိုကြောင့်တုံး'

"ကိုကုလားကို ၁၅ ရက်လောက်က ချစ်တီးက သွားကြိမ်းတယ် ဆိုပါလား"

"ဘာကြိမ်းသလဲ"

"သူ့စိမ်ရည်အိုးတွေ ပျောက်တယ်ဆိုပြီး ကိုကုလားကို မသင်္ကာ

ဘူးဆိုပြီး ဆဲသွားသတဲ့"

"သူ့စိမ်ရည်အိုးက ဘယ်ထားလို့တုံး"

"ဒါတော့ လယ်ထဲ မြှုပ်ချင်တဲ့နေရာ မြှုပ်ထားမှာပေါ့... ဗိုလ်ကြီး... ကိုကုလားကတော့ ဒီလိုလုပ်မယ့်လူ မထင်ပါဘူး"

ကျွန်တော်လည်း ထိုအချက်များကို ရေးမှတ်ထားလိုက်ရပြန်ပါသည်။ အမှုသွားအမှုလာနှင့် ပတ်ဝန်းကျင် သက်သေထွက်ချက် **(Circumstantial Evidence)** အရကား ချစ်တီးတွင် ပတ်လျက်နေလေပြီ။ သို့သော် ထိုတွက်ချက်မှုမျှလောက်ဖြင့် ချစ်တီးကို ကျွန်ုပ် မဖမ်းချင်သေးပေ။ ကျွန်ုပ်တို့ကို သူ လိမ်နိုင်သေးသည်။ အလွတ်ရုန်းနိုင်သေးသည်။ ထို့ထက်ခိုင်လုံသော အချက်များကို ရှာဖွေချင်ပါသေးသည်။

ထိုသို့တင်ပြရုံဖြင့် အမှုပိုင်လိမ့်မည် မဟုတ်သေးပေ။ ချစ်တီးသည် စိမ်ရည်အိုးပျောက်မှုနှင့် ကိုကုလားကို အထင်မှားရုံဖြင့် တစ်အိမ်ထောင်လုံးကိုတော့ ဓားနှင့် ဝင်မခုတ်ပေ။

စိမ်ရည်အိုးဆိုသည်မှာကား အထက်အညာတွင် တောအရက်ကို ထနောင်းခေါက်နှင့် ထန်းဖိုဦးထန်းလျက်ကို အိုးများနှင့် စိမ်ရည်တယ်ကာ ပေါင်းတင်ချက်ကြခြင်းဖြစ်သဖြင့် မချက်မီ ထနောင်းနှင့် ထန်းလျက်ကို တစ်အိုးထဲထည့်၍ ဖောက်ထားရသေးသည်။ ထိုအိုးများမှာ များသောအားဖြင့် နှစ်လုံးဝင် စဥ့်အိုးများ၊ သောက်ရေအိုးများနှင့် တယ်တာတ်ကြသည်။ အရက်ချက်သူတို့သည် ထိုစိမ်ရည်အိုးများကို ချက်ပြီးအရက်ထက် တန်ဖိုးလည်းထား၊ နှမြောလည်း နှမြောကြသည်။ ထိုစိမ်ရည်အိုးများကား ၎င်းတို့၏ အသက်ပင်ဖြစ်၍ အရက်ဖိုနှင့် ဝေးရာနေရာများတွင် သိုဝှက်၍ ထားတတ်ကြသည်။

ထိုသို့ဝှက်ကြခြင်းမှာ ယဇ်မျိုးနှင့် ပုလိပ်အဖွဲ့က ဖမ်းဆီးသွား

လျှင် ပါသွားမည်ကို စိုးရိမ်၍သာမကသေး၊ အချင်းချင်း ခိုးမည်ကိုလည်း ကြောက်ကြ၍ဖြစ်သည်။ အဆီးအတားမရှိသော လယ်ကွက်များတွင် မြေကိုတူးကာ အရက်အိုးများကို မြှုပ်၍အပေါ်မှ သံပြား၊ သွတ်ပြားဖုံး လျက် အပေါ်က မြေကြီးပြန်ဖို့၍ထားရသည်။ ဒါကို အချင်းချင်းက သိလျှင် ခိုးတတ်သည်။ စိတ်ရင်းယုတ်သူများကလည်း အလစ်တွင် 'ဖိနိုင်ရေ' သို့မဟုတ် ကျင်ငယ်ရေများ လောင်းထည့်ထားတတ်သည်။ သူတို့ကား မညီညွတ်ကြ။ တစ်ခါတစ်ရံလည်း ဘဝတူချင်းဖြစ်သည့်တိုင် သစ္စာမရှိကြဘဲ ယမ်းမျိုးနှင့် ပုလိပ်တို့လာလျှင် မသိမသာ လက်ညှိုးထိုးပြ တတ်ကြသောကြောင့် စိမ်ရည်ကို လုံခြုံနိုင်သမျှ လုံခြုံအောင် ဝှက်ကြရ လေသည်။ ထိုသို့ဝှက်ကြရာ၌လည်း ၎င်းတို့သည် မိမိဝင်းထဲ၊ ခြံထဲတွင် နီးနီးနားနား မဝှက်ရဲကြ။ အနီးအနားတွင်မိက တရားခံအဖြစ်နှင့် လူပါအဖမ်းခံရ၍ အဝေးတွင်မိက တရားခံမပါဘဲ "ပိုင်ရှင်မရှိ ပစ္စည်း" **(Unclaim Property)** အဖြစ်နှင့် အသိမ်းခံကြရပေသည်။

ထိုစိမ်ရည်အိုး ပျောက်မှုကြောင့် ကိုကုလား အထင်မှားကာ ကိုချစ်တီးက တစ်အိမ်ထောင်လုံး ဓားနှင့် ဝင်ခုတ်ရမည်မှာ 'သတ္တဝါနှင့် လက်နက်နှင့်မမျှ' ဟုသော စကားကဲ့သို့ လှေနံဓားထစ် ချစ်တီးကို ရာခိုင်နှုန်းပြည့် မစွပ်စွဲဝံ့သေးပေ။

ကျွန်ုပ်တို့ တာဝန်မှာ ခေါင်းအေးအေးထား၍ စဉ်းစားတတ်လေ အကျိုးရှိလေ ဖြစ်သည်။ ချစ်တီးထက် မသင်္ကာဖွယ်လူ ရှိလိုရှိငြား စောင့်ကြည့်ရပေလိမ့်ဦးမည်။ ထိုအချိန်တွင် မနော်ယမ်၊ တံမြက်စည်းစု ကံကောက်၊ ရွှေခဲဘွား၊ ဝါခင်းကုန်း စသော ရွာများကို ကျွန်ုပ်တို့ လူဆိုးကြည့်များလည်း လူခွဲ၍ သတင်းနာနေကြပြီ ဖြစ်သည်။ နှစ်ရက်မျှ ကြာသောအခါ သတင်းပူပူနွေးနွေး တစ်ခု ပေါ်လာပြန်သည်။ ထိုသတင်း ကား လူဆိုးကြည့်စာသင် ပေတိုးလှမောင်ထံမှရသောသတင်း ဖြစ်သည်။

ကိုကုလားသည် လွန်ခဲ့သော ၁၀ ရက်ခန့်က အောင်ပင်လယ် ရွာမှ ထနောင်းခေါက်သည် ဖူးညိုနှင့် စကားအကြီးအကျယ်များကြရာ တစ်ယောက်ကိုတစ်ယောက် ထိုးမလို ကြိတ်မလိုဖြစ်သဖြင့် ဘေးမှ ဝါခင်းကုန်းနေ ကိုမာလီက ကိုကုလားအား ဆွဲထားရသည်ဟု ဆိုလေသည်။ အချင်းဖြစ်ပွားရခြင်း၏ အကြောင်းရင်းကား ထနောင်းခေါက် ကြွေးတောင်းရာမှ စကြသည်ဟု ပြောလေသည်။

ကျွန်ုပ် ခေါင်းမှာရှုပ်သွားရသည်။ သဲလွန်စကား ဟိုတစသည်တစ ပေါ်နေလေပြီ။ သို့သော်စိတ်ကား မပျက်၊ ပေါ်သရွေ့အစကို ဆွဲထားရမည်မှာ ပုလိပ်အလုပ်ပင်ဖြစ်သည်။ လူဆိုးလူကောင်းကို မရွေးရဘဲ မသင်္ကာဖွယ်ရှိလာသည်ဆိုလျှင် မှတ်သားရမည်မှာ အလုပ်ပင်ဖြစ်သည်။ တစ်ခါတစ်ရံ ဟုတ်ဟုတ် မဟုတ်ဟုတ် ဖမ်းချင်လည်း ဖမ်းပစ်ရမည်။ ကျွန်ုပ်တို့အလုပ်ကို ကျွန်ုပ်တို့သာ နားလည်ရာ ကျွန်ုပ်တို့ အလုပ်သဘောကို ဘေးလူက နားလည်ကြမည်မဟုတ်ပေ။ "မင်းတို့ ပုလိပ်တွေဟာ အဓိပ္ပာယ်မရှိ လျှောက်ပြီး အရမ်းဖမ်းနေတာပဲ" ဟု ခပ်ပေါ့ပေါ့ အပြစ်တင်သံများကို ကြားရတိုင်း ကျွန်ုပ်တို့ကား ပြုံး၍သာ နားထောင်နေကြတတ်သည်။

ကျွန်ုပ်တို့ အလုပ်သဘောကား အနုပညာစစ်သည်။ စိတ်ပညာလည်း ပါသည်။ အသေးအဖွဲ အတိုအစကလေးများက ပထမ အဓိပ္ပာယ်မရှိသလို စုဆောင်းစပ်ဟပ် ဆက်စပ်၍ အကောင်အထည် ဖော်ရသော အလုပ်၊ စိတ်ရှည်ရသော အလုပ်ဖြစ်သည်။ ရွှေပြားတပ်ထားသော ကြိုးစတစ်စကို ရှုပ်ထွေးနေသော ကြိုးပုံကြီးအထဲက ပါမည်ထင်သော ကြိုးစက ရှာဖွေဆွဲနုတ်ရသောအလုပ်ဖြစ်သည်။ သို့သော် ဘယ်ကြိုးကို ဆွဲက နီးစပ်ကောင်းရဲ့ဟူ၍ကား ခေါင်းအေးအေးနှင့် စဉ်းစားကြရသည်သာဖြစ်ပေသည်။

ထိုအချိန်တွင် ဆေးရုံမှ အလောင်းများနှင့် ပတ်သက်သော အစီရင်ခံစာ ရောက်နေလေပြီ။ အလောင်းများ ဆေးရုံရောက်သောအချိန်တွင် အလောင်းများမှာ လွန်ခဲ့သော သုံးရက်ခန့်က အသတ်ခံရပုံရသည်ဟုပါရှိသည်။ ဖူးညိုသည် လွန်ခဲ့သော ၁၀ ရက်ခန့်က ကိုကုလားနှင့် စကားများသည်ဟုဆိုရာ ကိုကုလားအသတ်မခံရမီ ၁ ရက် သို့မဟုတ် ၂ ရက်ခန့်က ဖြစ်ရမည်။ ကိုကုလားကို ချစ်တီးကသွား၍ စိမ်ရည်အိုးပျောက်မှုနှင့် ဆဲဆိုသည်ကား အသတ်မခံရမီ ၉ ရက်ခန့်က ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်လည်း ထိုရက်များအတွင်းနှင့် အသတ်ခံရသော ရက်များက ဖူးညိုနှင့် ချစ်တီးတို့၏ အသွားအလာများကို ခြေရာကောက်ခိုင်းရပြန်လေသည်။

ဖူးညို၏အသွားအလာတို့ကား အလွယ်တကူပင် ကောက်မိ၍ ရ၏။ ကိုကုလား အသတ်ခံရသော နေ့ရက်လောက် ဖူးညိုသည် အောင်ပင်လယ်နှင့် သဇင်ကုန်းရွာများတွင် ထနောင်းခေါက်စုနေသည်ကို သက်သေများနှင့်တကွ တွေ့ရသည်။ ကိုကုလား အသတ်ခံရမည် ထင်ရသော ရက်ကား လဆန်း ၁၂ ရက်နေ့ဖြစ်ရာ ထိုညက ကိုဖူးညိုသည် ဝါခင်းကုန်း ဦးစန္ဒိမာကျောင်းတွင် တစ်ညလုံးရှိကြောင်း အထင်အရှားသိရလေသည်။

ချစ်တီး၏ခြေရာကား ရုတ်တရက် ကောက်မရချေ။ သူ မှန်မှန်သွားတတ်သော နေရာကား ကန်ဒေါင့်၊ သရက်ကုန်း၊ ရွာဟောင်းနှင့် ရွှေခဲဘွားတို့ ဖြစ်သည်။ အရက်ပို့ ပိုက်ဆံသိမ်း ထန်းလျက်ယူဖြစ်သည်။ ချစ်တီး၏ ခြေလှမ်းများ ကောက်နေစဉ်ပင် အမှုတွင် အရေးပါအရာရောက်ဆုံးသော သက်သေတစ်ယောက်ကို လူဆိုးကြည့် ကိုစိုးသိမ်းက တွေ့ရှိလာပြန်သည်။ ထိုသူကား အချင်းဖြစ်ပွားရာ

နေရာတွင် ဖြစ်ပွားသောညကရှိ၍ မျက်စိနှင့်တပ်အပ်မြင်ရသူပင် ဖြစ်လေသည်။ သူကား ကံကောက်ရွာမှ 'ပေါက်စီ' ခေါ် အသက် ၁၄ နှစ် ၁၅ နှစ်မျှရှိသေးသော သူငယ်တစ်ယောက်ပင် ဖြစ်သည်။

"ကိုင်း... မင်း မြင်တာ ပြောစမ်း..."

"ဓားနဲ့ ခုတ်တာပဲ ဗိုလ်ကြီး"

"ဓားနဲ့ခုတ်တာ ငါသိပါပြီကွ၊ မင်းက ဘယ်လိုမြင်တာတုံး"

"ကျွန်တော်က ကိုကုလားတဲ အရှေ့ဘက်လမ်းပေါ်က ချုံထဲမှာ ချီးယိုနေတုန်း မြင်တာ"

"နေစမ်းပါဦး မင်းက ဘယ်လိုကြောင့် အဲဒီနားရောက်နေရတာတုန်း"

"ဇောမိကုန်းက ဘုန်းကြီးဆီ ငှက်ပျောသီး ပို့ပြီး ပြန်လာတာ"

"ဘယ်နေ့လောက်တုံး"

"ဒါတော့ ကျွန်တော် သိဘူးခင်ဗျာ..."

"အချိန်ကောကွာ..."

"အချိန်တော့ ၈ နာရီလောက်ခင်ဗျာ"

"ဘယ်လိုကြောင့် ၈ နာရီလို့ သိသလဲ"

"ရုံထဲက သံချောင်း ၈ ချက်ခေါက်သံ ကြားမိလို့၊ ပြီးတော့ ရုံနာရီလည်း ၈ နာရီထိုးနေပြီဗျ"

"အင်း... ဆိုစမ်းပါဦး ချီးယိုနေတော့"

"ချီးယိုနေတော့ ကိုကုလားတဲနောက်ဖေး ထန်းပင်တွေအောက်က လူနှစ်ယောက် ထလာတာ မြင်တယ်။ နှစ်ယောက်စလုံး ဓောင်ကြီးတွေ ခြုံလို့ဗျ... တစ်ယောက်က ဓားပါတယ်"

"မင်းနဲ့ သူတို့နဲ့ ဘယ်လောက်ဝေးသလဲ..."

"ဓာတ်တိုင်တစ်တိုင်စာလောက် ဝေးတယ်ဗျာ၊ လကလည်း

သာနေတော့ မြင်တာပေါ့"

"နောက်တော့..."

"နောက်တော့ နှစ်ယောက်စလုံး အိမ်ခေါင်းရင်းဘက်ကကပ်ပြီး အထဲဝင်သွားကြတာပဲ"

"ခုတ်တာတော့ မင်းမမြင်ဘူးလား..."

"ကိုကုလားကိုခုတ်တာတော့ မြင်တယ်။ အထဲက "အမယ်လေး... ကယ်ကြပါဦး..." ဆိုတဲ့ အသံကြားရပြီး ကိုကုလားလား ဘယ်သူလား မသိဘူး။ ပြေးထွက်လာတယ်။ နောက်က စောင်ခြုံနဲ့ လူတစ်ယောက်လည်း ပြေးထွက်လာတယ်။ နောက်... နောက်ကနေ လှဲခုတ်တာပဲဗျ..."

"မင်း ဘာလို့ ဒီအကြောင်းကို ဒီပြင်လူတွေ မပြောသလဲ"

"ကြောက်လို့..."

"ခုတ်တဲ့လူတွေ ဘယ်သူဆိုတာ မမှတ်မိဘူးလား"

"ဟင့်အင်း..."

"အရုပ်အမောင်းက ဘယ်လိုလဲ..."

"တစ်ယောက်က ပုပု၊ တစ်ယောက်က ရှည်ရှည်"

"မင်းကို မမြင်ကြဘူးလား"

"မမြင်ဘူးခင်ဗျာ..."

"နောက်တော့ ဘယ်ဘက်ထွက်သွားကြသလဲ"

"ကျွန်တော် ပုန်းနေတဲ့ဘက် ထွက်လာပြီး မနော်ယမံကုန်းဘက် ထွက်သွားကြတယ်..."

"ပြီးတော့ ဘယ်ဝင်သလဲ..."

"ဒါတော့ မသိဘူးခင်ဗျ။ ကျွန်တော်လည်း ကြောက်လို့ လိုက်မကြည့်မိဘူး..."

ကျွန်ုပ်သည် ဆက်မေးရန် မရှိတော့သဖြင့် ယခုထွက်ချက်များကို သက်သေပုံစံတွင် ရေးမှတ်ရန် ဂတ်စာရေးကြီးကိုကြည်အောင်အားမှာကြားခဲ့ပြီး လူဆိုးကြည့်ကိုပြားအား ကောင်ကလေးသွားသော ဘုန်းကြီးကျောင်းသို့သွား၍ ဘုန်းကြီးအား ငှက်ပျောသီးလာပို့ရသော ရက်စွဲကို စုံစမ်းခိုင်းလိုက်ရလေသည်။

ပေါက်စီ ငှက်ပျောသီးလာပို့သောနေ့ကား လဆန်း ၁၁ ရက် ဖြစ်သည်ဟု သိခဲ့ရသည်။ ၁၁ ရက်နေ့ ည ၈ နာရီအချိန် စောင်ခြုံနှင့် လူနှစ်ယောက် ဓားနှင့်ဝင်ခုတ်သည်။

ကျွန်ုပ်တို့အလုပ်ကား မသင်္ကာသော ချစ်တီးနှင့် ဖူးညိုတို့ (၁၁) ရက်နေ့ည အသွားအလာကို ခြေရာကောက်ရန်ပင်ဖြစ်သည်။

ဖူးညိုကား ထို ၁၁ ရက်နေ့ညက ရွှေဂဲဘွားသူကြီး ဦးဘဒင်အိမ်တွင် တစ်ညလုံး ဖဲကစားနေပါသည်ဟု အခိုင်အမာ ထွက်ဆိုပေသည်။ သူသည် ညနေ ၇ နာရီလောက်က ကိုကံကြီးဆိုင်တွင် အရက်တဝက် ဝယ်သောက်ပြီး ဘခင်နှင့်အတူ ဦးဘဒင်အိမ်သို့ ဖဲကစားရန်သွားရာ ငွေ ၅ ကျပ်ပင် ရှုံးသေးသည်ဟု ထွက်ဆိုရာ ဖူးညိုကို မထင်တတ်တော့ပေ။

ကျွန်ုပ်တို့ အလုပ်ကား ချစ်တီးကို ကြည့်ရန်ပင် ဖြစ်သည်။ ချစ်တီးကိုခေါ်၍ ထိုညက အသွားအလာကို မေးက အမှန်အကန်ပြောချင်မှ ပြောမည်ဖြစ်၍ ထိုညက အသွားအလာကို ဘေးမှ စုံစမ်းရတော့မည်။

လူဆိုးကြည့်များ အစီရင်ခံစာအရ ချစ်တီးသည် ၁၁ ရက်နေ့ည ၇ နာရီက 'ကန်ဒေါင့်' ကိုလှဖေအရက်ဆိုင်မှထွက်၍ ရွာဟောင်းသို့ အရက်ဖိုးတောင်းသည်။ ရွာဟောင်းမှ အပြန်တွင် 'ဒေါ်လှ' က ရွှေဂဲဘွားအကြော်ဆိုင်သို့ ၅၀ သား ဆီပုံးတစ်ပုံး လူကြုံပါးလိုက်

သဖြင့် စက်ဘီးနောက်မှ ချည်၍ယူလာခဲ့ပြီး ရွှေဂုံဘွားသို့ ၇ နာရီခွဲ သာသာလောက် ရောက်သည်။ နောက်အကြော်တစ်မတ်ဖိုးဝယ်၍ ပြန်သွားသည်။

ကိုကုလားကို သတ်သောအချိန်ကား ၈ နာရီ ဖြစ်သည်။ ချစ်တီးသည် အိမ်သို့အလာတွင် မသတ်နိုင်။ အိမ်သို့လာပြီး ထမင်းစားပြီးမှ ထွက်လာရမည်။ တစ်ဖန် ၉ နာရီလောက်တွင် 'မြင်းတန်း' မသာအိမ်တွင် ဖဲလာရိုက်ရာ မနက်မိုးလင်းမှ ပြန်သွားသည်ဟု မသာအိမ်က ထွက်ဆိုထားရာ အကြော်ဆိုင်မှထွက်သောအချိန်နှင့် ဖဲဝိုင်း မသာအိမ်သို့ရောက်သောအချိန်အကြားတွင် ချစ်တီးခြေရာပျောက်နေလေသည်။

ချစ်တီးကို ဖမ်းလိုက်ရန်ပင်ရှိတော့သည်။ သို့သော် သူ့အိမ်သို့ ဝင်ရှာရန်ကား စိတ်မကူးသေးပေ။ ဘယ်နည်းနှင့်မှ သက်သေခံ ပစ္စည်းများကို သူထားတော့မည်မဟုတ်ပေ။ ချစ်တီးကို ဖမ်းတော့မည်ဟု ဆုံးဖြတ်ဆဲမှာပင်... သက်သေကောင်း တစ်ယောက် ပေါ်လာပြန်သည်။ ထိုသူကား ယစ်မျိုးအရာရှိ ဦးထွန်းကျော်ပင် ဖြစ်သည်။ လွန်ခဲ့သော အရက် ၂၀ ခန့်က ချစ်တီး၏ အရက်ဖိုကို ဝင်ရောက် ဖမ်းဆီးရာတွင် စိမ်ရည်အိုး ၅ လုံး၊ အရက်အလုံး ၅၀ နှင့် အရက်ချက် ကိရိယာ အစုံအလင် ဖမ်းဆီးရမိရာ ချစ်တီးကို အာမခံနှင့် ပြန်လွှတ်ရသည်။ ချစ်တီးသည် ဂတ်တဲမှအပြန် ကိုကုလားတဲသို့ဝင်၍ ကိုကုလားအား "ဗျို့... ကိုကုလား၊ အရက်ချက်တဲ့လူချင်း ခင်ဗျား သစ္စာရှိရင် ကောင်းမယ်။ ယစ်မျိုးကပ်ပြီး သူများကို တွန်းတာ မကောင်းဘူး" ဟု ကြိမ်းရာ ကိုကုလားက သူ့ဘာမှမသိရကြောင်း ဖြေရှင်းရသည်ဟု ဦးထွန်းကျော် နောက်တစ်နေ့ ကိုကုလားတဲသို့အသွားတွင် ကိုကုလားက ပြန်၍တိုင်တန်းပါသည်ဟု ထွက်ဆိုလေသည်။

ချက်ချင်းပင် ကျွန်ုပ်လည်း ချစ်တီးအပေါ် စွဲချက်တင်ရန် အောက်ပါအချက်များကို ရေးဆွဲလိုက်ရပါတော့သည်။

(၁) ကိုကံကြီးက သူ့အရက်ကို မယူဘဲ ဖြတ်ပစ်လိုက်သဖြင့် ကိုကံကြီးအပေါ် မကျေနပ်... (ကိုကံကြီးထွက်ချက်)

(၂) ကိုကုလားအပေါ် သူ့စိမ်ရည်အိုးများ ပျောက်မှုနှင့် မသင်္ကာသဖြင့် ဝင်ဆဲ (အရက်သည် မဒွေးထွက်ဆိုချက်)

(၃) ယစ်မျိုး ဦးထွန်းကျော်က အရက်ဖိုကို ဖမ်းသည့်ကိစ္စ၌ ကိုကုလား၏ပယောဂမကင်းဟု အထင်မှားကာ ဂတ်မှအပြန် ကိုကုလားကို ဝင်ကြိမ်းသည်။ (ယစ်မျိုး ဦးထွန်းကျော် ထွက်ချက်)

(၄) ၁၁ ရက်နေ့ညက ရွှေဂံဘွားအကြော်ဆိုင်သို့ ၇ နာရီခွဲ ရောက်ပြီး။ ၉ နာရီလောက် ဖဲဝိုင်းလာသည်ဟုဆိုရာ ၇ နာရီခွဲနှင့် ၉ နာရီအကြား ခြေရာပျောက်နေသည်။

(၅) အောင်ပင်လယ် ဖူးညိုနှင့် ကိုကုလားတို့ အသတ်မခံရမီ တစ်ရက်က အချင်းများသည့်ကိစ္စကို သူသိသဖြင့် ထိုအချက်ကို အခွင့်ကောင်းယူကာ သတ်ချင်သတ်ရမည်။ (သူကား ပုလိပ် ထွက် တစ်ယောက် ဖြစ်သည်)

(လူဆိုးကြည့်များ အစီရင်ခံစာ)

ထိုအချက်များကို အကြမ်းအားဖြင့် ရေးဆွဲပြီး လူဆိုးကြည့် ကိုပြားနှင့် ရာဇဝတ်အုပ် 'ကိုတိုးမောင်' တို့ကို ခေါ်၍ ချစ်တီးအိမ်ကို အသေအချာရှာပြီး ချစ်တီးကို ဖမ်းခဲ့ရမည်ဟု ခိုင်းလိုက်ရပါသည်။

## (၃)

၁ နာရီ သို့မဟုတ်၊ ၂ နာရီမျှ အကြာလောက်တွင် ချစ်တီး

လည်း လက်ထိပ်နှင့် ရောက်လာပါသည်။ ကိုပြား၏လက်ထဲတွင်ကား ဓားရှည်တလက်နှင့် စောင်တထည်ပါလာသည်။

"ဒါတွေ သူ့အိမ်ကလား" ဟု ကျွန်ုပ်က မေးလိုက်သည်။

"ဟုတ်ကဲ့ ဗိုလ်ကြီး... ဟောဒီဓားက ပြန်သွေးထားတာဗျ၊ ကြည့်စမ်းပါ သိပ်ထက်တာပဲ" ဟု ပြော၍ ကျွန်ုပ်အား လှမ်းပေးလိုက်သည်။ ဟုတ်ပါသည်၊ ဓားမှာ မကြာမီကမှ သွေးထားပုံရသည်။

"ဒါက စောင်၊ လျှော်ထားတာ ကြာသေးပုံမပေါ်ဘူး"

မှန်သည်၊ စောင်မှာ ဘာဘူစောင် (ဂွမ်းစောင်) ဖြစ်၍ မကြာသေးမီက လျှော်ထားပုံရသည်။

"ကိုင်း... ကိုချစ်တီး ဘယ်လိုသဘောရသလဲ"

"ကျွန်... တော်... ဘာမှမသိရပါဘူး ဗိုလ်ကြီးရယ်" ချစ်တီး အသံသည် တုန်နေသည်။ အုံနေသော ခြင်များကို လက်နှင့် ယပ်ရင်း မျက်နှာပျက်နေသည်။

"ကျုပ်ကို ဒေါသဖြစ်အောင်တော့ မလုပ်နဲ့နော်၊ ခင်ဗျား ကျုပ်အကြောင်း သိတယ်မဟုတ်လား"

"ဘုရားကိုစူးရပါစေရဲ့ ဗိုလ်ကြီးရယ်"

"ဟေ့ မကျိန်နဲ့ မေးတာပြော" ဟု ကိုကိုမောင်က ဝင်ငေါက်လိုက်ပါသည်။ ချစ်တီးသည် ဆောင့်ကြောင့်တရားခံထိုင် ထိုင်ရာမှ ငိုမဲ့မဲ့မျက်နှာနှင့်...

"ကျွန်တော်တော့ ဘာမှမသိတာအမှန်ပါ ဗိုလ်ကြီးရယ်..." ဟု ပြောလိုက်၏။

"ကိုင်း... ကောင်းပြီ... ၁၁ ရက်နေ့ညက ခင်ဗျား ဘယ်သွားသလဲ"

"ကျွန်တော် မမှတ်မိဘူး ဗိုလ်ကြီးရဲ့"

"ဒေါ်လှဆီက ဆီပုံးတင်လာရတဲ့ညကလေ"

"ဩော်... မြင်းတန်းကိုသွားပြီး မသာအိမ်မှာ ဖဲရိုက်ပါတယ်"

"ဘယ်အချိန် ဖဲဝိုင်းရောက်သလဲ"

"မမှန်းတတ်ဘူး ခင်ဗျ၊ ၈ နာရီ ခွဲလောက်ထင်တာပဲ"

"ဟုတ်ကဲ့လား..."

"ဒါလောက်ပါပဲ"

"နို့ မသာအိမ်မရောက်ခင်က ဘယ်မှာလဲ"

"အိမ်မှာ ထမင်းစားနေပါတယ်... ထမင်းစားပြီးထွက်လာခဲ့တာပါပဲ"

"တစ်ယောက်ထဲလား ဘယ်သူပါသေးသလဲ"

"တစ်ယောက်ထဲပါပဲ"

"ဘယ်လမ်းကလာသလဲ"

"မနော်ယမ်ကုန်းဘေးက လာပါတယ်"

"ဘယ်သူမြင်သလဲ"

"ဒါတော့ မပြောတတ်ဘူးခင်ဗျ"

ထိုအခိုက် ကိုတိုးမောင်သည် "ဗိုလ်ကြီး..." ဟု နောက်မှ ခေါ်လိုက်သဖြင့် လှည့်ကြည့်လိုက်ရာ ကိုတိုးမောင်သည် ဓားကို ထောင်ပြ၍ "ဒီမှာ လာကြည့်စမ်းပါ" ဟု ပြောလိုက်သဖြင့် လှမ်းယူကြည့်လိုက်ပါသည်။ ကိုတိုးမောင်သည် ဓားရိုးကို ချွတ်၍ "ဒီမှာ သွေးတွေ ခြောက်နေတာ မြင်သလား" ဟု ပြော၍ ဓားနှောင့်ပိုင်း တစ်နေရာကို ပြလိုက်ပါသည်။ မှန်သည်၊ ဓားကို သွေးထားသော်လည်း ဓားရိုးထဲသို့ စီးဝင်နေသော သွေးကို ဆေးရမှန်းမသိပေ။ ကိုတိုးမောင်သည် ဓားလွတ်ကိုကိုင်၍ ချစ်တီးနားသို့ ကပ်သွားပြီးလျှင်...

"ကိုင်း... ဘာပြောမတုံး" ဟု ခပ်တည်တည် ခပ်မာမာ

အသံနှင့်မေးလိုက်ရာ ချစ်တီးလည်း သူ၏ကုပ်နေသော လက်နှင့် လက်အုပ်ချီကာ... "ချမ်းသာပေးပါ ဗိုလ်ကြီးရယ်... ကျွန်တော် မသတ်ပါဘူး" ဟု ကြောက်ကြောက်ရွံ့ရွံ့ ပြောလိုက်ပါသည်။

* * *

ချစ်တီးကား လုံးဝဖြောင့်ချက်မပေး။ သူ ဘာမျှမသိရကြောင်း မဟုတ်ရကြောင်းသာလျှင် တွင်တွင်ငြင်းဆိုနေပေသည်။ သို့သော် ကျွန်ုပ်အဖို့ကား မပူပင်မိပေ။ ကျွန်ုပ်ရရှိထားသော ပတ်ဝန်းကျင် ထွက်ချက်များနှင့် သက်သေခံပစ္စည်းဖြစ်သော သွေးစွန်းဓားကား ချစ်တီးကို ကွင်းစွပ်ပြီး ဖြစ်နေလေပြီ...။ ကျွန်ုပ်၏ **(Case Diary)** ၌ တင်ပြထားသော အမှုသွားအမှုလာ ဆက်စပ်ပုံ၊ ခိုင်လုံသော သက်သေများသွင်းထားပုံ၊ လူကို လေ့လာပြထားပုံမှာ ခိုင်မြဲသော နှောင်ကြိုးများဖြစ်သဖြင့် ချစ်တီးအဖို့ လွတ်လမ်း မရှိတော့ပေ။

သို့သော်...

ချစ်တီးကား ကွင်းလုံးကျွတ် လွတ်မြောက်သွားပါသည်။ တရားခံအစစ်ကား ချစ်တီးမဟုတ်ချေ။ ရုံးမတင်မီ ၄ ရက်လောက်တွင် မမျှော်လင့်သော တရားခံတစ်ယောက် ဂုတ်တဲသို့ ဘွားခနဲ ပေါ်လာပါသည်။ ထိုသူကား... ရောဂါသည် တစ်ယောက် ဖြစ်သည်။ သို့သော် ရုပ်ပျက်ဆင်းပျက်ကား မဟုတ်။ ထိုသူကား ချစ်တီး၏သား ငပါခေါ် မာတင် ဖြစ်ပေသည်။

မာတင်ကား မနော်ယမံကုန်းတွင်မနေ၊ ဆေးရုံထဲတွင်နေသည့်အခါနေ၍ တံမြက်စည်းစုတွင် နေသည့်အခါနေသည်။ အသက်ကား ၂၀ သာသာမျှရှိပေပြီ။ သူသည် ကျွန်ုပ်၏ စားပွဲရှေ့တွင် လာရပ်လိုက်ပြီး...

"ဗိုလ်ကြီးကို ကျွန်တော် ဖြောင့်ချက်ပေးချင်လို့" ဟု ပြော လိုက်ပါသည်။

"ဘာလဲ... ဘာဖြောင့်ချက်လဲ၊ ဘာမှုကိုပေးမှာလဲ"

"ကိုကုလားကို သတ်မှု"

"ဘာ..."

ကျွန်ုပ်အသံမှာ ကျယ်လောင်စွာ ထွက်သွားပါသည်။

"ဟုတ်ကဲ့... ကျွန်တော် ကိုကုလားကို သတ်တဲ့ တရားခံပဲ... ကျွန်တော့်အဖေ မဟုတ်ပါဘူး"

"မင်းသတ်တယ် ဟုတ်လား... မင်း မဟုတ်နိုင်ဘူး"

"ဟုတ်ပါတယ်... ကျွန်တော်ပါ"

"ဘယ်တုန်းက သတ်သလဲ"

"လဆန်း ၁၁ ရက်နေ့က သတ်ပါတယ်"

ကျွန်ုပ်မှာ အံ့အားကြီးသင့်သွားကာ စကားမပြောနိုင်ဘဲ ငိုင် သွားပါတော့၏။ ချစ်တီးတွင် ဤ သားတစ်ယောက် ရှိသည်ကို ကျွန်ုပ် လုံးဝမသိခဲ့ပေ။

"မင်း တကယ်ပဲ သတ်သလား"

"ဟုတ်ကဲ့..."

"ဒါပေမဲ့ ဓားနဲ့ ဓောင်က ကိုချစ်တီးအိမ်က တွေ့ပါလား"

"အဖေ့အိမ်က ကျွန်တော် ဝင်ယူပြီး၊ သတ်ပြီး ပြန်ထားခဲ့တာပါ"

"ဘာကြောင့် သတ်ရသလဲ"

"ကျွန်တော် မခံချင်လွန်းလို့"

"ဘာမခံချင်တာလဲ"

"သူ့သမီး မိစိန်ကို ကျွန်တော် ပိုးနေတာကြာပြီ၊ တစ်နေ့တော့ သူ့အဖေသိသွားတယ် လဆန်း ၁၀ ရက်နေ့ ညနေက တံမြက်စည်းစု

ရွာအထွက်မှာ တွေ့တော့ သူက 'မင်း ငါ့သမီးကို မနှောင့်ယှက်ရင် ကောင်းမယ်' လို့ သူက စပြောပါတယ်။ ကျွန်တော်ကလည်း မူးနေလို့ 'ကြိုက်ပိုးမှာပေါ့' လို့ ပြန်ပြောတော့... 'မင်းလို အနူအဝဲနဲ့ ငါ့သမီး တန်သလား' လို့ သူက ပြန်ပြောပါတယ်။ ကျွန်တော် အဲဒီစကားကို အနာဆုံးပဲ၊ မပေးစားနိုင်တာကို စိတ်မဆိုးဘူး။ နူပေမဲ့ ဒီလိုတော့ အပြောမခံနိုင်ဘူး။ ဒါနဲ့ နောက်တစ်နေ့ညကျတော့ အဖေ့ဆီက ဓားဝင် ယူပြီး တစ်အိမ်လုံး ခုတ်သတ်ပစ်တာပဲ။ ကျွန်တော်လည်း မနေချင်ဘူး။ ကျွန်တော့်အတွက်နဲ့ အဖေလည်း မခံစေချင်ဘူး။ ဒါကြောင့် လာပြီး ဖြောင့်ချက်ပေးတာပဲ"

ကျွန်ုပ်မှာ တော်တော်နှင့် စကားမဆက်နိုင်ဘဲ မယုံရအခက် ယုံရအခက် ဖြစ်နေ၏။ နောက် ပေါက်စီ၏ ထွက်ချက်ကို သတိရ လာသဖြင့်....

"ဒါဖြင့် မင်းနဲ့အတူ ပါတာက ဘယ်သူတုံး"

"ကျွန်တော် တစ်ယောက်ထဲပါ ဗိုလ်ကြီး၊ ဘယ်သူမှ မပါပါ ဘူး"

"မင်းမညာနဲ့၊ နှစ်ယောက် ဝင်ခုတ်တယ်ဆိုတာ ငါ့ဆီမှာ သက်သေရှိတယ်"

"မညာပါဘူး၊ ကျွန်တော် တစ်ယောက်တည်းပါ"

မာတင်ကား ကျွန်တစ်ယောက်ကို မဖော်ဘဲ သူတစ်ယောက် တည်း ခံသွားတော့မည်ဟု ဆုံးဖြတ်ထားဟန် တူ၏။ ကျွန်ုပ်တို့လည်း ပေါက်စီထွက်ချက်ကို အလကား အဖြစ်မခံနိုင်။

"မင့်အဖေ မဟုတ်လား"

"အို... အဖေ ဘာမှမသိပါဘူး"

"ဒါဖြင့် တစ်ယောက်က ဘယ်သူလဲ ပြောလကွာ"

"ကျွန်တော် တစ်ယောက်ထဲပါ"

"တို့မှာ မျက်မြင်သက်သေရှိတယ် (၁၁) ရက်နေ့ ည ၈ နာရီ၊ ကိုကုလားကို လူနှစ်ယောက် ဘေးနဲ့ဝင်ခုတ်တယ်ဆိုတာ သက်သေ အထင်အရှားရှိတယ်... မင်းညာနေလို့ အပိုပဲ။ အေးလေ မင်း မပြော ချင်လည်းနေပေါ့၊ မင့်အဖေကို ဆွဲထည့်လိုက်ရမှာပဲ"

မာတင်လည်း မျက်နှာပျက်ကာ တံတွေးတွေ မျိုချလိုက်ပြီး ခေတ္တမျှ စဉ်းစားကာ...

"ကျွန်တော့်အဖေတော့ မထိပါနဲ့ဗျာ၊ ကျွန်တော် ပြောပါ တော့မယ်"

"ဒါဖြင့် ပြော... ဘယ်သူလဲ"

"မနော်ယမံက လှဘော်..."

ကျွန်ုပ်လည်း အံ့အားသင့်သွားပါသည်။ လှဘော်ကား သန်မာ သူ မဟုတ်၊ သို့သော် အရက်မူးမူးနှင့် အဖော်အဖြစ် လိုက်ပါသွား ခဲ့သူဖြစ်သည်ဟု နောင် လှဘော်ကို ဖမ်းသောအခါ သိရပါတော့သည်။

ဤကား ကျွန်ုပ်တို့ ပုလိပ်များ၏ အလုပ်ပင် ဖြစ်၏။ ငွေ ၂ ကျပ်ပေး၍ ထီထိုးရသော အလုပ်မျိုးဖြစ်ရာ ပေါက်ချင်ပေါက်၍ မပေါက်ချင်လည်းနေ၏။ သို့သော် ထီထိုးသလို ငွေ ၂ ကျပ်ပေး၍ ထီလက်မှတ်ကို အိတ်ထဲထည့်ကာ ခပ်အေးအေး ပြန်လာရခြင်းမျိုး မဟုတ်ဘဲ၊ မပေါက်ပေါက်အောင် ကြိုးစားရပေသည်။ ရှေ့ပြား တပ် ထားသော ကြိုးတစ်ချောင်းကို ရှုပ်ထွေးနေသော ကြိုးပုံထဲမှ ရှင်းလင်း၍ ထုတ်ယူရသော အလုပ် ဖြစ်၏။

ဤအမှု၌ တရားခံအစစ်ပေါ်လာသဖြင့်သာ ကိုချစ်တီး လွတ် သွားရ၏။ မပေါ်လာလျှင်ကား ကျွန်ုပ်တို့ ဆက်စပ်ထားသော အကြောင်းပြချက်များကို အဘယ်ရှေ့နေဝတ်လုံမှ ချေပကန့်ကွက်နိုင် မည်မဟုတ်ပေ။ တရားခံအစစ်ကို မမိသော်လည်း အနီးစပ်ဆုံး စခန်းသို့

ကား ကျွန်ုပ်တို့ နှာခေါင်းများ ရောက်သွားရပေသည်။ ကျွန်ုပ်တို့ အတွေးအခေါ် အယူအဆကား တက်တက်စင် မှားယွင်းသွားသည်ဟု မဆိုနိုင်။

အကယ်၍သာ ကျွန်ုပ်တို့က "ချစ်တီး" ကို သက်သေမကင်း မဖြစ်ဘဲ အနံ့ခံလွဲနေမည်ဆိုပါက ဤချစ်တီး၏ သား 'ငပါခေါ် မာတင်' ကိုလည်း ဖမ်းဆီးရမိနိုင်ဖွယ်ရာ အကြောင်းလုံးဝမရှိပေ။ ချစ်တီးသည် မာတင်၏ ဖခင် မဟုတ်ဘဲ အခြားသူ တစ်ယောက် ဖြစ်မည်ဆိုလျှင်လည်း မာတင်သည် သူ့အတွက်ရော လှဘော်ကိုပါ ဖော်ချင်မှဖော်ပေလိမ့်မည်။

တစ်ဖန် 'ပေါက်စီ' ၏ထွက်ချက်ကို မရရှိခဲ့လျှင်လည်း မာတင် ပြောသကဲ့သို့ လက်ခံရပြီး အပေါင်းပါ တရားခံ လှဘော်ကို ကျွန်ုပ်တို့ မေးချင်မှ မေးမိပေလိမ့်မည်။ ဤကား တစ်ခုနှင့်တစ်ခု၊ တစ်ကြောင်းနှင့် တစ်ကြောင်း၊ တစ်ချက်နှင့်တစ်ချက် အမှီသဟဲပြုနေ သောကြောင့် အဘယ်မျှ စိတ်ရှည်ရသည်၊ ခေါင်းအေးရသည်၊ အတွေး နက်ရသည်များကို ဖော်ပြခြင်းပင် ဖြစ်သတည်း။

ရှုမဝမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၅၂။

❐



နေပူရှာ လူသတ်မှု
ကလေးတို့အဖေ
လာလော့ ရဲဘော်
မုံ့မဟုတ်ပါ
မနော်ယမံ လူသတ်မှု

SHS0019
1,700.00 KS